"စာအုပ်ရှာ"pageမှစာပေဒါနပြုပါသည်



# မာန်ငွယ်ဖွေးဖွေး

## (မုဆိုးမှတ်တမ်း)

ဗိုလ်တာရာ ( ရဲဘော်သုံးကျိပ် )

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


## ငြိမ်းချမ်းစာအုပ်တိုက်

အမှတ် - ၅၊ ၆၊ ၇ ပြည်ထောင်စုလမ်း
၆၄-ရပ်ကွက်၊ စက်မှုဇုန် (၃)။ မြို့နယ် သမရှေ့၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၀၁၄၅၊ ၇၀၀၆၀၂

**စီစဉ်သူ**

ဆက်ထွန်းလင်း (စက်မှုတက္ကသိုလ်)

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၈၉၂၀၆၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၁၆၇၀၆၀၉

**အတွင်းပုံနှိပ်သူ**

စန္ဒာဝင်းပုံနှိပ်တိုက်၊ ဦးစံလှမောင် (မြ-၀၈၇၀၉)

၂၀၉၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးပုံနှိပ်သူ**

ကဝိရတနာပုံနှိပ်တိုက်၊ ဦးမောင်မောင်လွင် (မြ-၀၂၃၅၀)

၂၀၄၊ လမ်း ၃၀၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင့်လွင် (သော်က)

အမှတ် ၆၀၅၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာ။

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ ၅၀၀

**တန်ဖိုး**

# မိုးထဲလေထဲဆွေးနွေးပွဲ

မိုးပေါက်တွေ ဖြိုင်ဖြိုင်ကျနေတော့သည်။

ကိုးရက်လုံးကလည်း မှောင်ရီလျက် အကြီးအကျယ် မိုးရော လေပါဆင်မည့် နိမိတ်လက္ခဏာကို ဆောင်နေခြင်းသာ ဖြစ်ပါသည်။

နယုန်လဆန်းလျှင်ဆန်းခြင်း စတင်ကာသုံးလေးကြိမ် သဲသဲမဲမဲ ရွာချသော မိုးဒဏ်ကြောင့် ချောင်းတွေ၊ ကန်တွေ၊ မြောင်းတွေ၌ ရေအဖွေးသားမို့လာခဲ့သည်။ ထို့ထက် ခုနစ်ရက်တစ်ပတ် ဆက်တိုက် ရွာချလိုက်သည့် ဒုတိယမိုး၏နိဂုံးတွင် ပျဉ်းမနားအနောက်ဘက်ရှိ မြင့်မြင့်ထီးထီး စင်းစင်းမားမားကြီးရှိနေသော ပဲခူးရိုးမတောင်ခြေကို အခြေပြု အမှီသဟဲပြုကာ ချောင်းဖျားခံလာသော အမိကရ ငါးလိုက်ချောင်း၊ ဆင်သေချောင်း၊ ပလွေချောင်းကြီးတွေသည် ရေအားရော၊ သစ်လုံးတွေနှင့်တကွ အမှိုက်တွေ၊ ဒိုက်တွေပါ အလုံးအရင်းနှင့် တချိုးတည်းလိမ့်၍ ကျဆင်းလာပါတော့သည်။

ကျွန်တော့်အဖို့လည်း နွေမင်း၏ဒဏ်ခတ်ခဲ့ရာ အပူရှိန်၏ သူ့လက်ရာလက်ချက်ဖြစ်သည့် မိတ်ဖုတွေပေါက်ရောက်ခြင်း၊ ပူစပ်ပူလောင်နေရခြင်း စသည့် ရာသီလိုက်ခံစားမှုဝဋ်တွေမှ ကျွတ်စပြုသည်ကြောင့် အကြီးအကျယ် ဝမ်းသာနေမိသည်။ ကျွန်တော်တစ်ဦးတည်းသာမက နံနက်အစောပိုင်းနှင့် ညနေခင်းပိုင်းရောက်သော ခရီးသွားလာနိုင်လျက်၊ နံနက် ဆယ်နာရီမှ ညနေ လေးနာရီလောက်အထိ ခြစ်ခြစ်တောက်ပူနေသည့် နေပူချိန်ထဲတွင် မည်သူမျှခရီးရှည်မထွက်နိုင်အောင် ပူလောင်ခဲ့သည်။ နွေရာသီနေရှိန်ဒဏ်ကို ကြောက်နေကြရရှာသော ဆင်းရဲသား တောသူတောင်သားများအဖို့ မည်မျှဝမ်းသာဝမ်းမြောက်ကြပေမည်မှာ အကျယ်ဖွဲ့နွဲ့ ရေးသားစရာမလိုအောင် သိရှိကြပေလိမ့်မည်။

စိမ်းရာမှ ညို၊ ညိုရာမှ ခြောက်သွေ့ကာ ရင့်ရော်နေသော သစ်ပင်ဝါးပင်တို့သည် မိုးခြိမ်းသံကြားရပြီး မိုးနံ့ကလေးတွေ ရရှိကတည်းက ရွှန်းရွှန်းလန်းလန်းဖြစ်ခဲ့အပြီး၊ မိုးရေရွဲရွဲ ဖြိုင်ဖြိုင်သောက်ရသည်နှင့် တစ်ပြိုင်နက်တည်း သဘာဝ၏အလှကို အသစ်တစ်ဖန် ဂုဏ်ပြုရန်အတွက် ရော်ရွက်ဝါမှ မြရောင်နုစ်နုစ် ပရစ်ဖူးကလေးတွေအသွင်ဖြင့် ကမ္ဘာ့မိခင်ရှေ့မှောက်၌ အခစားရောက်ခဲ့ကြပေပြီ။

ကျွန်တော်သည် စစ်သုံးမိုးကာအကျီရှည်ကြီးကို ဝတ်၍ သက်ဆိုင်ရာတာဝန်ခံများနှင့် မိုးရွာချိန်တွင် ပျဉ်းမနားမြို့၏ အနောက်ဘက် ရန်ကုန်-မန္တလေးသွားရာ အမိကအရေးကြီးလှသည့် လှည်းကူးကားကူးတံတားကြီးပေါ်မှ တဝေါဝေါစီးဆင်းနေသော ငါးလိုက်ချောင်းရေပြင်ကို ကြည့်ရှုစစ်ဆေးနေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်ကဲ့သို့ပင် ကျွန်တော်၏ဝဲယာ သံလုံးလက်တန်းများပေါ်၌မှီ၍ အနောက်ဘက်သို့ မျက်နှာမူကာ တဝေါဝေါစီးဆင်းနေသည့်





ချောင်းရေပြင်ကို ဂရုတစိုက်ကြည့်နေကြသည့် တာဝန်ခံပုဂ္ဂိုလ်ကြီးများအဖို့၌လည်း အမျိုးမျိုးထင်မြင်ချက်များ ချမှတ်နေကြပါသည်။

ကျွန်တော်တို့ ဗမာ့တပ်မတော်ဘက် တာဝန်ခံများနှင့် ဂျပန်စစ်တပ်တာဝန်ခံ ပုဂ္ဂိုလ်ကြီးများသည် အဘယ်ကြောင့် ဤသို့ မိုးရေလေရော အကြီးအကျယ်သွန်ချနေသည့် အချိန်အခါမျိုး၌ ကလေးသူငယ်တွေလို မိုးရွာထဲ၌ လျှောက်၍ဆော့ရန်အတွက် ငါးလိုက်ချောင်းတံတားကြီးပေါ်မှ အစီအရီ လက်တန်းတွေကိုမှီကာ ငါးလိုက်ချောင်းရေပြင်ကို အရေးတကြီး ကြည့်ရှုနေကြပါသနည်း။

တဝေါဝေါစီးဆင်းနေသော အစီးကြမ်းသည့် ငါးလိုက်ချောင်းရေပြင်ကြီးထဲမှ မြုပ်ချီတစ်လှည့်၊ ပေါ်ချီတစ်ခါ၊ ကျွမ်းထိုးမှောက်ခုံတစ်ဖုံ တန်းစီ၍ ရေပေါ်၌တစ်မျိုး မျော၍ပါလာကြသည့် မြန်မာ့ရတနာတစ်မျိုးအပါအဝင် ကျွန်းသစ်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ အောင်လံ၊ ပိတောက် အစရှိသည့် တောသစ်တွေသည် ကျွန်တော်တို့ရပ်ကြည့်နေကြရာ တံတားကြီးအောက်မှ အလျှိုအလျှို မျောကာပါလာဖြင့် တစ်ဆိပ်ကမ်းမှ တစ်ဆိပ်ကမ်းသို့ တစ်ဆင့်စီ ပါသွားကြပါသည်။ ငါးလိုက်ချောင်းနှင့် ဆင်သေချောင်းတို့စုပေါင်းကြမည့် ချောင်းအဝတွင် အသက်စွန့်ကာ အခကြေးငွေယူလျက် အသင့်စောင့်နေကြသည့် သစ်ဆယ်သမားတွေက ဆီး၍ သစ်တုံးများကို ဆယ်ယူကြလိမ့်မည်။ သစ်တွေကို သူ့အတန်းစားနှင့်သူ ခွဲခြားကာ သန့်သန့်တွဲစီကာနှောင်ကာဖြင့် သစ်ဖောင်ဖွဲ့ကြလိမ့်မည်။ ထိုမှ ဆင်သေမြစ် သို့မဟုတ် စစ်တောင်းမြစ်၏လက်တက် မြစ်တစ်မြစ်ထဲသို့ ဖွဲ့စီးပြီးသား သစ်မတွေကို ဖောင်အဖြစ်မျှော၍ ရေလမ်းခရီးမှ ရန်ကုန်ဆိပ်ကမ်းအရောက် အဖိုးတန် ရတနာကျွန်းသစ်တွေမှစ၍ တောသစ်တွေအဆုံး ပို့ကြလိမ့်မည်။ ရန်ကုန်ဆိပ်ကမ်း၌ အစိုးရကိုယ်တိုင်ဖြစ်စေ၊ တစ်ဆင့်ခံ သစ်ကိုယ်စားလှယ်တွေလက်ထဲ၌ ဤ

သစ်တွေရောက်ပြီးနောက် မြန်မာ့တွင်းထွက်ပစ္စည်းများအနက် ငွေလုံး ငွေရင်းတွေ များစွာရရှိစေသည်။ ကျွန်းသစ်၊ တောသစ်တွေက ငွေတုံး ငွေခဲကြီးတွေအဖြစ် 'ရုပ်' ပြောင်းလွဲ၍လာကြပေလိမ့်မည်။

တစ်ကြိမ်တစ်ခါကလည်း ဤအဖိုးတန် ကျွန်းသစ်တွေကို နယ်ချဲ့သမားဗြိတိသျှတို့သည် အကြီးအကျယ် မျက်စိကျကာ အင်အား ချို့တဲ့လှသော မြန်မာနောက်ဆုံးဘုရင် သီပေါမင်းကို အမျိုးမျိုးအပြစ်ရှာကာ တတိယအကြိမ် နောက်ဆုံး အင်္ဂလိပ်-မြန်မာ စစ်ကြေညာ၍ မြန်မာတစ်ပြည်လုံးကို ယူနီယံဂျက် အလံလွှင့်ကာ ထာဝစဉ်ကျွန်အဖြစ် အသိမ်းခံခဲ့ရသော အတိတ်က ဖြစ်ရပ်သည်လည်း ကျွန်တော်၏တစိုက်စိုက် ငေးလိုက်ချောင်းမြေပြင်ကို ကြည့်ကာ စဉ်းစားနေရာမှ တရိပ်ရိပ်ပြန်လည်ထင်မြင်လာမိပါသည်။

ရာဇဝင်များသည် တစ်ပတ်လည်တစ်ခေါက်ပြန်တတ်သည် ဟုသော ရာဇဝင်ဆရာကြီးများ နိုင်ငံရေးသမားကြီး၏ ဥဒါန်းက မှန်စ ပြုလာပါပြီ။ ကျွန်တော်သည် အဓိပ္ပာယ်မဲ့ ဝန်ခံနေခြင်းမဟုတ်ပါ၊ နိုင်လုံသော ခုလက်ငင်းအကြောင်းတွေရှိနေ၍ ရင်ဆိုင်နေရ၍ ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ညာဘက်မှ သံလုံးလက်တန်းကို အားရပါးရ တပ်၍မှီရင်း တဟောဟောစီးဆင်းနေသော ငေးလိုက်ချောင်းထဲမှ သစ်လုံးတွေကို အငမ်းမရမျက်လုံးကြီးတွေနှင့် ကြည့်နေသော နိပ္ပွန် မြန်မာ သစ်လုပ်ငန်း၊ ဒုတိယမန်နေဂျာချုပ် မစ္စတာနိုမူရသည်လည်း ကောင်း၊ မှတ်စုစာအုပ်ကလေးပေါ်၌ သူတွေ့မြင်သမျှ စီးဆင်းနေသော ရေကြောင်း၌ မျောပါလာသည့် သစ်တုံးတွေကို ရေးမှတ်နေသည့် နိပ္ပွန် မြန်မာ သစ်လုပ်ငန်း၊ ပျဉ်းမနားခရိုင် မန်နေဂျာ မစ္စတာနီတိုးသည် လည်းကောင်း၊ သူတို့သည် ဂျပန်စစ်တပ်ကြီးနောက်မှ စာရင်းစာအုပ်





ထူထူကြီးတွေကို ချိုင်းညှပ်၍ မြန်မာမြေပေါ်က အရသာကောင်းတွေ၊ ရတနာတွေနှင့်တကွ အဖိုးတန်သစ်တောပစ္စည်းများ၊ ကျွန်းသစ်၊ တောသစ်တွေအားလုံးကို အမြတ်ထုတ်ရန်လိုက်ပါလာသော နိပ္ပွန် အစိုးရ၏ စီးပွားရေးအာဏာပိုင်များပင် မဟုတ်ပါလော။ ဗြိတိသျှနယ်ချဲ့ သမား၊ နောက် ဂျပန်နယ်ချဲ့သမားသည် ဘောင်းဘီစုတ်စုတ်၊ အကျီ အဖာအထေးများနှင့် လက်တစ်ဖက်က ဖက်ဆစ်ဝါဒနှင့် လက်တစ်ဖက်က လက်နက်တွေကိုင်ကာ နေရာဝင်၍ယူခြင်း (ဝါ) ပခုံးပြောင်းလိုက်ခြင်း သာ ဖြစ်သည်။

ထိုမှတစ်ဆင့် မစ္စတာနိုမူရ၏တောင်ဘက်၌ ဂျပန်စစ်ဘက် အဝတ်အစားဖြင့်ရပ်နေသူ မေဂျာနာဂူစုကလည်း အမေရိကန်တက္ကသိုလ် ကြီးတစ်ကျောင်းမှ သတ္တုတွင်းလုပ်ငန်းပညာကို ဂုဏ်ထူးနှင့်အောင်မြင် ခဲ့သော ပုဂ္ဂိုလ်အဖြစ်မှ ဒုတိယကမ္ဘာစစ်ကြီးအဖြစ်တွင် သတ္တုပစ္စည်းများ စုဆောင်းရှာဖွေရန် (ဝါ) ကုပ်သွေးစုတ်နိုင်ရန်အတွက် "ဗိုလ်မှူး" ရာထူး အဆင့်အတန်းပေးအပ်၍ ကျွန်တော်တို့မြန်မာပြည်တွင်းသို့ စေလွှတ် ခဲ့သူ ဖြစ်သည်။ ဗိုလ်မှူးနာဂူစုသည် နိပ္ပွန်မြန်မာသစ်လုပ်ငန်း မန်နေဂျာ ကြီး မစ္စတာ နိုမူရနှင့်အတူ အထူးတာဝန်အရ ကျွန်းသစ်၊ မဟာသစ်နှင့် တကွ သတ္တုလုပ်ငန်း၌ နာမည်ထွက်နေသော ပျဉ်းမနားသို့ ရောက်ရှိ လာခဲ့ခြင်းသာ ဖြစ်ပေသည်။

ပျဉ်းမနားသစ်လုပ်ငန်းမန်နေဂျာ မစ္စတာနီတိုးသည် ခေါင်းကို ခါရမ်းနေရင်း စာရင်းတွေ ရေးမှတ်နေပါသည်။ သူ၌ တစ်စုံတစ်ခု မကျေနပ်စရာတွေရှိနေကြောင်းကို သူ၏အမူအရာကို တွေ့ရခြင်းဖြင့် သိသာနေပါသည်။

"သစ်တွေ အကျအားကြီးနည်းနေပါတယ် နိုမူရစံ၊ ကျွန်တော် တွက်ထားတဲ့အတိုင်းဆိုရင် တစ်နေ့ကို အနည်းဆုံး ကျွန်းသစ်ရော၊

တောသစ်ရော အလုံးတစ်တောင်ခန့် တန်ချိန် ခြောက်တောင်လောက်ကျဖို့လမ်းရှိပါတယ်၊ ဒါပေမယ့် ခုတွေ့နေရတာက သစ်တွေ အကျကျဖို့လမ်းရှိပါတယ်၊ ဒါပေမယ့် ခုတွေ့နေရတာက သစ်တွေ အကျနည်းရုံမကဘူး၊ တစ်နေ့မှ သစ်လုံး နှစ်ရာတောင်မကျလာတော့ စိတ်မကောင်းစရာပဲ မန်နေဂျာကြီးခင်ဗျား"

"ကျုပ်လဲ ကြည့်နေပါတယ် နီတိုးစံ၊ ခင်ဗျားတို့စာရင်းအတွက်လွဲတာတော့ မဟုတ်ပါဘူးနော်၊ သစ်တွေ အကျနည်းတာဟာ တစ်ခုခုကြောင့်ပဲ ဖြစ်မယ်၊ ချောင်းအနားက ရွာသားတွေကများ လမ်းတစ်ဝက်က ဖြတ်ပြီး ယူကြသလားဗျာ၊ ခက်တာက စာရင်းအရ အချိန်မီ ရန်ကုန်ကို ရောက်ရမယ့်သစ်တွေ မရောက်ရင် ကျုပ်တို့ ခေါင်းမီးတောက်မယ်၊ နီတိုးစံ သိတဲ့အတိုင်းပဲ၊ ကျုပ်တို့နိုင်ငံရေတပ်မတော်ကြီး အမြန်ဆုံးတည်ဆောက်ဖို့ဟာ ဟောဒီကလာမယ့် ကျွန်းသစ်တွေပေါ်မှာ တည်နေတယ်ဗျ"

ကျွန်တော်သည် အရေးထဲတွင် ကျွန်တော် တာဝန်ယူထားရသော ပျဉ်းမနားခရိုင်တွင်းမှ ရွာသားတွေ ဒုက္ခအချောင်ဖြစ်ရမည့် မစ္စတာနီမူရ၏ရွာသားတွေ ကြားကဖြတ်ပြီး နိုးယူကြသလားဟူသော စပ်ဟားပုံးကြောင့် မဖြေရှင်းရမည့် တာဝန်အရ ဆုတ်မဆိုင်းပင် . . .

"မစ္စတာနီမူရခင်ဗျာ . . . တစ်ဆိတ်ပြောပါရစေ၊ ချောင်းထဲမျောလာတဲ့ သစ်တွေကို ကျွန်တော့်နယ်က ရွာသားတွေ မယူရဲကြပါဘူး၊ သက်ဆိုင်ရာသူကြီးတွေရော၊ ရဲဌာနတွေကိုပါ အကြောင်းစုံပြောကြားထားပြီမို့ ဒီလိုတော့ အထင်မရှိဖို့ တောင်းပန်ပါရစေခင်ဗျာ"

မစ္စတာနီမူရသည် ကျွန်တော်၏ရှင်းလင်းချက်ကို အားနာပုံဖြင့် နားထောင်ကာ အဆုံးတွင် . . .

"ကျွန်တော့်အနေနဲ့တော့ ဗိုလ်မှူးကြီးနယ်မြေက မြန်မာလူမျိုးတွေ ကျွန်းသစ်တွေ ကြားကဖြတ်ပြီး ယူတယ်လို့ အတိအကျမစွပ်စွဲ





ပါဘူးခင်ဗျာ၊ ခက်တာက ချောင်းရေအကျမှ အလိုက်သင့်မျောနိုင်ဖို့ ချောင်းကမ်းပါးတစ်လျှောက်မှာ ဆင်အားတွေ၊ လူအားတွေနဲ့ ငွေကြေးအကုန်အကျခံပြီး ချထားတဲ့သစ်တွေ၊ ခုမြင်တဲ့အတိုင်းပဲ ကမ်းလုံးအပြည့်ရေတွေစီးကျလာပြီ၊ သစ်တွေက ကျသင့်သလောက်မပြောနဲ့၊ သုံးပုံတစ်ပုံတောင် မကျလာတော့ ကျွန်တော်တို့အနေနဲ့လဲ ထင်မိထင်ရာ ထင်ခဲ့မိလို့ပါ၊ ကောင်းပါပြီလေ . . . ဒီကိစ္စဟာ ဘယ်လိုအကျိုးအကြောင်းလဲဆိုတာ မကြာခင် ကွဲကွဲပြားပြားသိရမှာပဲ၊ ကျွန်တော်တို့ကိုယ်တိုင်ချောင်းရိုးအတိုင်းတက်ပြီး၊ သစ်ချဆိပ်တွေမှာ လိုက်စစ်ကြည့်ရင် အမှန်အတိုင်းပေါ်လာမှာပဲ"

ဤတွင် မေဂျာနာရူးသည် . . .

"တစ်ဆိတ် ကျွန်တော့်ထင်မြင်ချက်ကို အစီရင်ခံပါရစေ၊ လူကြီးမင်းတို့ တွေးထင်ကြသလို ကျွန်တော့်အနေနဲ့လဲ တစ်မျိုးစဉ်းစားမိပါတယ်၊ ချောင်းရေက အကျကြမ်းတော့ ရေစီးသန်တာရယ်၊ ပြီးတော့ချောင်းကမ်းတွေက တန်းတန်းမဟုတ်ဘဲ ကွေ့ကွေ့ကောက်ကောက်တွေ့ရပြန်တော့ ရေစီးအကျသန်တဲ့အတွက် ကျွန်းသစ်တွေဟာ ရေစီးကြောင်း တန်းတန်းကျမလာဘဲ ကမ်းပေါ်တင်နေမှာရော မဖြစ်နိုင်ဘူးလား ခင်ဗျာ"

"ဒါလဲဖြစ်နိုင်ပါတယ် ဗိုလ်မှူးနာရူး၊ ဒီထက် အမှန်ဆုံးသိကြရအောင်ဟာ ကျွန်တော်တို့ ရက်ပိုင်းအတွင်းမှာ ချောင်းအတိုင်းချောင်းဖျား အဆုံးအထိ ချီတက်ပြီး စစ်ဆေးကြရင် ပိုမိုကောင်းမွန်ပါလိမ့်မယ်"

ခရိုင်မန်နေဂျာနီတိုးက အကြံဉာဏ်ပေးလိုက်သည်တွင် . . .

"နောက်ဆုံး ဒီလမ်းစဉ်ပဲရှိတော့တာကိုး၊ မှန်တယ် နီတိုးစံ၊ ကျုပ်တို့ ချီတက်ရေးလုပ်ငန်းတွေ ဆက်ပြီးတိုင်ပင်ကြတာပေါ့ဗျာ၊ အရေး

အကြီးဆုံး တာဝန်ခံပုဂ္ဂိုလ်က ယောဒိက ဗိုလ်မှူးကြီးတာရာပါပဲ၊ သူ့ရဲ့ ဒေသနယ်မြေကလဲ ဖြစ်နေပြန်၊ တောတောင်ဒေသတွေမှာ ကျွမ်းကျင်မှုနဲ့ တောတွင်းအန္တရာယ်တွေကို ကာကွယ်ပေးနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကြီးဆိုတာ ကျုပ်တို့ နိပ္ပွန်စစ်ဘက် အုပ်ချုပ်ရေးဘက်က ကောင်းကောင်းကြီး အသိအမှတ်ပြုထားရတဲ့ပုဂ္ဂိုလ်မို့ ဗိုလ်မှူးကြီး မလိုက်ပါဘဲနေလို့မဖြစ်ဘူး၊ ဒါတော့ အနူးအညွတ်တောင်းပန်ပါရစေ"

နိုမူရစ်က တောင်းပန်လိုက်ပါသည်။

ကျွန်တော့်အဖို့ ဂျပန်တက်ခါစက ဂျပန်တွေ နိုင်းတိုင်း၊ အုန်းပင်တက်ခိုင်းတိုင်း ကြောက်အားလန့်အားနှင့် အုန်းပင်တက်ပေးခဲ့ရသူအား ဂျပန်တွေက စာတစ်စောင် ပေးခဲ့လေသည်။ အုန်းပင်တက်သူက မိမိအား အခြားဂျပန်စစ်သားတွေ မခိုင်းနိုင်အောင် အမိန့်စာ ပေးခဲ့သည်အထင်နှင့် နောက်ထပ်ဆိုက်ရောက်လာသော ဂျပန်စစ်သားတွေက သူ့ကို ခိုင်းစေတိုင်း အကာအကွယ်သဘောဖြင့် သူတို့ပေးအပ်ခဲ့သည့် ဂျပန်စာရွက်ကို ပြသသည်။ ဂျပန်စစ်သားတွေက စာကိုဖတ်ကြည့်လိုက်ပြီး သူ့အား အုန်းပင်ပေါ် လက်ညှိုးညွှန်ထိုးကာ အတင်းအတက်ခိုင်းပြန်တော့သည်။ ဤတွင် အုန်းပင်ပိုင်ရှင် ထိုဆရာအား ဂျပန်တွေ ရေးပေးခဲ့သောစာသည် "ဤသူသည် အုန်းပင်တက်ကောင်းသည်" ဟူသောစာ ဖြစ်နေမှန်းသိရ၍ မိမိအား ထာဝစဉ်ကျောက်ချခဲ့သည့် စာရွက်ကို ဖျက်ဆီးပစ်လိုက်ရသော ဟူ၏။ ယခုလည်း ကျွန်တော်သည် အုန်းပင်တက်ဆရာ၏ ဇာတ်လမ်းအတိုင်း ကြုံကြိုက်နေရသည်က ရယ်လည်းရယ်ချင်၊ စိတ်ကလည်းမကောင်း ဖြစ်နေမိသည်။ သေနစ်ပစ်တည့်ခြင်း၊ တောကျွမ်းခြင်း၊ သားရဲကြီးများကို ပစ်ခတ်ဘူးခြင်း စသည့် မှုဆိုးဟူသော ဝိသေသဂုဏ်ထူးသည် ကျွန်တော့်အား လှလှပပကြီး ဒုက္ခပေးနေခြင်းသာ ဖြစ်စေ၏။





ကျွန်တော်သည် သူတို့အဖွဲ့နှင့် မလိုက်ပါခဲ့ပါလျှင် နှိုးအဲ့သော တောသူတောင်သားတွေကို ဂျပန်တွေက သစ်တွေကိစ္စနှင့်ပတ်သက်၍ အပြစ်ရှာ ညှဉ်းပန်းနေမည့်အရေးကို စဉ်းစားမိသောကြောင့် ကျွန်တော်သည် စိတ်မပါဘဲ လူထုအပေါ် ကျရောက်မည့် ဘေးယာရေးကြောင့် မစ္စတာနိုမူရစ်သို့ ကျွန်တော် လိုက်ပါမည်ဟု ကတိပေးလိုက်ရပါသည်။

❖

## တာဝန်ခွဲဝေကြခြင်း

ပြာခြွေရန်ထားသော သတ္တုခွက်ကလေးထဲမှ တစ်ပိုင်းတစ်စနှင့် စီးကရက်တိုများဆီက မီးခိုးများသည် အစီအရီနှင့် ရစ်ကာခွေကာ အပေါ်သို့ ဖွံ့၍တက်နေလေသည်။

"ကျွန်တော်တို့ဘက်က လိုအပ်တဲ့ ဆေးဝါး၊ ကြေးနန်းဆက်သွယ်ရေး၊ ရိက္ခာအတွက် တာဝန်ယူပါတယ်"

မန်နေဂျာကြီး နိုမူရစ်သည် မှတ်တမ်းစာအုပ်တွင် ရေးလိုက်ပြီး တာဝန်ယူလိုက်သည်။

"လုံခြုံရေးအတွက် နိပ္ပွန်စစ်ဘက်က တပ်စုနှစ်စုလောက် ခေါ်ခဲ့ရင် မကောင်းဘူးလား"

"ဗိုလ်မှူး . . . ကျုပ်တို့နှစ်လုံးပြူးရိုင်ဖယ်ကြီးတွေရော၊ မော်စင်ရိုင်ဖယ်ကြီးတွေပါ ယူခဲ့ကြမှ တော်မယ်"

မေဂျာနာဂစူးက အကြံပေးလိုက်ရာတွင် ကျွန်တော့်အနေနှင့် ဂျပန်စစ်သားတွေကို လုံးလုံးမခေါ်လိုပါ။ ထုံးစံအတိုင်း သူတို့ ရောက်လေရာဒေသတို့၌ ကြက်ဆွဲ၊ အရက်တောင်းရုံမက မြန်မာအမျိုးသမီး

များကိုပင် ခြေတော်တင်ချင်သော လက်တွေ့လုပ်ငန်းတွေကြောင့် ကျွန်တော်က ဂျပန်စစ်သားများ လိုက်ပါလာရေးအတွက် မလိုလားမိပါ။

"သွားရမယ့်ခရီးလမ်းက အလွန်ခက်ခဲတယ်၊ လူများလေလေ ရိက္ခာပြဿနာ ကြီးလေလေဖြစ်ပါလိမ့်မယ်၊ ပြီးတော့ ဒီဘက်နယ်မှာ ဗိုလ်မှူးကြီးတာရာ လိုက်ပါလာရင် လုံခြုံရေးအတွက် ပြည့်စုံပါတယ်၊ နောက် တကယ်လို့လိုရင် ကြေးနန်းနဲ့ ခေါ်ယူနိုင်သားပဲခင်ဗျာ"

ဖျှင်းမနားခရိုင်မန်နေဂျာ နီတိုးသည် နယ်နှင့်ဒေသအခြေအနေကို တီးမိခေါက်မိသူပီပီ ထ၍ အကြံဉာဏ်ပေးလိုက်သည်တွင် အားလုံးက သဘောတူညီကြလေသည်။

"ဒီဘက်မယ့်အစီအစဉ်နဲ့ ခရီးကြမ်းလမ်းပန်းအခြေနေနဲ့ ပစ္စည်းတင်ဖို့ကိစ္စအတွက် ဆင်တွေကို ဗိုလ်မှူးတာရာ တာဝန်ယူဖို့ အကြံပေးပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ဘယ်နှစ်ရက်အတွင်း ရိက္ခာတွေ၊ ဆေးဝါးတွေ ပြည့်စုံပါမလဲခင်ဗျာ၊ ကျွန်တော်တို့အဖွဲ့က အကြမ်းဖျင်းလျှာထိုးရေတွက်ကြည့်ရင် ကျွန်တော့်တပ်ရင်းကချည်း မပါရင် မဖြစ်တဲ့ ရဲဘော်တွေရောဆိုရင် ဆယ့်ငါးယောက် ပါမယ်၊ နီမူရစံတို့အဖွဲ့က ဦးရေဘယ်လောက်ပါသလဲ၊ ပြီးတော့ ဆင်သမားတွေအတွက် ရိက္ခာစာရင်းလဲ ပါရမယ်၊ အလုပ်ကြမ်းလုပ်မယ့် ရွာသား ဆယ်ယောက်လဲ ခေါ်ရပါလိမ့်မယ်"

"ဟုတ်တယ်၊ မှန်တယ် ဗိုလ်မှူးကြီး၊ ကျွန်တော်တို့အဖွဲ့ကတင် နီမူရစံ၊ ကျွန်တော်၊ ဗိုလ်မှူးနာဂစူးနဲ့ သူ့ရဲ့ရုံးအဖွဲ့ ခြောက်ယောက်၊ ကျွန်တော့်ရုံးက ရုံးအုပ်၊ စာရေးကြီးနဲ့ တောလိုက်စာရေး နှစ်ယောက်၊ စုစုပေါင်း ဆယ့်နှစ်ယောက်ပါ။ ကြိုးမဲ့ကြေးနန်းအတွက် ဗိုလ်မှူးနာဂစူး ရုံးအဖွဲ့က တပ်ကြပ်နှစ်ဦးက တာဝန်ယူပါလိမ့်မယ်"





"ဒါဖြင့် ရိက္ခာအခြေအနေနဲ့ လူဦးရေကို အကြမ်းတွက်ရမယ်၊ ပိုပြီးလဲတွက်ရမယ်၊ ရိက္ခာပြတ်ရင် နောက်ပိုင်းဌာနချုပ်ကို ချက်ချင်း ပြန်ယူဖို့ရာ ခရီးအလွန်ဝေးတယ်ခင်ဗျ၊ လူဦးရေ တစ်ရာစား၊ ရိက္ခာ ရက်ပေါင်း လေးဆယ့်ငါးရက်အတွက် လိုပါလိမ့်မယ်ခင်ဗျာ"

မစ္စတာနီမူရသည် သူ၏မှတ်တမ်းစာအုပ်ထဲ၌ ရိက္ခာစာရင်းတွေကို ရေးမှတ်လိုက်ပါသည်။

"ကျွန်တော်တို့လဲ လမ်းခရီးမှာ သားကောင်တွေ ပစ်ခတ်ခွင့်ရအောင် ဗိုလ်မှူးကြီး ဦးဆောင်မှုပေးပါခင်ဗျာ၊ ဂျပန်မှာတော့ ကျွန်တော်ဟာ ဝက်ဝံလောက်ကြီးတဲ့ သားကောင်ကြီးပဲ ပစ်ခတ်ဘူးပါတယ်"

မေဂျာနာဂစူးသည် တောင်းပန်သည်ကြောင့် ကျွန်တော်က သားကောင်ကြီးများ၏အခြေအနေကို အနည်းငယ်စဉ်းစားလိုက်ပြီ . . .

"အပျော်တမ်းအမဲပစ်သမားတွေအနေနဲ့လဲ ပစ်ရပါလိမ့်မယ်၊ ပြီးတော့ ကျွန်တော့်အသက်၊ သူတို့အသက်ရှင်ရေးအတွက် ရေလုပ္ပဲ၊ နေရာလုပ္ပဲတွေအတွက်နဲ့လဲ ပစ်ခတ်စရာရှိပါတယ် ဗိုလ်မှူးနာဂစူး"

"ဝမ်းသာလိုက်တာ ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ ဂျပန်ရိုင်ဖယ်တွေနဲ့ပစ်လို့ စိတ်ချရပါ့မလားခင်ဗျာ၊ ကမ္ဘာမှာရှိကြတဲ့ စစ်ရိုင်ဖယ်တွေထဲမှာ ဂျပန်ရိုင်ဖယ်က ပြောင်းပိုရှည်ပြီး စူးတယ်လို့ ပြောနေကြပါတယ်၊ တစ်ဆိတ် ဗိုလ်မှူးကြီးကိုယ်တွေ့ ရှင်းပြပါခင်ဗျာ"

"သေနတ်တွေအကြောင်း၊ ယမ်းအားချိန်အကြောင်းတော့ ဗိုလ်မှူးနာဂစူးလဲ ကောင်းကောင်းသိနေပြီပဲခင်ဗျာ၊ ကျွန်တော်တို့မြန်မာပြည်မှာရှိတဲ့ သားကောင်ကြီးတွေ၊ တိရစ္ဆာန်ကြီးတွေနဲ့ဆိုရင် စစ်သုံးရိုင်ဖယ်တွေနဲ့ မလုံလောက်၊ စိတ်မချရပါဘူး၊ ကမ္ဘာမှာထွက်တဲ့ စစ်သုံးရိုင်ဖယ်တွေဟာ ဒသမ • ၃၀၀ က • ၃၁၀ ထက် မပိုပါဘူး၊ မကြီးကြပါဘူး၊ မြန်မာပြည်မှာရှိတဲ့ ဆင်တွေ၊ ပြောင်တွေဟာ ဥရောပက နွားမည်

ကြီး အမဲကြီးပစ် နှစ်လုံးပြူးနိုင်ဖယ်ပြောင်းကျယ် ၁သသမ • ၄၅၀ ကျည် အားကို ခံနိုင်စွမ်းရှိတာတွေ တွေ့ရပါတယ်၊ ဒါကြောင့် ဗိုလ်မှူးတို့နိပွန်တပ်မတော်က ပထမအသုံးပြုတဲ့ ခြောက်ဒသမငါး ၆. ၅ မီလီမီတာ နိုင်ဖယ်ဟာ အဝေးပစ်စစ်တိုက်တဲ့နေရာမှာ လူလိုလူချင်းအတွက် ထိမှန်ရင် တဖက်ရန်သူကို စိတ်ချရပေမယ့်၊ ခုလို ဆင်ကြီး၊ ပြောင်ကြီးတွေအတွက် ကျွန်တော့်အနေနဲ့ပြောရရင် အားမရပါဘူး၊ နိပွန်တပ်မတော်က နောက်ဆုံးထုတ်လုပ်တဲ့ ၇. ၇ မီလီမီတာနိုင်ဖယ်ကျတော့ ပထမ စစ်သုံး ၆. ၅ ထက် ပိုမိုပြီး ပြောင်းကျယ်အားရှိသလောက်၊ ယမ်းအားလဲကောင်းလာလို့ ကျွန်တော် ထောက်ခံပါတယ်၊ ဒါပေမယ့် အမဲအလတ်စားမျိုးဖြစ်တဲ့ ဂျီ၊ ဆတ်၊ ဝက်၊ စိုင် လောက်ပဲ သင့်ပါတယ်၊ ဝက်ဝံတို့ ကျားသစ်တို့လဲ မှန်ရင် ကျနိုင်ပါတယ်၊ ဒါပေမယ့် လူကိုရန်မူတတ်တဲ့ ကျားကြီးတွေ၊ ဆင်တွေ၊ ပြောင်တွေကျတော့ နောက်ဆုံးပေါ် နိပွန်တပ်မတော်သုံး ၇. ၇ မီလီမီတာ ပြောင်းကျယ်သေနတ်ဟာ စိတ်မချရပါဘူးခင်ဗျာ"

ဗိုလ်မှူးနာဂူးသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီး-

"မှန်လိုက်လေခင်ဗျာ၊ ဗိုလ်မှူးကြီး သေနတ်လက်နက်ဘက်မှာ အတော်ကျွမ်းကျင်တဲ့ တပ်မှူးတစ်ယောက်ပါပဲလား၊ ဗိုလ်မှူးကြီးရဲ့ ထင်မြင်ချက်တွေကို ကျွန်တော် အားလုံးသဘောကျတိုက်ညီပါတယ် ခင်ဗျာ၊ ခုတင်ကတင် ပြောသွားတဲ့ အမဲပစ်ပြောင်းကျယ်ရိုင်ဖယ်ကြီးတွေ ဗိုလ်မှူးကြီးဆီမှာ ရှိပါသလား၊ ကျွန်တော် အခုန်အတိုင်းဝန်ခံရရင် မမြင်ဘူးပါဘူး၊ ပြောသံသာကြားဘူးပါတယ်၊ ဒါကြောင့် တစ်ဆိတ်လောက် ကြည့်ပါရစေခင်ဗျာ၊ အင်မတန်မှ ကြုံကြိုက်ခဲတဲ့ သေနတ်လက်နက်ဘက်မှာကျွမ်းကျင်တဲ့ တပ်မှူးကြီးဆီမှာရောက်လို့မှ ကျွန်တော့်





အနေနဲ့ အဖိုးတန်ရိုင်ဖယ်ကြီးတွေ မမြင်ခဲ့ရရင် ကျွန်တော် ညံ့ဖျင်းရာရောက်ပါလိမ့်မယ်ခင်ဗျာ"

"စိတ်ချပါ ဗိုလ်မှူးနာဂူး၊ ဒီအမဲကြီးပစ် နိုင်ဖယ်တွေကို တွေ့လဲတွေ့ရပါစေမယ်၊ တွေ့မြင်ရုံမကဘဲ တောထဲဝင်တဲ့အခါမှာ ဗိုလ်မှူးနာဂူးကိုယ်တိုင် ပစ်ခတ်ဖို့အခွင့်ရှိပါတယ်၊ နက်ဖြန် ကျွန်တော့်အိမ်ကို ဆက်ဆက်ကြွပါ၊ ကျွန်တော်တို့ပြင်ဆင်ရင်း လက်နက်ကြီးတွေအကြောင်း ဆွေးနွေးကြရအောင်"

❖

## ချိုလေတဲ့ချိုလေ

ကျွန်တော်၏အခန်းထဲ၌ ဦးဘိုးဟန်ရော၊ ရဲဘော်ကျော်လှိုင်၊ ရဲဘော်မောင်ထွန်း၊ တပ်ကြပ်ကြီးသန်းထွန်း၊ ရဲဘော်မောင်တင်တို့ပါ ပြင်ဆင်စရာများကို ပြင်ဆင်ကာ၊ ခရီးထွက်ရေးအတွက် အလုပ်များစ ပြုနေပါပြီ။ ဗိုလ်မှူးနာဂူးသည် ကျွန်တော်၏ဖိတ်ခေါ် ချက်အရ နံနက်စောစောကပင် ကျွန်တော်၏အိမ်သို့ ရောက်ရှိခဲ့ပြီး၊ ဦးဘိုးဟန်နှင့် ရဲဘော်များကိုယ်တိုင် တိုက်ချွတ်သန့်ရှင်းနေသော အမဲပစ်ရိုင်ဖယ်ကြီးများနှင့် ရိုးရိုးနှစ်လုံးပြူးများကို ဟာအံ့ဩဩနှင့် ကြည့်ရှုနေပါသည်။

ဦးဘိုးဟန်က အကြံဉာဏ်ပေးလိုက်သည်တွင် . . .

"ဘာလို့တုန်းဗျ . . . ဆိုစမ်းပါဦး၊ တင်ရယူရမလေးဘူးလား"

"မိုးကျနေပြီနော်၊ ဒါကြောင့် အောက်ကျဉ်းအမဲကြီးတွေဟာ မိုးခြေကို ပြန်ကပ်ကြလိမ့်မယ်၊ တွေ့ကြရင်လဲ အနားကပ်မိမှ သိကြမှာ၊ ဒါကြောင့် ချက်ပိုင်ပိုင်နဲ့ နှစ်ချက်စီ ဆင့်ဖြုတ်နိုင်တဲ့ နှစ်လုံးပြူးရိုင်ဖယ်ကြီးတွေကို ယူခဲ့ရအောင်"

ကျွန်တော်သည် ခေါင်းညိတ်ပြလိုက်သည်တွင်. ဦးဘိုးဟန်သည် ညာဘက် ရိုင်ဖယ်စင်တန်းမှ နှစ်လုံးပြူးရိုင်ဖယ်ကြီးတွေကို တစ်လက်စီ တစ်လက်စီ ဆွဲ၍ထုတ်ကာ ရဲဘော်ကျော်လှိုင်နှင့် တပ်ကြပ်ကြီး သန်းထွန်းလက်သို့ ပို့အပ်လိုက်ပါသည်။

• ၄၇၀ ဒွိ (လင်အင်ဟူလင်ကုမ္ပဏီလုပ်) နှစ်လုံးပြူးရိုင်ဖယ်ကြီးနှင့် ကျည်ဆန် တစ်ရာ့နှစ်ဆယ်တောင့်။

• ၄၇၅ (မော်ဇာကုမ္ပဏီလုပ်) နှစ်လုံးပြူးရိုင်ဖယ်ကြီးတစ်လက်နှင့် ကျည်ဆန်အမာ ရှစ်ဆယ်၊ ကျည်ဆန်အပျော့ လေးဆယ်။

• ၄၅၀ (ဂစ်(စ်)ကုမ္ပဏီလုပ်) နှစ်လုံးပြူးရိုင်ဖယ်ကြီးတစ်လက်နှင့် ကျည်ဆန် တစ်ရာ။

သီးသန့်နှစ်လုံးပြူးရိုင်ဖယ် လေးလက်ကို အသင့်ပြင်စေ၍ ဆင့်ကာဆင့်ကာ ငါးတောင့်တိတိ ပစ်ခတ်နိုင်သော မဂ္ဂဇင်းရိုင်ဖယ်ကြီးများအနက် . . .

• ၄၀၄ မော်ဇာရိုင်ဖယ်တစ်လက်နှင့် ကျည်ဆန်သံမဏိထိပ်ဖူးတပ် တစ်ရာ့နှစ်ဆယ်နှင့် ကျည်ပျော့ လေးဆယ်။

• ၄၁၆ ရုစ်ဘီးမော်ဇာရိုင်ဖယ်တစ်လက်နှင့် ကျည်မာ ရှစ်ဆယ်၊ ကျည်ပျော့ လေးဆယ်။

• ၄၇၅ (နံပါတ် ၂) ရိုင်ဖယ် (မဂ္ဂဇင်းရိုင်ဖယ်ထဲတွင် ကျည်ဆန်အရှည်ဆုံး အကြီးဆုံး) ရိုင်ဖယ်တစ်လက်နှင့် ကျည်ဆန် တစ်ရာ (ကျည်မာ) နှင့် ကျည်ပျော့ သုံးဆယ်တောင့်။

• ၃၇၅ မက်နမ် (ဟူလင်အင်ဟူလင်ကုမ္ပဏီ)မှ လုပ်သည့် ရိုင်ဖယ်တစ်လက်နှင့် ကျည်မာ တစ်ရာ့လေးဆယ်၊ ကျည်ပျော့ ငါးဆယ်တောင့်။

• ၃၀ သို့မဟုတ် ယခုခေတ်အခေါ် • ၃၀-၀၆ ဝင်ချက်စတာ





ရိုင်ဖယ်တစ်လက်နှင့် ကျည်မာ တစ်ရာ့ငါးဆယ်၊ ကျည်ပျော့ လေးဆယ့်ငါးတောင့်။

• ၄၄ ဝင်ချက်စတာရိုင်ဖယ်တစ်လက် (ဆယ့်တစ်ချက်ထွက်) နှင့် ကျည်ဆန် နှစ်ရာ။

• ၁၂ ဗို ခြောက်လုံးပြူးနှစ်လက်၊ • ၁၂ ဗို ဝင်ချက်စတာ သေနတ် (ကျည်ဆန် ငါးတောင့် ဆက်တိုက်ပစ်နိုင်သည်) တစ်လက်၊ စုစုပေါင်း သုံးလက်အတွက် ကျည်ဆန် လေးရာ၊ • ၂၂ ဗို ရိုင်ဖယ် နှစ်လက်နှင့် ကျည်ဆန် သုံးရာ့ငါးဆယ်။

• ၃၀၃ စစ်သုံး အင်္ဂလိပ်ရိုင်ဖယ် (အင်ဖီ) ခြောက်လက်နှင့် ကျည်ဆန် ရှစ်ရာ စသည်တို့ကို အသီးသီးရွေးချယ်၍ တစ်နေရာတွင် အသင့်စုပုံထားစေပါသည်။

ညဉ့်ကြည့်မီးအိမ် ခေါင်းစီးမီး လေးလုံး၊ အောက်လင်းဓာတ်မီး သုံးလုံး၊ လက်ဆွဲမှန်အိမ် ခြောက်လုံး၊ လက်နှိပ်ဓာတ်မီး ဓာတ်ခဲငါးတောင့်ထိုး ခြောက်လက်နှင့် နှစ်တောင့်ထိုး သုံးလက်။

အထူးသဖြင့် မိုးလုံလေလုံ၍ စိတ်ချရသော မိုးကာတဲကြီးဆယ့်နှစ်လုံးကိုပါ တပ်ထောက်ဗိုလ်ကြီးဆီမှ အသင့်ရှိစေရန် စီစဉ်နိုင်းလိုက်ရပါသည်။ မိုးကာတဲတစ်တဲလျှင် လူဆယ့်နှစ်ယောက် အိပ်နိုင်လေသည်။ ထမင်းချက်တဲ၊ ရိက္ခာတဲ၊ မီးဖိုချောင်၊ ရုံးတဲ၊ အလုပ်သမားအတွက် အဖက်ဖက်က ပြည့်စုံရအောင် မိုးကာတဲများကို အရန်သင့်ယူခဲ့စေသည်။

ရိက္ခာနှင့် ပစ္စည်းများ တင်ဆောင်ရန်နှင့် တချို့တာဝန်ခံများ စီးနင်းလိုက်ပါနိုင်ရန်အတွက် ကိုကျော်အေး (ဆင်အုပ်)၊ ဦးမင်းဖေ (ဆင်အုပ်)၊ ဦးဘားကြီး (ဆင်အုပ်) များကို အဆင်သင့်အပြင်ခိုင်းလိုက်ပြီး၊ ဆင်ဦးရေစာရင်း တွက်ချက်ကြည့်ရာ၌ ဝန်တင်ဆင် သုံးဆယ့်

နှစ်ကောင်၊ စီးဆင် ဆယ်ကောင် ရရှိသည်ကြောင့် မိုးတွင်းပင်ဖြစ်စေကာမူ သယ်ယူပို့ဆောင်ရေးအတွက် ဆင်အင်အား လုံလောက်နေသည်ကြောင့် စိတ်မပူရတော့ပါ။ ကျွန်တော်တို့သာ ဦးဆောင်ခဲ့လျှင် သေလမ်းပင်သွားရစေကာမူ ဝဝဖြိုးဖြိုး၊ ပျော်ပျော်ပါးပါး လိုက်ပါကြမည့် ကိုကျော်အေး၊ ဦးမင်းခင်၊ ဦးဘားကြီးတို့ ဆင်သမားအားလုံးမှာ ပျော်ရွှင်စွာဖြင့် ဆင်ကုန်းတွေ၊ ဆင်လည်ပတ်တွေ အသင့်ပြင်ဆင်ကာ အဆင်သင့်ဖြစ်နေကြောင်းပါ သိရလေသည်။

ကျွန်တော်သည် တပ်ရင်းမှူး၏ ခေတ္တတာဝန်အတွက် ရုံးအုပ် ဗိုလ်ကြီးဗိုလ်မြင့်အား ခေတ္တလွှဲအပ်တာဝန်ပေးကာ ကျွန်တော်သည် တာဝန်အရ ခရီးထွက်သွားရကြောင်းပါ စစ်ဌာနချုပ်သို့ အစီရင်ခံစာ ရေးခဲ့ရပါသည်။ ပေါ်တက်ရွာမှ မုဆိုးကျော် ကိုဘိုးရုံဆီသို့လည်း မင်းကုန်းရွာမှတစ်ဆင့် စောင့်ကြိုနေရန် ဆက်သားလွှတ်၍ အကြောင်းကြားရပါသည်။

အဖိုးတန်သော နိုင်ဖယ်များနှင့် ရိုးပစ္စည်း စာရွက်စာတမ်းများနှင့် အဝတ်အစားများကို မိုးကာကြီးများဖြင့် ပတ်၍၊ မိုးမိခြင်းဒဏ်မှ ကာကွယ်စေခဲ့ပါသည်။

ဖျဉ်းမနားအနောက်နယ် အချက်အချာဖြစ်သော မင်းကုန်းရွာတွင် အသင့်စောင့်ကြိုနေကြသည့် မုဆိုး ကိုဘိုးရုံနှင့် ၎င်းအား တာဝန်ပေးထားသည့် ဖျဉ်းမနားအနောက်ဘက် ပဲခူးရိုးမ လယ်တာကြီးနှင့် သစ်လှကျင်းရွာအကြား၌ တောကျွမ်းကျင်သူ လမ်းပြ သုံးဦးကိုလည်း အသင့်တွေ့ရှိရပြီး၊ ၎င်းမင်းကုန်းရွာ၊ ကျွဲရှင်းရွာတွင် ထိုညဦးအဖို့ စခန်းချလိုက်ကြပါသည်။

ကျွန်တော့်အနေဖြင့် အရေးကြီးသော သစ်မျှောဆိပ်များ လောက်သာ ရပ်နားရန်၊ ငါးလိုက်ချောင်းတစ်လျှောက်ကို စစ်ဆေးသွား





ရန် အကြံပေးပါသော်လည်း မစ္စတာနီမူရတို့ ဂျပန်တစ်သိုက်က သူတို့ တပ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူးသော ငါးလိုက်ချောင်းဒေသတစ်လျှောက်သို့ ချောင်းအခြေအနေနှင့်တကွ မေဂျာနာဂရူး၏ သတ္တုများရှာဖွေရေးကိစ္စအတွက်ပါ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောမျိုးဖြင့် ရှာဖွေစမ်းသပ်ရန်အတွက် ခရီးရှည်လုပ်ငန်းသဘောနှင့် ငါးလိုက်ချောင်းအတိုင်း ချီတက်ကြရန် တိုက်တွန်းလိုက်သည်ကြောင့် ကျွန်တော်တို့သည် ငါးလိုက်ချောင်း ကမ်းထိပ်ပေါ်ရှိ ကျွဲရှင်းရွာတွင် စခန်းချလိုက်ရပါသည်။

ရွာ၏အနောက်ဘက် ချောင်းကမ္ဘားယံတွင် စတ်ကွင်းများ အသီးသီးချိန်ဆွဲကာ ကျွန်တော်နှင့် ဦးဘိုးရုံတို့သည် မေဂျာနာဂရူးနှင့် ရုံးအဖွဲ့ဝင်တို့အား သေနတ်လက်တည့်စမ်းခိုင်းလိုက်ကြပါသည်။ ကမ္ဘားယံ တစ်နေရာ၌ ကျားရုပ်သဏ္ဍာန်ပစ်ကွင်း၊ ဆင်ရုပ်သဏ္ဍာန်ပစ်ကွင်း၊ ဆတ်သဏ္ဍာန်ပစ်ကွင်းတွေကိုပါ ချိတ်ထောက်စေပြီး၊ ကိုက်တစ်ရာ၊ ကိုက်နှစ်ရာနှင့် ကိုက်သုံးရာ သုံးဌာန ကန့်သတ်၍ လက်တည့်ပစ်ခတ်ခိုင်းကြသည်။

မေဂျာနာဂရူးသည် ကိုက်တစ်ရာအကွာရှိ ကျားရုပ်ပစ်ကွင်းသို့ .၃၀၃ အင်္ဂလိပ်ရိုင်ဖယ်နှင့် ဒူးမြန်ပစ် ပစ်ခတ်လိုက်ရာတွင် ကျည်ဆန် ငါးတောင့် ပစ်ခတ်ရာ၌ နှစ်တောင့်သာ ကျားရုပ်ကျောပြင်ကို ရှပ်၍ ထိမှန်ပြီး၊ တစ်ချက်မှာ နောက်ခြေထောက်တွင် ထိမှန်သည်ကို တွေ့ရ၍-

"အာဆိုးဒစ်စကား (ဟုတ်ပါသလား ဗိုလ်မှူးကြီး)"

"ဒီနှစ်ချက်မှန်ရုံနဲ့ ကျားဟာ ကျဆုံးသွားမှာမဟုတ်ဘူး၊ ဆက်လက်ကြိုးစားပါခင်ဗျာ၊ ကဲ . . . အဘိုးကြီး၊ တချီတမောင်းလုပ်စမ်းဗျာ"

ကျွန်တော်သည် ဦးဘိုးဟန်သို့ . ၃၀၃ အင်္ဂလိပ်နိုင်ငံဖြ
တစ်လက်ကို ထိုး၍ပေးကာ တိုက်တစ်ရာမှပင် ကျားရုပ်ကြီးစက်ကွင်းဖို
ငါးချက်တိတိ ဆက်တိုက်အမြွတ်ပစ်ခတ်စေပါသည်။

ဦးဘိုးဟန်သည် ဟန်ပါပါနှင့် ခြေစုံရပ်ကာ ကျားရုပ်ကြီးဖို
ဆက်တိုက် ငါးချက်ဆင့်ကာဆင့်ကာ ပစ်သွင်းလိုက်သည်တွင် ကျား
ကြီး၏ နားတွင်း တစ်ချက်၊ လည်မျိုတစ်ချက်၊ လက်ပြင်တစ်ချက်
ကုပ်ပိုးတစ်ချက်၊ မျက်စိတစ်ချက်၊ ချက်ကောင်းနေရာများ၌ . ၃၀၃
ကျည်ဆန်တွေက လှလှပပကလေး ပေါက်ထွက်သွားသည်။

"မှန်တယ်၊ ခုလိုပစ်မှ ကျားကြီးကျဆုံးမယ်၊ နေရာကောင်းတွေ
ချည်း ထိမှန်ပါတယ်၊ မေဂျာ မြင်ရဲ့မဟုတ်လား"

ဤတွင် မေဂျာနာဂူးသည် ဝမ်းသာအားရဖြင့် ဦးဘိုးဟန်ဆီသို့
အပြေးကလေး လာရောက်ပြီး ပခုံးနှစ်ဘက်ကိုပုတ်ကာ လေးလေးစားစ
ချီးကျူးလိုက်ပါသည်။

"တကတည်းဗျာ . . . အရွယ်နဲ့မလိုက်ပါဘူး၊ ပစ်ခတ်ပုံ
မြန်တာရော၊ လက်တည့်တာရော၊ ရှားပါတယ်၊ ကျွန်တော်တို့နိပ္ပုံ
တပ်မတော်အနေနဲ့ အများကြီးလေးစားဦးညွှတ်ပါတယ် ဦးလေးကြီး"

"ကျုပ်တို့ နက်ဖြန်မှာ သားကောင်တွေ လက်တွေ့ပစ်ခတ်
အချိန်ရပါလိမ့်မယ်၊ ရုပ်ပစ်၊ အပြေးပစ်နည်းတွေပါ ပစ်ခတ်ကြရအောင်
မေဂျာနာဂူး"

"ကောင်းပါပြီ ဗိုလ်မှူးကြီး၊ ဒါနဲ့ ဆင်ကို ဘယ်နေရာတွေမှ
ထိရင် ချက်ကောင်းကိုထိတယ်လို့ ပြောပါသလဲ၊ တစ်ဆိတ် ကျေးဇူ
ပြုပါ"

ဤတွင် ကျွန်တော်သည် ကိုက်နှစ်ရာတွင်ရှိသော ဝါးများတွ
ကပ်ထားသည့် ဆင်ရုပ်ကြီးဆီသို့ကြည့်ကာ . ၄၀၄ မော်ဇာနိုင်ငံဖယ်





မှတ်ခနဲ ကောက်ကာကိုင်ပြီး ဆင်ကြီးဆီသို့ နှစ်ချက်တိတိ ထိုးပစ်
ပစ်လိုက်သည်။ ဆင်ကြီး၏နားတွင်း တစ်ချက်၊ ဆင်ကြီး၏လက်ပြင်
အဆုံးတစ်ချက် ထိမှန်သွားသော ကျည်ဆန်ရာများကို မေဂျာနာဂူးနှင့်
ဂျပန်အဖွဲ့များသည် ပါးစပ်အဟောင်းသားနှင့် တအံ့သြသြ ကြည့်နေ
ကြပြီး အချင်းချင်းဝမ်းသာအားရစွာဖြင့် ရယ်မောရွှင်ပြ ချီးမွမ်းခန်းတွေ
ထုတ်နေကြသည်။

"အဲဒီကျည်ဆန်နှစ်ချက်ပေါက်သွားတဲ့ နေရာနှစ်ချက်ဟာ
ဆင်ကို နေရာတွင် ရပ်နိုင်တယ်၊ ကျဆုံးစေနိုင်တယ် မေဂျာ"

မေဂျာနာဂူးနှင့် ဂျပန်စစ်သားများသည် ဂျပန်နိုင်ငံဖယ်များဖြင့်
ဆင်ရုပ်၊ ကျားရုပ်၊ ဆတ်ရုပ်များကို တဒိုင်းဒိုင်းပစ်ခတ်ကာ စက်ကွင်း
ပစ်ဖို့ လေ့ကျင့်နေကြတော့သည်။

အရှေ့ဆီမှ နေရောင်ခြည်ကလေးတွေပြူလာသည်နှင့် တစ်
ပြိုင်နက်တည်း ကျွန်တော်တို့အဖွဲ့သည် ငါးလိုက်ချောင်းအတိုင်း အထက်
သို့ဆန်၍ တက်ခဲ့ကြသည်။ ချောင်းတစ်လျှောက်ရှိ သစ်ချဆိပ်များ၏
အခြေအနေနှင့် သစ်တုံးများ ကမ်းပေါ်တင် မတင့်ကို လိုက်လံကြည့်ရှု
ရာ အနည်းငယ်မှအပ သစ်ချဆိပ်ကမ်းပေါ်၌ မိုးမကျမီက ချထားခဲ့
သော သစ်များမှာ ချောင်းရေအကျတွင် မျောပါသွားကြောင်းကို တွေ့ရ
လေသည်။ နောက်မှလည်း နိဂုံးဝန်တင်ဆင်များက တဖြည်းဖြည်းချင်း
လိုက်ပါလာခဲ့ကြပြီး၊ ကျွန်တော်တို့လူသိုက်က ခြေလျင်ရှေ့ဆုံးမှ ချောင်း
ကမ်းဘေးအတိုင်း ချီတက်စစ်ဆေးခဲ့သည်။ တချို့ အလွန်ကွေ့ကောက်
လွန်းသော ချောင်းကောက်သည့်နေရာများကို မစွတာနိုမူရက ချောင်း
ကို တန်းတန်းဖြစ်အောင် ဖြတ်၍ဖောက်ပေးရန် မြေပုံနှင့်တကွ ရေးမှတ်
သွားပါသည်။ ကြက်သီးထစခန်းတွင် ခဏရပ်နားကြပြီး၊ နံနက်စာစား
ကြလျက် အချိန်မှာ စောသေးသည်ကြောင့် ကျွန်တော်က မေဂျာနာဂူး

နှင့် ဂျပန်တပ်ကြပ်များကို ခေါ်ယူကာ ချောင်းနံဘေး၌ နေရာချထား၍ မိမိတို့ဆီသို့ သော တောချောက်ပစ်နည်းကို လက်တွေ့သင်ပြပါသည်။ မိမိတို့ဆီသို့ သော တောချောက်ပစ်နည်းကို လက်တွေ့သင်ပြပါသည်။ သားကောင် ဘေးတိုက် သားကောင်ထွက်လာလျှင် နိုင်ဖယ်ကိုချိန်နည်း၊ ကိုက်တစ်ရာအကွာအဝေးမှ ပြေးလာလျှင် ရှေ့မှ ကြိုတင်၍ချိန်နည်း၊ ကိုက်နှစ်ရာ ပြေးလာလျှင် သားကောင်၏ တစ်ပြန်မှနေ၍ ချိန်နည်း၊ ကိုက်နှစ်ရာ ဆိုလျှင် သားကောင်နှစ်ပြန်မှနေ၍ တစ်ဝစီတိုးကာချိန်နည်းတွေ ပြောပြ ပါသည်။ မိမိဆီသို့ ဦးတည်ပြေးလာသော သားကောင်ဆိုလျှင် ရှေ့ဦးစွာ ကိုက်တစ်ရာအကွာအဝေးကဆိုလျှင် သားကောင်၏ခြေရင်းကို မှန်းချိန် နည်းများကိုပါ အသေးစိတ်ရှင်းလင်းပြောပြ၍ ကူလီနှင့် အလုပ်သမား များကို စုရုံးစေပြီး တစ်ဖက်မှပန်း၍ တောသေးသေး အကွက်ကျဉ်းကျဉ်း ထဲမှ တောချောက်ပစ်နည်း လက်တွေ့သင်ကြားရန် တောခြောက်နိုင်း ပါသည်။

သေနတ်သမားများအားလုံးကိုလည်း မိမိတို့စောင့်နေရာ စည်းကျော်လွန်သွားမှ ပစ်ကြရန်၊ တောခြောက်လာရာဘက်သို့ မပစ်မိ စေရန် သတိပေးပြောကြားလိုက်ပါသည်။ ကျွန်တော်နှင့် မေဂျာနာဂူးက တစ်ဖွဲ့၊ ဂျပန်တပ်ကြပ်ကြီးနှင့် ဦးဘိုးဟန်တို့က တစ်ဖွဲ့၊ မစ္စတာနိုမူရ နှင့် ဦးနုက တစ်ဖွဲ့၊ မစ္စတာနီတိုးနှင့် ရဲဘော်ကျော်လှိုင်က တစ်ဖွဲ့၊ နှစ်ယောက်တစ်တွဲ နေရာယူလိုက်ကြပါသည်။ ကျွန်တော်တို့မှုဆိုးများက ဂျပန်အဖွဲ့အား အပြေးပစ် တောခြောက်ပစ်နည်းကို ကြပ်မတ်သင်ကြား ပေးရန် တွဲထားခြင်းဖြစ်ပါသည်။

မကြာမီ ကျွန်တော်တို့မျက်နှာမူရာ မြိုင်တောထဲမှ "ဟေ့ . . ဟေး . . ဟေ" ဟူသော တောခြောက်သမားများ၏ တောချောက်လှန့်၍ မောင်းသံများ မြိုင်ဆိုင်စွာ ပေါ်ထွက်လာသည်။ ကျွန်တော်က မေဂျာ နာဂူးကို သစ်ကိုင်းတစ်ကိုင်းနောက်မှ ပုန်းအောင်းနိုကပ်နေရန် လေသံ





နှင့် ပြောကြားကာ တောချောက်လာရာဘက်သို့ နားတစွင့်စွင့်၊ မျက်စိ ရှင်ရှင်ထားကာ ထွက်လာမည့်သားကောင်ကို မေဂျာနာဂူးကို ပစ်ခွင့် ပေးရန် စီစဉ်ထားလိုက်ရပါသည်။

တဖတ်ဖတ်နှင့် ခြောက်လန့်တကြား အတောင်ခတ်ကာ ဖျတ်ကနဲ ကျွန်တော်တို့ဆီသို့ထွက်လာသော ရစ်ကြီးတစ်ကောင်ကို မေဂျာနာဂူးသည် ကြည့်ကာ . . .

"သိပ်လှတာပဲ ဗိုလ်မှူးကြီး၊ တရုတ်ပြည်မှာ တွေ့ခဲ့ဘူးတယ်"

လေသံနှင့်ပြောလိုက်သည်။ တစ်ခဏအတွင်း၌ ရှေ့တည့် တည့် ဝါးသုဦးတောထဲမှ တဝုန်းဝုန်းပြေးထွက်လာသော သားကောင် တစ်ကောင်၏ခြေသံများသည် လှုပ်ရှားစွာ ပေါ်ထွက်လာသည်တွင် ကျွန်တော်သည် မေဂျာနာဂူး၏ပခုံးကို တို့၍ အသင့်ပြင်ရန် အချက် ပေးလိုက်သည်။ မိနစ်ပိုင်းအတွင်းမှာပင် တောဝက်တစ်ကောင်သည် ကဆုန်ချ၍ ကျွန်တော်တို့ဘက်သို့ ပြေးထွက်လာတော့သည်။ နိုင်ဖယ် တစ်လက်ကို ချိန်ကာချိန်ကာ လိုက်နေသော မေဂျာနာဂူးသည် မုဆိုး စည်းတန်းကို ကျော်လွန်သည့်တစ်ပြိုင်နက်တည်း နိုင်ဖယ်မောင်းတွင်း ကို ဆွဲဖြုတ်ချလိုက်၏။ နိုင်ဖယ်မှ ကျည်ဆန်သည် တောဝက်ကြီး၏ နောက် သုံးပေခန့်အကွာမှ ငှက်ပျောဖက်ကို ဖောက်ထွက်သွားတော့၏။ မေဂျာနာဂူး၏ ချိန်ဆချက်တား နောက်၌အတော်ကလေးကျကာ ကျန်ရစ်ခဲ့ကြောင်းမှာ ထင်ရှားလှပေသည်။

ကျွန်တော်သည် ချက်ချင်းပင် . ၃၀၃ အင်္ဂလိပ်နိုင်ဖယ်နှင့် ဝက်ကြီး၏ရှေ့တစ်ပြန်ကွာသို့ ထိုး၍ချိန်ကာ ဝက်ကြီး၏နှာဖျားသည် ရှိုင်ဖယ်ပြောင်းဝအနီးသို့အရောက် ဝက်ကြီး၏ရှေ့ပိုင်းသည် ခုန်လွှား ရာမှအကျလိုက်တွင် ပစ်ချလိုက်ပါသည်။ ထွေးခနဲ အချိန်ငါးဆယ် ကျော်ခန့်တွင် တောဝက်ထီးကြီးသည် ကျွမ်းတစ်ပတ် ပစ်၍ကျသွား ပါသည်။

"ကျွန်တော်ပစ်တာ နောက်ကျကျန်ရစ်ခဲ့ပါတယ် ဗိုလ်မှူးကြီး၊ ခွင့်လွှတ်ပါခင်ဗျာ"

"အိုး ! ကိစ္စမရှိပါဘူး မေဂျာနာဂူး၊ ပထမအကြိမ် ဒီလောက် လက်ရဲပြီး ပစ်နိုင်ခဲ့ရင် နောင်တစ်ချိန် မှန်မှာပါပဲ"

ဦးဘိုးဟန်တို့ဆီမှလည်း သေနတ်သံသုံးချက် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာလေသည်။ ရဲဘော်ကျော်လှိုင်တို့ဆီမှ သေနတ်သံငါးချက် ဆက်တိုက်ထွက်ပေါ်လာလေသည်။ မကြာမီ တောခြောက်သူတွေသည် ကျွန်တော်တို့အနားသို့ ရောက်လာကာ တောခြောက်သည့်လုပ်ငန်းသည် ပြီးဆုံးခဲ့လေသည်။

ဂျပန်တပ်ကြပ်ကြီး ကိုဘာမစ်ဆူသည် ထွက်လာသော ဂျီကိုနှစ်ချက်တိတိ ဆက်ပစ်ရာ မမှန်၍၊ ဦးဘိုးဟန်က လက်စသတ်လိုက်ရသည့်သတင်း၊ ရဲဘော်ကျော်လှိုင်တို့ဘက်မှ တောဝက်ကြီးတစ်ကောင်ထွက်ခဲ့ရာတွင် မစ္စတာနိုးတိုးက နှစ်ချက်ပစ်သည်တွင် ဒုတိယတစ်ချက်သည် ခေါင်းထိပ်မှ မှန်နေသည်ကြောင့် ထ၍ပြေးရန် ကြိုးစားနေသည်တွင် ရဲဘော်ကျော်လှိုင်က ကူညီပစ်ခတ်ရကြောင်း ပြောသည်။ တောဝက်ကြီးမှာမူ သွေးတွေကျ၍ ကျန်ရစ်ခဲ့ကြောင်းပါ သိရလေသည်။ ဦးနုဘက်မှထွက်ခါနီး ဂျီတစ်ကောင် နောက်သို့လှန်၍သွားကြောင်း အသီးသီးကြားရလေသည်။

ကျွန်တော်တို့သည် သွေးကြောင်းတွေကျ၍ကျန်ရစ်သော တောဝက်ကြီးနောက်သို့ လိုက်ကြည့်ကြသည်။ ဦးဘိုးဟန်နှင့် ကျွန်တော်က ခြေရာရှင်းကို ကြည့်လိုက်ရာ လက်ဖက်ရည်ကြမ်းပန်းကန်လုံးထက် ပိုမိုကြီးမားသော တောဝက်ကြီးခြေရာကို တွေ့ရခြင်းဖြင့် အလွန်ကြီးမားသော တောဝက်ကြီးဖြစ်ကြောင်းကို သိရပြီးနောက် ဒဏ်ရာရရှိသွား





သော တောဝက်ကြီးနောက်သို့ လူများများနှင့် မလိုက်လိုသည်ကြောင့် ဖြစ်၍ မေဂျာနာဂူးနှင့် ဂျပန်တပ်ကြပ်ကို ကျွန်တော်နှင့် ဦးဘိုးဟန်တို့က ဦးဆောင်ကာ သွေးကြောင်းခံ၍ လိုက်ခဲ့ကြသည်။

ကိုက်တစ်ရာ့ငါးဆယ်ခန့် လိုက်ခဲ့သည်တွင် အင်တိုင်းတောကလေးအလွန် သက်ကယ်ပြင်အောက်မှ ဝေါခနဲထွက်ပြီးလာသော အသံနှင့်အတူ . . .

"ပစ်ဗျို့ . . . ပစ် . . . ပစ် . ."

ဦးဘိုးဟန်၏ အရေးတကြီး သတိပေးသံမဆုံးမီပင် လည်ဆံမွေးကြီးတွေ တစ်မိုက်ခန့်ထောင်ကာ မာန်သွင်းနေသော တောဝက်ကြီးသည် လွှားခနဲ ရိပ်ခနဲ ကျွန်တော်တို့ဆီသို့ ဝါးလုံးထိုးပြေးထွက်လာတော့သည်။ ကျွန်တော်၏ရိုင်ဖယ်နှင့် ဦးဘိုးဟန်၏ရိုင်ဖယ်တွေမှ ဝုန်းခနဲပစ်ခတ်သံသည် ပြိုင်တူပေါ်ထွက်လာသည်။ ကျွန်တော်သည် မေဂျာနာဂူးအား ဘယ်ဘက်လက်ဖြင့် ညာဘက်သို့ အရလှဲ၍ သိမ်းကာ တွန်းဖယ်ဖယ်လိုက်သည်။ စက္ကန့်ပိုင်းအတွင်း၌ပင် အရှိန်လွန်လာသော တောဝက်ကြီးသည် ကျွန်တော်တို့ လက်မတင်ကလေးက ရပ်နေသော နေရာဆီသို့ ဦးခေါင်းစိုက်ကာထိုးကာ ကျလာပြီး တစ်မျက်မာန်သွင်းရင်း မြေကြီး၌ ချိပ်ကောက်နေသော အစွယ်ဖွေးဖွေးကြီးနှင့် ထောင်းခနဲကြုံးကာပက်ချလိုက်သည်။

ဦးဘိုးဟန်၏ရိုင်ဖယ်သည် ဒိုင်းခနဲမီးပွင့်ထွက်လာပြီး ဝက်ကြီး၏ လက်ပြင်တည့်တည့်မှာ ရဲခနဲဖြစ်သွားကာ ဝက်ကြီးသည် ခေါင်းစိုက်ကာ ကျသွားတော့၏။

"မြင်ရဲ့လား မေဂျာနာဂူး၊ သေနတ်လေးငါးချက်ဆင့်မှန်တာတောင် သေခါနီး လိုက်တိုက်သေးတယ်"

"အားကြီးမြန်တဲ့အကောင်ပါကလား ခင်ဗျာ၊ ကျွန်တော့် ကောင်းကောင်းသဘောပေါက်ပါပြီ ဗိုလ်မှူးကြီး၊ တကယ်ဘေးဥပါ မျိုးတဲ့ စစ်တိုက်သလိုအလုပ်ပါကလားခင်ဗျာ"

"ဝက်ကလဲ တကယ့်ဝက်ပါဗျာ၊ နည်းမလား . . . အချို့ ရှစ်ဆယ်ထက်မအောက်ဘူးဗျ ဆင်သမားတွေရဲ့ကံပဲ၊ ခုလိုပစ်ခတ်တာ တွေဟာ မိုးစွေရွာက ကြားလော်က်ပြီ မိုးစွေရွာသူကြီး ကိုစံရေးတို့တော့ လက်ဖက်အိုး၊ ထမင်းအိုးတွေ အဆင်သင့်တည်ခင်းနိုင်းသလို အချက် ပေးသံတွေ ဖြစ်နေပြီဗျ"

"ကောင်းပါတယ် ဦးဘိုးဟန်၊ ဒါမှ ကျုပ်တို့မှုဆိုးပါတီတွေ စုမိကြမှာပဲ၊ တိုက်မရွာက ရွာခေါင်းကြီးကလဲ လွယ်အိတ်တစ်လုံးဆွဲပြီ နောက်ကဆင်တွေပေါ်မှာ အထင်းသားပါလာတာ မြင်လိုက်ရတယ် ခုလဲ မိုးစွေရွာရောက်ရင် ကိုစံရေးဟာ ဘယ်နည်းမှတားလို့ရမှာ မဟုတ်ဘူး၊ သူကြီးရာထူးက ပြုတ်ချင်ပြုတ်ပေစေသဘောပဲ၊ ကျုပ်တို့ နောက် တန်းတန်းစွဲလိုက်မှာ မုချပဲ ဦးဘိုးဟန်"

❖

## မြိုင်မင်းအန္တရာယ်

တောတန်းကြီးသည် နက်ရှိုင်းထူထပ်၍လာတော့သည်။

သစ်ကိုင်းချင်း နေပြောက်မထိုးစတမ်း ယှက်ကာအုပ်ဆိုင်းက အရိပ်အာဝါသကောင်းအောင် ဖန်တီးနေတော့သည်။ ကျေးငှက်၏ ကလည်း ညံညံစီစီအော်မြည်ကာ လူသံပျောက်ခမန်း မြိုင်ဆိုင် တော့သည်။





ကျွန်တော်တို့ခရီးသည်များသည် မိုးစွေရွာတွင် တစ်ညအိပ် ခန်းချကာ ချောင်းရေအခြေအနေ၊ သစ်များအခြေအနေကို စူးစမ်းပြီး ကျေနပ်သောအဖြေကို ရရှိခဲ့ပြီဖြစ်သဖြင့်၊ နောက်တစ်နေ့တွင် ခရီး ဆက်ထွက်ခဲ့ကြရာ ကြွက်မျှော်စခန်းမှ သဖန်းမျှောင်စခန်းဆီသို့ ဆက် တက်ခဲ့ကြသည်။ တောအခေါ်မှာ ထိုနေပြောက်မထိုးသော တောမျိုးကို "ကျဉ်းကျသောမြိုင်"ဟု ခေါ်ဝေါ်ကြသလောက်၊ ထိုဒေသ၏အနောက်၌ ရွာဆက်လူဆက် လုံးဝမရှိတော့သည်ကြောင့် သားကောင်များသည် ပေါများချင်တိုင်း ပေါများလှတော့သည်။ လူသွားစရော၊ ဆင်သွားစရော ခြောက်ပေလမ်းဟူ၍ တစ်စုံတစ်ရာမရှိဘဲ ငါးလိုက်ချောင်းဘေးတစ် လျှောက် ကပ်၍ ချီတက်နေရတော့သည်။ တောအနည်းငယ်ရှင်းသော နေရာများ၌ ရောမကျားခြေရာကြီးတွေ လည်းကောင်း၊ မြောင်ကြီးတွေ၏ ခြေရာဝိုင်းချွန်ချွန်ကြီးကိုပါ လတ်လတ်ဆတ်ဆတ် တွေ့နေကြသည်။

"ဒီဘက်မှာ မိုးဖြိုင်ဖြိုင်ရွာရဲ့လား သူကြီး"

ကျွန်တော်သည် ချီတက်ရင်း မိုးစွေရွာသူကြီးကို မေးလိုက် သည်။

"ရွာပါ့ဗျာ၊ ဗိုလ်မှူးကြီးမြင်တဲ့အတိုင်းပဲ၊ ရေတွေ ကမ်းပြည့် ကမ်းလျှံလာနေတာ၊ သစ်တွေလဲ မနည်းပါကုန်ပြီဗျ"

ကျွန်တော်က မစ္စတာနီမူရအား ရာသီဥတုအခြေအနေနှင့် ချောင်းအခြေအနေ၊ သစ်တွေမျောပါသွားပုံကို ဂျပန်ဘာသာဖြင့် ပြန်၍ ပြောပြပါသည်။

"ချောင်းအထက်ပိုင်းရော မိုးရွာသလားလို့ မေးစမ်းပါဦး ခင်ဗျာ"

မစ္စတာနီမူရက တိုက်တွန်းသည်ကြောင့် မိုးစွေသူကြီးကို ပြန်၍မေးမြန်းသည်တွင် . . .

"ချောင်းဖျားတော့ အတတ်မပြောရဲဘူး ဗိုလ်မှူးကြီး၊ ကျုပ်တို့ အထက်နားဆီက ဘုရားတိုနဲ့ မျိုးဖြတ်ခနီးအထိလောက်တော့ ရွာ ကောင်းပါရဲ့၊ ဘာဖြစ်လို့ပြောသလဲဆိုရင် . . . အဲဒီဆိပ်တွေက သစ်တွေ ချောင်းထဲပါလာတာ တွေ့ရလို့ပဲ"

ကျွန်တော်က မစ္စတာနိုမူရကို ပြန်၍ပြောလိုက်သည်။

မစ္စတာနိုမူရသည် ဖျဉ်းမနားခရိုင်မန်နေဂျာနီတိုးအား လှမ်း၍-

"ဒီနှစ် ဆောင်းဦးပေါက်ကတည်းက ချောင်းဖျားဒေသမှာ သစ်တွေခုတ်တာ ဘယ်အပိုင်းက များသလဲ၊ ဘယ်ဆိပ်ဟာ အစွန်ဆုံး ဆိပ်ကမ်းလဲ နီတိုးစံ"

"ဟုတ်ကဲ့ ငါးလိုက်ချောင်းဖျားဒေသ၊ ဘိုးတောင်၊ တောက်တဲ့၊ ချုံးချုံးကျ၊ ဒီးဒုတ်၊ ဘွတ်စခန်းတွေမှာ ခုတ်ပြီးသာ သစ်တန်ပေါင်း တစ်သောင်းကျော်ရှိပါတယ်၊ ခုတ်ချစတင်ပဲ ငွေလေးသိန်းကျော် ကုန်ကျ ပါတယ်၊ နောက်ဆုံး သစ်ချဆိပ်ဟာ မိုးညှိစခန်းပါပဲခင်ဗျာ"

"အေးဗျာ . . . အတော်စဉ်းစားရကျပ်နေတယ်၊ ချောင်းရေလဲ အလာပဲ၊ ရေစီးလဲ အားကြီးသန်တယ်၊ ရွာတွေကလဲ ဘယ်သူမှ သစ် တစ်လုံးဆွဲမယူကြဘူး၊ ကျုပ်ကိုယ်တိုင် မျက်မြင်ပဲ၊ ရွာသားတွေအတွက် တော့ ရှင်းပါတယ်၊ ဒါပေမယ့် ဘယ့်နဲ့ကြောင့် မိုးညှိသစ်ဆိပ်တစ်ဝိုက် က သစ်တွေကျမလာသလဲပဲ"

မစ္စတာနိုမူရသည် လမ်းလျှောက်ရင်း မေးခွန်းထုတ်ကာ သူ့ဘာသာစဉ်းစားနေတော့သည်။

မြောက်ညှိအုပ်ကြီးတစ်အုပ်ကလည်း ကျွန်တော်တို့ကို တွေ့ရ သည်ကြောင့် ကြောက်လန့်တကြားနှင့် တစ်ကိုင်းမှတစ်ကိုင်း၊ တစ်ပင်မှ တစ်ပင် ခုန်လွှားကာ ကြောက်အားလန့်အားနှင့် ပြေးရှောင်ကြသည်။ နောက်တစ်နာရီအကျော်တွင် ကျွန်တော်တို့ ခြေလျင်အဖွဲ့သည် လဲဝန်း





ခနီး၌ သစ်သမားတွေ တဲအဆင့်ဆင့်ထိုးကာ သစ်တွေခုတ်ခဲ့ကြောင်း ကို မပျက်စီးသေးသည့် ဖက်တဲများကို တွေ့ရခြင်းဖြင့် သိနိုင်ပေသည်။ ကျွန်တော်တို့သည် လဲဝန်းစခန်းတွင် ခေတ္တရပ်နားရန် နေရာများရှာဖွေ နေစဉ်တွင် စခန်း၏တောင်ဘက်ဆီမှ မြေတုန်ဟီး၍ထွက်ပေါ်လာသော အသံကြီးတစ်သံကို ကြားလိုက်ရတော့သည်။

"ဝူး-ဝူး-ဝါး-ဝါး"ဟူသော အသံကြီးနှင့်အတူ "အမလေးဗျ၊ ကယ်ကြပါ . . . လာကြပါ"ဟူသော ယောကျာ်းတစ်ယောက်၏ ငယ်သံ ပါအောင် အော်ဟစ်လိုက်သည့် ကိုက်သုံးရာခန့် တောတွင်းဆီက ကြောက်လန့်တကြားအော်သံကြီးကြောင့် ပထမဦးစွာ နားစွင့်လိုက်ကြ သည်။ ဒုတိယ ကျွန်တော်တို့၏ အမြွှာအမူသည် သေနတ်တွေဆွဲကာ ထိုအသံကြီး ထွက်ပေါ်လာရာဆီသို့ စွတ်၍တက်ပြေးလာခဲ့ကြခြင်း ဖြစ်သည်။ ပြေးရင်းလွှားရင်း ခွေးဟောင်သံတွေ၊ ခွေးများ၏မာန်ကြီး ကြီးနှင့် ဖိ၍၊ လိုက်သံများနှင့်တကွ တဝေါဝါဟိန်းသံကြီးပါ ဆက်တိုက် ထွက်ပေါ်လာတော့၏။ ဦးဘိုးဟန်သည် သူ၏ညာဘက်လက်ထဲမှ .၄၀၄ မော်ဇာရိုင်ဖယ်ကို မောင်းတန်မှ ထုတ်ကာ ကျည်ဆန်တစ်တောင့် သေနတ်ပြောင်းထဲသို့ ထည့်ကာ၊ သော့ပိတ်မောင်းတင်ခဲ့ပြီးဖြစ်သည်။ ကျွန်တော့်နောက်က မေဂျာနာစူးသည် .၃၀၃ အင်္ဂလိပ်ရိုင်ဖယ် တစ်လက်ကို ကိုင်လျက်လည်းကောင်း၊ ဂျပန်ရိုင်ဖယ်တစ်လက်ကို လက် နှစ်ဘက်နှင့်ဆုပ်ကိုင်၍ လိုက်ပါလာသော မစ္စတာနိုမူရကိုပါ လိုက်ပါ လာကြောင်း သိလိုက်ရပါသည်။

အော်သံကြီးများ ဆင့်ကာဆင့်ကာ ထွက်ပေါ်လာရာဆီသို့ ရှေ့ဆင့်နောက်ဆင့် တန်းကာအပြေးတက်ခဲ့ကြသည်။

ထွေးတောကလေးအလွန်တွင် ကျွန်တော် ပထမဦးစွာ တွေ့မြင်ရသောရှုခင်းမှာ အမွေးတွေဖွာဖွာကြီးနှင့် နက်မှောင်နေသော

အကောင်ကြီးတစ်ကောင်သည် ရှေ့သို့ကုန်း၍ တဝေါဝေါနှင့် ခေါသကြီးစွာမြည်၍ ကုတ်ခြစ်နေသောသဏ္ဍာန်၊ မည်းမည်းအကောင်ကြီးဘေးမှ ရှာခွေးသုံးကောင်က ဝိုင်း၍ မည်းမည်းအကောင်ကြီး၏နံဘေးသား၊ ပေါင်ရင်း၊ နားရွက်တွေကို သွားတွေဖြဲကာ ကိုက်ဆွဲနေသော်လည်း မည်းမည်းအကောင်ကြီးသည် ခွေးတွေကို လုံးဝဂရုမစိုက်တန်း သူ၏အောက်၌ရှိသော လူတစ်ယောက်ကို ပယ်ပယ်နယ်နယ် ကိုက်ဖဲ့ကာ လက်ကြီးနှစ်ဘက်ဖြင့် ဘယ်ပြန်ညာပြန်ကုတ်ခြစ်သတ်ပုတ်နေလေသည်။

“ဝက်ဝံကြီးဗျို့၊ အရမ်းမပစ်နဲ့၊ လူပါထိသွားမယ်”

ဦးဘိုးဟန်သည် အရေးတကြီး သတိပေးလိုက်သည်ကြောင့် ကျွန်တော်သည် ညာသံပေးကာ ခွေးတွေ တအားရှူး၍ “ကိုက်ဟဲ့၊ ကိုက်ဟဲ့”ဟု မြှောက်ပေးရင်း လှုသံတွေပေးလိုက်သည်တွင် ဝက်ဝံကြီးသည် သူ့နောက်မှ ကျွန်တော်တို့ရောက်ရှိလာသည်ကို ဖြုန်းခနဲ သတိရကာ လက်နှစ်ဘက်တွင်းမှ သွေးရဲသံရဲနှင့်လူကို ချကာ၊ ဖြတ်ခနဲ အကောင်ကြီးနှင့်မလိုက်အောင် လျှင်မြန်စွာဖြင့် သူ့နောက်မှ အနီးကပ်ဆုံး ရောက်ရှိလာခဲ့သော ကျွန်တော့်ဆီသို့ ရိုပ်ခနဲ မျက်နှာချင်းဆိုင်အရောက် လှည့်လိုက်ပြီး တအားထိုး၍အုပ်လိုက်သည်။ ကျွန်တော်၏ ရိုင်ဖယ်ပြောင်းဝနှင့် ဝက်ဝံကြီး၏ရင်ဘတ်သည် သုံးပေခန့်အရောက်တွင် ကျွန်တော်သည် မောင်းကွင်းကို ဆွဲ၍ဖြုတ်ချလိုက်သည့်တစ်ခဏ၌ ဒိုင်းခနဲ မီးပွင့်ကာ တစ်တောလုံး ညံသွားစေတော့သည်။ ဝက်ဝံကြီး၏ မတ်တတ်ရပ်နေသော ရင်ဘတ်အလယ်တည့်တည့် အဖြူကွင်းကြီးဆီမှ ဝေါက်ခနဲ ပန်း၍ထွက်လာသော သွေးစိမ်းများကို ကျွန်တော်သည် ကျည်ဆန်တစ်တောင့်အသစ်ထိုးရာမှ မြင်လိုက်ပြီး ရုတ်ခနဲ လဲမကျသေးသည့် ပါးစပ်ပြဲပြဲကြီးတွင် ကြောက်စရာ လန့်စရာ အစွယ်ဖွေးဖွေးကြီးတွေအပြည့်နှင့် ခေါသကြီးကာ တဝါးဝါးလည်ချောင်းသံကြီးတွေပါ





ပေါ်ထွက်လာအောင် အော်မြည်ရင်း အဆိပ်တက်စပြုကာ ယိမ်းယိုင်စပြုနေသည့် ဝက်ဝံကြီး၏ပါးစပ်တည့်တည့်သို့ ဒုတိယအကြိမ် ပစ်သွင်းလိုက်သည်။

ယိမ်းထိုးသွားသော ဝက်ဝံကြီးသည် ရှေ့သို့စိုက်ကာ စားပြွတ်ပြွတ်နှင့် ငှက်ပျောပင်တစ်ပင်ကို အပိုင်းပိုင်းချသလို တုံးခနဲ ပစ်ကျကျသွားလေတော့သည်။

မေဂျာနာခရူးနှင့် ဦးဘိုးဟန်တို့သည် မှောက်လျက်မလှုပ်မယှက် ဖြစ်နေသူဆီသို့ အပြေးအလွှားသွားရောက်၍ ထူမကြပါသည်။ လဲကျသွားသော ဝက်ဝံကြီးအား ခွေးသုံးကောင်က မလွှတ်တမ်း မာန်ကြီးကြီးနှင့် ဝင်ရောက်ကိုက်ခဲနေသည်မှာ ခွေးတို့၏ ထမင်းရှင်သခင်အပေါ်၌ သစ္စာရှိပုံကို အရှင်းသားဖော်ပြသက်သေခံရာရောက်နေလေသည်။

“ဟော့ . . . တပ်ကြပ်ကြီး ကိုဘားနဲ့ ဆေးတပ်ကြပ် ကာမဒ်း မြန်မြန်လာစမ်း၊ ဆေးကိရိယာတွေ အသင့်ယူခဲ့ကြ”

မေဂျာနာခရူးသည် ဝက်ဝံကုပ်ထားသောလူနာကို ကြည့်ရင်း အရေးတကြီး အမိန့်ပေးပါသည်။

လူနာ၏ယာဘက် မျက်ခွံအထက်မှ ဘယ်ဘက်ပါးတစ်ခြမ်းသည် အရေပတ်ကြီးပါလှန်ကာ တွဲလွဲကျလျက်လည်းကောင်း၊ နှာခေါင်းနှင့်တွင် ဟက်တက်ကွဲနေအောင် ဝက်ဝံကြီး၏ အစွယ်အပေါက်ကြီးသည် တစ်ဖုံ၊ ရင်ဘတ်နှစ်ဘက်စလုံး၌ ဆောက်ခုံးပြတ်ပြတ်နှင့် အမြန်မြန် အလှန်လှန် ဆွဲချထားသလိုဒဏ်ရာများသည် ရုတ်တရက် အားနည်းသူများအဖို့ နှလုံးသွေးပျက်စေမည်မှာ မုချတည်း။

“ငွေးပင်ရိုးက မောင်ငယ်ဟော့၊ အသက်မှရှိသေးရဲ့လား”

မိုးစွေသူကြီးသည် ရေဘူးမှရေကို ငုံ့ကာ မျက်နှာပေါ်၌ အနည်းငယ်ဆွတ်ဖျန်းပေးရင်း . . .

"ဒီကောင်တစ်ယောက်တည်းလာမှာမဟုတ်ဘူး၊ ဟောဒီ သင်္ချိုင်းမှာ လာစောင့်တဲ့ ဆိပ်ကမ်းဒရဝမ်ပါ၊ ဘူ့မှာ အဖော်နှစ်ယောက် ရှိလိမ့်မယ်ဗျ"

ဆေးတပ်ကြပ်နှင့် တပ်ကြပ်ကြီး ကိုဘားတို့သည် သတိမရ တစ်ချက် ရတစ်ချက်ဖြစ်နေသည့်လူနာကို အမြန်ဆုံး ဆေးကြောကာ စည်းနှောင်၍ အဆိပ်မတက်ရန် ထိုးဆေးနှစ်လုံးကိုထိုးလျက် ကုသနေပါသည်။

"ကြောက်စရာအကောင်ပဲ၊ မြန်မာပြည်ဝက်ဝံဟာ ဂျပန်ပြည်က ဝက်ဝံထက် အများကြီး ကြီးပါတယ်၊ ဆိုးသွမ်းပုံလဲ ရတယ် ဇိုလ်မှူးကြီး"

မေဂျာနာခူးသည် ဝက်ဝံသေကြီးကို အမြန်မြန်အလှန်လှန်းကာ စစ်ကြည့်ရင်း ဝေဖန်ချက်ချပါသည်။

ဦးဘိုးဟန်က နောက်မှလိုက်ပါလာကြသည့် ဆင်အုပ်မှ ဆင်နှစ်ကောင်ကို ဆွဲထုတ်ကာ၊ ဝက်ဝံကိုက်ခံရသည့် လူနာကို တင်စေပြီး တပ်ကြပ်ကြီးသန်းထွန်း၊ မောင်တင်တို့နှင့် ရွာသားလမ်းပြတစ်ဦး၊ အဖော်နှစ်ယောက်ကို အနီးဆုံးခြောက်မိုင်မျှကွာသည့် တောင်ညိုရွာကြီးသို့ ချက်ချင်းသွားပို့စေသည်။

"တို့ ဒီနေ့ည ကျွဲကိုက်စခန်းမှာ အိပ်မယ်ဟေ့၊ ညနေအမိ ရောက်အောင် ပြန်လာခဲ့ကြ၊ မောင်ညိုက သူကြီးကို ပျဉ်းမနားဆေးရုံ အရောက်ဆက်ပို့ခိုင်း"

တပ်ကြပ်ကြီးသန်းထွန်းကို စေလွှတ်လိုက်သည်။

ခွေးသုံးကောင်ကလည်း သူ၏သခင်ကို ဆင်ပေါ်တင်ရာတွင် ခေါင်းတမော့မော့နှင့်ကြည့်ကာ ဆင်နှစ်ကောင်၏ဘေးမှ မခွဲတမ်း လိုက်ပါသွားလေသည်။





"ခွေးတွေ အားကြီးသတ္တိကောင်းတယ်"

မစ္စတာနိုမူရက ပြောလိုက်သည်တွင် မေဂျာနာခူးသည် စိတ်မချမ်းသာသည့်မျက်နှာဖြင့် . . .

"ဒီလူ အသက်မှရှင်ပ့ါမလားဗျာ၊ တောကြီးတောင်ကြီးထဲမှာ နေရတဲ့လူတွေအဖြစ်ဟာ သနားစရာပဲ၊ ဒါကြောင့်လဲ ဇိုလ်မှူးကြီးဟာ မကြာခဏ သားကောင်တွေဆိုးသွမ်းတာ တွေ့နေရတာမို့ သားကောင်ကြီးတွေ သုတ်သင်တဲ့အလုပ် ဝါသနာပါပုံပဲ၊ ကျွန်တော်လဲ ဒီကမ္ဘာမှာ ဒီလိုအကောင်တွေ သုတ်သင်ပ့ါမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်ခင်ဗျာ"

✣

# ရိက္ခာလုပွဲ

တစ်တောလုံး ဟိတ်ဆိတ်နေသည်။ မှောင်ကလည်း ပိန်း၍ မှောင်နေသည်ဟု ထင်မိသည်၊ ထင်းအားကောင်းကောင်းနှင့် တဟုန်းဟုန်းတောက်လောင်နေရာ မီးဖိုကြီးများ၏ အလင်းရောင်များနှင့်တကွ အောက်လင်းမီးအိမ်ကြီးများ၏ အလင်းရောင်များသည် စုပေါင်း၍ အလင်းရောင်ထွက်သမျှသည် စခန်း၏အပြင် ကိုက်တစ်ရာထက် ကျော်လွန်ကာ အမှောင်ထုကို မဖောက်ထွင်းနိုင်တော့ချေ။ မစ္စတာနိုမူရတို့ လူကြီးတစ်သိုက်အား စခန်းအလယ်တွင် မိုးကာတဲကြီးတွေနှင့် နေရာချထားပြီး ကျွန်တော်တို့မှဆိုးတစ်သိုက်က စခန်းအပြင်တွင် အစွန်ဆုံးနေရာတွေတွင် မိုးကာတဲအသီးသီးဖြင့် နေရာယူထားပါသည်။

မနက်ခင်းက သေနတ်လက်တည့်စမ်းရင်း ပစ်ခတ်၍ ရရှိခဲ့သော ဂျီတစ်ကောင်၊ ဝက်နှစ်ကောင်နှင့် သောင်းကျန်းသူ ဝက်ဝံကြီး၏ အသားတွေကို ရိက္ခာခြောက်စုဆောင်းသည့်အနေဖြင့် မီးအားကောင်း

သလောက် ရဲရဲတောက်နေသော မီးဖိုကြီးတွေတွင် အသားကျပ်တင်အဖြစ်နှင့် ကျပ်တင်ကာ ဆင်သမားတွေ၊ ကူလီတွေကပါ ညဥ့်ဦးယံတွင် လုပ်ဆောင်နေကြပါသည်။

ရိက္ခာတင်ဆင်တွေကိုလည်း စခန်းနှင့် ချောင်းအကြား ဝါးတောကြီးထဲတွင် လက်တစ်ဖက်စီ ထုံးခတ်၍ အစာစားသောက်ရန် လွှတ်ထားခဲ့သည်။ သံကြိုးသံတချွင်ချွင်နှင့် တချို့တချို့တွင် တစ်ကောင်နှင့်တစ်ကောင် တိုးကြဖော့ကြသည့် အသံများကိုလည်းကောင်း၊ တစ်ချက်တစ်ချက်တွင် ဝါးများကို တကျွတ်ကျွတ်ချိုး၍စားသောက်သည့် အသံများသည် ညဥ့်ဦးယံကို တန်ဆာဆင်ကာ တောတစ်ပြင်လုံး၌ လှုပ်ရှားသံများဖြစ်နေစေပါသည်။ ဆင်အကောင်သုံးဆယ်ကျော်၏အင်အားမှာ မသေးလှပါ။ တော်တော်တန်တန်ကျားရဲများပင်လျှင် ဤမျှအင်အားကြီးမားသော ဆင်အုပ်ကြီး၏အနီးသို့ မချဥ်းကပ်ဝံ့ပါ။

အသားကျပ်တင်သူများသည် လက်က အလုပ်လုပ်ကြသလောက်၊ ပါးစပ်ကလည်း ခပ်သွက်သွက် အလုပ်လုပ်နေကြသည်။ ကျပ်တင်ထားသော ရဲရဲတောက်နေသော မီးကျီးခဲရဲတွင် လက်ဖက်ရည်ကြမ်းအိုးကြီးတွေ အငွေ့တထောင်းထောင်းတည်ရင်း အသားကင်တစ်လှည့်၊ အသားကြော်တစ်လှည့်နှင့် လက်ဖက်ရည်ကြမ်းနှင့် မိတ်ဖွဲ့၍ စားသောက်နေကြသည်။ ဆင်သမားတွေရော၊ ကူလီအလုပ်ကြမ်းလုပ်ရန် ငှားရမ်းလာသောသူများပါ အသားအတော်ပြတ်လတ်နေကြောင်းကို ၎င်းတို့၏စားသောက်နေပုံတွေက မငြင်းမကွယ်တမ်း သက်သေခံနေလေသည်။

"လက်ဖက်ရည်ကြမ်းနှင့်မြည်းဖို့ရာအကောင်းဆုံးက ဂျိသားကျပ်တင်ခြောက်ကို နှမ်းဆီကောင်းကောင်းနဲ့စိမ်ပြီး စားတာ၊ လက်ဖက်ရည်အမြည်းပဲဗျ"





ဆင်အုပ် ကိုကျော်အေးသည် တုံးတိုကြီးကိုစွကာ အခန့်သားထိုင်ရင်း လက်ဖက်ရည်ကြမ်းတစ်ပန်းကန်နှင့် ဂျိသားခြောက်ကို အားရပါးရလွေးရင်း ပြောလိုက်ပါသည်။

"ဟော့ . . . ညီပုတို့ ဟောဒီမှာ ရေနွေးတွေဆူနေပြီကွ၊ လာယူကြ၊ ပျော်ပျော်ပါးပါး စားသောက်ကြဟေ့၊ အသားတွေလဲ မင်းတို့ကြိုက်သလို . . . "

ဆင်အုပ်ကြီးဦးမင်းခင်သည် သူ၏ဆင်သမားတွေက ဒီလိုတောကြီးထဲမှာ ဗိုလ်မှူးကြီး ခရီးထွက်တိုင်းလိုက်ရတာ အားကြီး အကျိုးများတယ်တဲ့၊ ငွေသားလဲ ရတယ်၊ ပြီးတော့ ရိက္ခာလဲ ရတယ်၊ နောက်ပြီး ဗိုက်ကားအောင်စားရရုံမကဘူး၊ ခရီးဆုံးလို့ ဆင်စခန်းပြန်ရရင် အသားခြောက်တွေဟာ ဆင်တဲမှာ စုပုံနေလို့ တစ်လကိုးသီတင်းမကုန်ကြောင်း ပြောနေတယ်ခင်ဗျ"

တဟဲဟဲသဘောကျစွာဖြင့် ဦးမင်းခင်သည် နှုတ်ခမ်းမွေးကြီးကိုသပ်ကာ ရယ်မောရင်း . . .

"သူများတွေ ခေတ်ပျက်နေပေမယ့် တို့က ခေတ်ကောင်းနေတာပေါ့ကွာ၊ အမှီကောင်းရင်တစ်ချက်ဆိုတာ မှတ်ထားပေါ့ကွာ၊ မင်းတို့ဆေးလိပ်လောက်ရဲ့လားကွ"

"ရှိပါတယ်ဆရာကြီး . . . စခန်းချရင်ချချင်းပဲ ရဲဘော်တွေကိုယ်တိုင် တစ်ယောက်ဆယ်လိပ်စီ လိုက်ဝေတာ၊ ခုမှ သုံးလိပ်ပဲကုန်သေးတယ် ဆရာကြီး"

ရှိုင်းဖယ်တစ်လက်စီပိုက်၍ မီးလှုံရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောနေသော လူအုပ်များအတွင်းမှ တိုက်မရွာခေါင်း မိုးစွေသူကြီး၊ မုဆိုးဦးဘိုးရုံ၊ ဦးနု၊ ရဲဘော်ကျော်လှိုင်၊ ရဲဘော်မောင်ထွန်းတို့လှသိုက်ကလည်း တချို့တချို့တွင် ပျက်လုံးကျကာ ဆဲဟားဟားရယ်မော

နေကြသလောက်၊ မိုးကာတဲအတွင်း၌ ကျွန်တော်တို့လူကြီးပိုင်းကလည်း ရွှေခမိုးစဉ်ကို ဆွေးနွေးတိုင်ပင်နေကြပါသည်။

ကျွန်တော်တို့ခရီးသည်အဖွဲ့သည် လဲဝန်းစခန်းတွင် တစ်ညသာ စခန်းချ နေထိုင်ကြသည်။ လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ချောင်းရေစီးသံများသည် တိတ်ဆိတ်စပြုနေသော ညဦးယံအဖို့ ကျယ်လောင်သောအသံများ ဖြစ်စေတော့၏။

တစ်ခဏအတွင်း၌ စားသောက်နေသော ဝန်တင်ဆင်များဆီမှ မာန်သွင်း၍ တကျွစ်ကျွစ်အော်သံများသည် လည်းကောင်း၊ နှာမောင်းများဖြင့် မြေကြီးကို တဘုတ်ဘုတ်ရိုက်ခတ်သံများသည် အလျှိုလျှို ပေါ်ထွက်လာတော့သည်။

"ဟော့ . . . ဆင်တွေ တောကောင်အနံ့ရလို့ကွ၊ အရေးထဲမှာ ဒီလောက်အင်အားကောင်းနေတဲ့ဆင်အုပ်အနားမှာ တောကောင်ကကပ်ဝံ့သေးတာ အံ့ပါရဲ့ကွာ"

ဆင်သမားတစ်ယောက်က ပြောလိုက်သည်တွင် တစ်ယောက်က ကြားဝင်၍ . . .

"အသားကျုပ်တင်တဲ့အထဲမှာ တောကောင်သားပါ ရောပါသွားချင်လို့ဖြစ်မှာပေါ့ကွာ"

ဝါးခနဲရယ်မောသံများသည် 'ဆင်သမားများ၏ မိုးကာတဲအတွင်းမှ ပေါ်ထွက်လာပါသည်။

စခန်းတစ်ဝိုက်ရှိ တောတန်းမှ ညဦးအချိန်ကျက်စားသော မျောက်မောင်းမအော်သံများ၊ ကုတ်ကလူငှက်ကြီးများ၏ အော်မြည်သံများသည် ဆူညံစွာ ပေါ်ထွက်လျက်၊ အသည်းငယ်သူများအဖို့ ကြောက်အားပိုစရာအသံများ ဖြစ်ပါတော့သည်။





မြို့ပြတွင်း၌ မိုးဦးကျစအချိန်ဖြစ်၍ ဘိုက်စပ်စပ်ရာသီဥတု ဖြိုး မှိုနေသော်လည်း တောကြီးခေါင်ခေါင်တွင်းရှိ ကျွန်တော်တို့အဖို့၌ တောရိပ်တောင်ရိပ်များကြောင့် စောင်တစ်ထည်စီ ခြုံလွှမ်းကာ တစ်ညဉ့်တာ ကျော်လွှန်ဖို့အရေးအတွက် ခေါက်ခုတင်များဆီသို့ ဝင်ရောက်ကာ အိပ်စက်လိုက်ရပါသည်။

အပြင်ဘက်တစ်လွှားမှ ကင်းစောင့်နေသော ကင်းသမားများ၊ ရဲဘော်ကျော်လှိုင်တို့၏စကားပြောသံသဲ့သဲ့ကို နားထောင်ရင်း ကျွန်တော်သည် ငိုက်မျဉ်း၍ အိပ်ပျော်ခဲ့ပါတော့သည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့စစ်ဆေးရေးအဖွဲ့သည် ငါးလိုက်ချောင်းကမ်းပါးတစ်လျှောက်မှ သစ်မျှောချရာစခန်းများအသီးသီးသို့ လိုက်လံ၍ စစ်ဆေးကြည့်ရှုပါသည်။ ငါးလိုက်ချောင်းမှာလည်း အောက်ပိုင်းကလောက် မကျယ်ဝန်းတော့ဘဲ ရေကလည်း သိသိသာသာကြီး ကျဆင်းသွားသည်ကို သတိပြုမိသည်။ သဒိုးမျှောင်သစ်ချဆိပ်၊ လဲဝန်းသစ်ချဆိပ်နှင့် ဘုရားတိုသစ်ချဆိပ်များ၏ အခြေအနေများကို စစ်ဆေးခဲ့သည်။ ငါးလိုက်ချောင်းအထက်ပိုင်း ကျွန်တော်တို့စခန်းချနေရာ လဲဝန်းစခန်းမှအထက်တွင် သစ်ချဆိပ်များ၏ အရန်သင့်ချထားသော သစ်များသည် ခြေရာလက်ရာမပျက် ပုံလျက်တွေ့ရပြီး ချောင်းရေသည် သစ်တုံးမျှောပါသွားလောက်အောင် ရေမတက်ခြင်းကို တွေ့မြင်မိသည်။

"ဘယ့်နှယ့် . . . ဒီသစ်ချဆိပ်တွေမှာ သစ်တွေတစ်ပုံကြီးပါကလား ဗိုလ်မှူး၊ အောက်ပိုင်းတော့ သည်းလိုက်တဲ့မိုးနှယ်၊ ဒီကျတော့ ဟုတ်တိပတ်တိမရွာတဲ့လက္ခဏာပဲဗျ"

ကိုဘိုးဟန်သည် အံ့ဩစွာဖြင့် တောင်ပုံရာပုံတင်ထားသော သစ်များကိုကြည့်ကာ ပြောလိုက်သည်။

မစ္စတာနီမူရ၊ မစ္စတာနီတိုးနှင့် လက်ရုံးအဖွဲ့ဝင်များသည် အခြေအနေပြောင်းလဲလာပုံနှင့်တကွ သစ်ပုံကြီးတွေကို ကြည့်ကာ အချင်းချင်း ခေါင်းချင်းရိုက်ခမန်း ဆွေးနွေးနေကြသည်။

"မတတ်နိုင်ဘူး နီတိုးစံ . . . မိုးကြီးကြီးကျယ်ကျယ်မရွာတာ အားကြီးခက်တယ်၊ ဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ ရာသီဥတုပဲ"

နီမူရစံသည် မိုးကောင်းကင်ကိုကြည့်ကာ ပြောလိုက်သည်တွင်

"ခါတိုင်း နှစ်စဉ်ချောင်းများမှာ မိုးအကြီးအကျယ်ရွာနေကျပဲ ခင်ဗျ၊ ဒီနှစ်တော့ မစဉ်းစားတတ်အောင်ဖြစ်နေတယ်၊ ဒီစခန်းတွေ အောက်ပိုင်းမှာရှိတဲ့ သစ်စခန်းတွေမှာတော့ သစ်တုံးတွေ မျောပါသွားအောင် ချောင်းရေကြီးစီးပြီး ကျွန်တော်တို့ရောက်နေတဲ့ လဲဝန်းစခန်း အထက်ပိုင်းမှာတော့ ချောင်းရေမကြီးတာ၊ မိုးမရွာတာဟာ အံ့ဩစရာပဲ"

ဦးဘိုးဟန်သည် ဂျပန်တွေ ဘာအကြောင်းကြောင့် ခေါင်းချင်းရိုက်ခမန်း တိုင်ပင်နေသည်ကို မေးမြန်းရာ မိုးမရွာ၍ သစ်တွေ ချောင်းထဲ မကျပုံများ ပြောဆိုနေကြောင်းကို ကျွန်တော်ကတစ်ဆင့် ပြန်၍ပြောလိုက်ရသည်။ ဦးဘိုးဟန်သည် ချက်ချင်းပင် ကျွန်တော်တို့စုပြုံရပ်နေရာအောက်မှ မြေကြီးကို ဓားမြှောင်နှင့် လေးငါးချက်ဆွကာ မြေမှုန့်များကို ကောက်ယူပြီး လက်ပေါ်တွင် အပြန်ပြန်အလှန်လှန် ကြည့်ရှုလိုက်ပြီး

"မိုးမရွာဘူးဆိုတာတော့ လုံးလုံးမဟုတ်ဘူးဗျ၊ ကြည့်ပါလား မြေမှုန့်တွေက စေးကပ်နေတယ်၊ စိုလဲစိုထိုင်းနေတယ်၊ မိုးတော့ မိုးသေးမိုးဖွဲ့အဖြစ်နဲ့ ရွာရမယ်၊ မိုးမသည်းတာတစ်ခုပဲ၊ ရေမစီးတာ တစ်ခုပဲ ရှိမယ်၊ ချောင်းဖျားမှာ မိုးကြီးကြီးမရွာတာကတော့ ထူးတယ်ဗျ"

မှန်ပေသည်။ ကျွန်တော်တို့၏ပတ်ဝန်းကျင်တစ်လျှောက်မှ သစ်ပင်ဝါးပင်ခြုံလွှာများသည် မိုးရေကို ရရှိသောအထိမ်းအမှတ်အဖြစ်ဖြင့် စိမ်းလန်းစိုပြည်နေသည်ကို တွေ့ရသည်။





ထုံးစံအရ ငါးလိုက်ချောင်းများ၌ နှစ်စဉ်နှစ်တိုင်း မိုးဦးကျအချိန်ကစ၍ မိုးသည်းထန်စွာ ရွာသွန်းရမြဲ ဖြစ်ပါသည်။

အောက်ချင်းငှက်တစ်အုပ်ကလည်း ချောင်းဟိုဘက်ကမ်းမှ ဒီဘက်ကမ်းသို့ အုပ်လိုက်ချီကာ ပျံသန်းလာရင်း တကစ်ကစ်နှင့်မြူးပျော်ကာ ဘာသာဘာဝ အစာရှာဖွေလျှက်။

ခေါင်းနှစ်ကောင်သည် တစ်ဖက်ကမ်းရေစပ်သို့ ရေသောက်ဆင်းခဲ့ရာတွင် ကျွန်တော်တို့ကို တွေ့မြင်သွားသည်တွင် ကြောက်လန့်တကြားနှင့်လာရင်း တောထဲသို့ ပြန်ကာပြေးလွှားသွားပါသည်။

✣

## လက်စားချေတုံ့ပြန်မှု

ခြုံလွှာများအကြားမှတန်းနေသော နွယ်ပင်များနှင့် ကြိမ်ပင်များ တချို့တချို့ နေရောင်ခြည်ပင် ပျောက်ကွယ်ခမန်း အထက်ရှုပ်နေသည်။ တောအခေါ် အဝေါ် အရ ရိုပ်ကြီးနေတော့သည်။

စစ်ဆေးရေးအဖွဲ့ဝင်များသည် ကျွန်တော်နှင့် ဦးဘိုးဟန်တို့၏ ခေါင်းဆောင်ရှေ့ခေါ် ရာနောက်သို့ တကောက်ကောက်လိုက်ပါလာကြသည်။ တစ်တန်းစီတန်းကာ တစ်လှမ်းချင်းတက်ခဲ့ကြသော ကျွန်တော်တို့လူသိုက်သည် လဲဝန်းစခန်းမှ ချောင်းဖျားဆီသို့ ခရီးဆက်ခဲ့ကြပြန်သည်။

ကျွန်တော်တို့သည် ချောင်းအရှေ့ဘက်ကမ်းအတိုင်း လမ်းထွင်၍တက်ခဲ့ကြသည်။ ချောင်းထဲမှရေသည် ခပ်ဖြည်းဖြည်းစီးဆင်းနေသည်ကို သတိပြုမိသည်။ မစ္စတာနီမူရသည် သစ်ပင်ကြီးများခွဆုံကတောပန်းတွေ၊ သစ်ခွပန်းတွေကို တအံ့တဩကြည့်ကာ . . .

"ဗိုလ်မှူးကြီးတို့တိုင်းပြည်ဟာ အင်မတန်မှ သာယာလှတယ် ခင်ဗျာ၊ တောတောင်ကလဲ ကြီးပါတယ်၊ ရုတ်တရက်ကြည့်ရင် တိုက်ဝမ်း (ဖော်မိုးဆားကျွန်း)နဲ့ တူတယ်ခင်ဗျ၊ ဒါပေမယ့် တောကျတော့ တိုက်ဝမ်း ကျွန်းထက် ထူထပ်တယ်"

"ဟုတ်ပါတယ် နိုမူရစ်၊ တောင်တွေကျတော့ တိုက်ဝမ်းကျွန်း လောက် မမြင့်ပါဘူး၊ ဒီမှိုမှာ အမြင့်ဆုံးတောင်က ပေတစ်သောင်း ကျော်လေးပါပဲ၊ တိုက်ဝမ်းကျွန်းက တောင်တွေဆိုရင် ကျွန်တော်ကြား ဘူးတာက ဆီးနှင်းတွေ တချို့တောင်ထွတ်တွေမှာ နှစ်တောင်နီးပါး ကပ်နေတာ တွေ့ရတယ်ခင်ဗျ"

"မှန်ပါတယ် ဗိုလ်မှူးကြီး၊ သားကောင်တွေကျတော့ မြန်မာက ပိုမိုပြီးအမျိုးစုံပါတယ်၊ ကျွန်တော်တို့မတွေ့ဘူးတဲ့ ကြားရုံသာကြားရတဲ့ သားကောင်ကြီးတွေလဲ ရှိတယ်၊ ဥပမာ-ကျား၊ ကျားသစ်ကြီး၊ တောဆင် တွေ ဘယ်လိုတောမျိုးထဲမှာရှိသလဲ ဗိုလ်မှူးကြီး"

"တခြားတောမှာ ရှာစရာမလိုဘူး၊ ခု ကျွန်တော်တို့လျှောက် နေတဲ့ ချောင်းအနောက်ဘက်ကမ်းနဲ့ ဒီဘက်ကမ်းမှာရှာရင် မကြာပါ ဘူး၊ မနေ့ညက လဲဝန်းစခန်းမှာ ကျွန်တော်တို့စခန်းချနေရာမှာ ကျား လာလို့ ဗိမ်ဆင်တွေက သိပြီး အချင်းချင်းအချက်ပေးတာ နိုမူရစ် မသိလိုက်မိဘူး၊ ပြောင်ရော၊ ကျားရော ဒီတောထဲမှာ ရှိနေတယ်ခင်ဗျ သူတို့က အပုန်းအကွယ်ကောင်းလို့ ကျွန်တော်တို့ ရုတ်တရက်မတွေ့ ရတာပါ၊ ရှေ့လျှောက် အများကြီးတွေ့ရပါလိမ့်မယ်၊ ပစ်စရာအခွင့် အလမ်းရှိပါတယ် နိုမူရစ်"

"ကောင်းလိုက်လေဗျာ . . . ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ ခုလို ခရီးထွက်ခဲ့ရတာ တာဝန်ကြီးတစ်ရပ်အနေနဲ့ ထမ်းရွက်ပြီးထွက်လာခဲ့ ပေမယ်လို့ ဗိုလ်မှူးကြီးအစီအမံကောင်းလို့ ခရီးမပင်ပန်းရုံမကဘဲ





ပျော်ပွဲစားသေနတ်ပစ်ထွက်ရသလိုပဲ၊ ခရီးလဲရောက်တယ်၊ အလုပ်လဲ ပါတယ်၊ စိတ်တွေလဲ အားကြီးပျော်ရွှင်တယ်ခင်ဗျ၊ ကျွန်တော်တို့လဲ မဂျာနာဂရူးတို့လို သေနတ်ပစ် ကျကျနနသင်ပေးပါခင်ဗျာ၊ စစ်တိုက် တတ်တာနဲ့ အမဲပစ်တတ်တာ တခြားစီပဲ၊ ခုမှ ကိုယ်တွေ့အနေနဲ့ နားလည်သဘောပေါက်လာတယ်၊ အမှန်အတိုင်းဝန်ခံပါတယ် ဗိုလ်မှူး ကြီး"

"အခွင့်သင့်သလို ကျွန်တော် ကူညီသွားပါ့မယ်ခင်ဗျာ၊ ဒါနဲ့ ကျွန်တော်တို့အားလုံး ငှက်ဖျားကာကွယ်ဆေးတွေ သောက်ကြဖို့ အရေး ကြီးပါတယ် နိုမူရစ်၊ ဒီနေရာဟာ ငှက်ဖျားအလွန်ကြီးတဲ့ဒေသ ဖြစ်ပါ တယ်၊ ရေကိုလဲ ကျိုချက်ပြီးမှ သောက်သုံးကြဖို့နဲ့ ပြီးတော့ တတ်နိုင်ရင် အစားအနေမှန်ဖို့ ဖြစ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော့်အဖွဲ့သားတွေ ကိုလဲ ဒီနေ့ညဥ့်ကစပြီး ငှက်ဖျားဆေးတွေ သောက်စေပါ့မယ်ခင်ဗျာ၊ ဟုတ်ပါတယ်၊ ငှပ်ဖျားထူထပ်ပုံပဲခင်ဗျ၊ တောက အားကြီးကြီးပြီး နေရိပ် မထိုးစတမ်းပဲ ခင်ဗျာ"

ဦးဘိုးဟန်သည် ကျွန်တော့်ရှေ့မှ တစ်လှမ်းချင်းတက်နေရာမှ ရပ်၍ နားစွင့်ကာထောင်လိုက်သည်။ သူ၏အမူအရာမှာ အဓိပ္ပာယ် ရှိလှပေသည်။ အကြောင်းမဲ့ မည်သည့်အခါမှမလုပ်ခဲ့သော ဦးဘိုးဟန်၏ အမူအရာကြောင့် ကျွန်တော်ကပါ ရပ်၍ နားစွင့်ကာထောင်လိုက်သည်။

"တောခွေးတွေအသံလားလို့ဗျာ၊ ကြားလိုက်ရဲ့လား"

မှန်နေပါသည်။ မကြာခင် တအိုင်အိုင်နှင့် ကျွန်တော်တို့၏ အရှေ့ဘက် တစ်ဖာလုံခန့်ဆီက ခွေးသံများ ဆက်တိုက်ပေါ်လာပါ သည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်တွင် . . .

“အသာရပ်နေကြပါဦးဗျာ၊ တောခွေးတွေအနိုပ်အကဲ ကြည့်
ရအောင်၊ ကြားဝင်ပြီး ဒီကောင်တွေကိုက်လာတဲ့အမဲကို ဝင်လုရအောင်”
သူသည် ပြောပြီး လက်တစ်ဖက်ကိုမြှောက်၍ နောက်က
လာသော လူများဆီသို့ ပြလိုက်ရာ လူတန်းကြီးသည် တစ်ခဏတွင်း၌
ရပ်၍ငြိမ်သက်စွာ အနိုပ်အကဲခတ်နေကြသည်။

စားရတော့မဲ့သော သားကောင်၏ အသည်းနှလုံးကို တုန်လှုပ်
ချောက်ချားစေသော တောခွေးများ၏ မာန်သွင်းကာဟိန်းသံများသည်
ဆက်တိုက်ပေါ် ထွက်လာသည်။ တစ်ခဏအတွင်းအခဆုံး၌ကား ကျွန်တော်
တို့ ပုန်းအောင်းနေရာဆီသို့ ချုံတိုးသံ၊ ခြေသံတွေနှင့်အတူ ရှေ့ဆုံးမှ
ဆတ်ကျွဲကြီးတစ်ကောင်သည် အူယားဖားယားနှင့် ပြေးထွက်လာသည်
ကို ပထမဦးဆုံး တွေ့မြင်လိုက်ရတော့၏။ ဆတ်ကျွဲဆိုသော ဆတ်မျိုး
ကား အရောင်အဆင်းကလည်း ညိုသန်းသန်းရှိပြီး ကိုယ်ကာယအားဖြင့်
သာမန် ဆတ်တင်ပနီ၊ ဆတ်ကာ့လားတို့ထက် ထွားကျိုင်းကြီးမားလှ
ပါပေ၏။

ဆတ်ကျွဲကြီးသည် ပါးစပ်မှ အမြှုပ်တွေ တစီစီထွက်နေ
သလောက် ခရီးဝေးရာက ဆက်တိုက်မရပ်မနားပြေးလွှားခဲ့ရသည့်ဒဏ်
ကြောင့် အမောဆို့ခါနီးအခြေအနေသို့ ရောက်နေကြောင်းကို သူ၏
ခယိုခယိုင်ပြေးလာမှုက မလွတ်တမ်းလိုက်ပါလာသော တောခွေးကြီး
ကိုလည်း တစ်ဆက်တည်းတွေ့မြင်လိုက်ရပါသည်။ ဆတ်ကြီးသည်
ကျွန်တော်တို့ပုန်းအောင်နေရာဆီသို့ ဦးတည်ကာ ပြေးလွှားလာစဉ်တွင်
ရှုနဲ့ရှဲ့ပေလော၊ သို့မဟုတ် ပြေးလမ်းအခြေအနေမကောင်း၍ပေလော၊
ဝေခွဲ၍မရသည့်အဖြစ်မျိုးနှင့် ရှေ့တည့်တည့်သို့ ပြေးနေရာမှ ဘေးသို့
ဖယ်၍ပြေးရန် ဦးခေါင်းအနည်းငယ်စောင်းလိုက်သည်တွင် နောက်မှ
ကပ်လျက်လိုက်ပါလာသော ခွေးအုပ်ကြီးထဲမှ တောခွေးတစ်စုသည်





ပြန်းခနဲ နောက်မှ ဆတ်ကြီး၏ဝဲယာသို့အရောက် ပန်း၍တက်လိုက်ပြီး
ဆတ်ကြီး၏ဘေးသားတွေကို ထိုးကာထိုးကာ ဟပ်ဆွဲ၊ဆွဲကိုက်လိုက်
သည်။ ဤတွင် ဘေးသို့ဖယ်ပြေးရန်ပြင်လိုက်သော ဆတ်ကြီးသည်
တုံ့ခနဲ ခြေလှမ်းတွေပြင်ကာ ရှေ့တည့်တည့်သို့ တစ်ဖန် ဦးတိုက်ပြေး
လိုက်ရသည်။ လက်ဝဲဘက်မှ ထိုးကာဟပ်လိုက်သော တောခွေးကြီး
များ၏ ပါးစပ်ထဲ၌ ဆတ်ကြီး၏နံဘေးသားတွေသည် နှစ်ဆယ်သား၊
သုံးဆယ်သားခန့်စီ အတုံးလိုက်အတစ်လိုက် သွေးရဲရဲနှင့် ပါသွားသည်
ကို ကျွန်တော်တို့သည် အံ့အားသင့်စွာဖြင့် တွေ့မြင်လိုက်ရပါသည်။

ကျွန်တော်တို့လူစုထဲမှ အံ့အားသင့်ကာ ကြည့်နေသော
မစ္စတာနိုမူရသည် ကျွန်တော်တို့ဆီသို့ တန်းတန်းမတ်မတ်ကြီး ပြေး
လာသော ဆတ်ကြီး၏ဒုက္ခခံနေရမှုကို မကြည့်ရက်နိုင်သည်ကြောင့်
အလန့်တကြားနှင့် . . .

“အဘူနိုင်နေးခိုးရား” ကြောက်စရာပါကလား၊ လုပ်ကြပါဦး”

ဟူသော အဓိပ္ပာယ်နှင့် လန့်အော်၊အော်လိုက်သည်တွင်
ကျွန်တော်တို့လူစုဆီ ရောက်ရန် ဝါးတစ်ပြန်သာသာ လိုတော့သည်။
ဆတ်ကြီးသည် လူသံကြား၍ တုံ့ခနဲ နောက်သို့လှည့်ကာ ပြေးရန်
ပြင်ဆင်လိုက်သည်။

အကောင်ငါးဆယ်ထက်မနည်းသော တောခွေးအုပ်ကြီးထဲမှ
ခွေးအနက်ကြီးတစ်ကောင်သည် ချက်ချင်းပင် တဝုတ်ဝုတ်နှင့်အော်၍
အသံပြုလိုက်သည့်တစ်ခဏ၌ ကျန်သောတောခွေးများသည် ခြေလှမ်း
ပျက်နေသော ဆတ်ကြီး၏ တင်ပါးဆုံ၊ ဒူးကောက်ကွေးများနှင့် ခြေလက်
များကို ခုန်ကာ၊ အမိအရ ဆွဲကိုက်လိုက်ကြသည်။ နာကျင်မှုဝေဒနာကို
ခံစားရသော ဆတ်ကြီးသည် ခုခံရန်အတွက် သူ၏ချိုကြီးနှင့်ငုံ့ကာ
အောက်မှ ပင့်၍ခတ်ရန် ပြင်ဆင်လိုက်သည်။ တစ်ချက်တည်းပင် ခွေး

နက်ကြီးသည် ဓွေ့ခနဲ ဆတ်ကြီး၏လည်မျိုကို တအားခုန်၍ ရက်ရက်စက်စက် ကိုက်ခဲလိုက်သည်။ ဆတ်တိုက်လိုပင် များပြားလှသော တောခွေးအုပ်ကြီးသည် ဆတ်ကြီး၏ကိုယ်လုံးတစ်လျှောက်၌ အသားတုံးတစ်တုံးကို ပုရွက်ဆိတ်တွေခဲသလို စုပြုံ၍ ဆွဲကိုက်လိုက်သည်ကို နောက်ဆုံး တွေ့လိုက်ရတော့သည်။ ခွေးများ၏ အလုအယက်ကိုက်သံ၊ အချင်းချင်းမာန်သွင်းသံ၊ ဟိန်းသံ၊ အော်သံသည် တစ်တောလုံးဆူညံ၍ သွားပါတော့သည်။

"ဟေး . . . ဟေး . . . လိုက်ဟေ့၊ ခုတ်ဟေ့"

ဟူသော ကုလီများ၏ ဝါးလုံးများကို တဒေါင်ဒေါင်ခေါက်၍ ညာသံများသည် တစ်ခဲနက်ထွက်ပေါ်လာသည်ကြောင့် ဆတ်ကြီးကို အလုအယက်ကိုက်နေသော တောခွေးများသည် ချက်ချင်းခေါင်းထောင်ကာ လဲကျနေသည့် ဆတ်ကြီးဆီမှ အသံတွေ ထွက်ပေါ်လာရာဆီသို့ လှည့်၍ကြည့်လိုက်ကြသည်။

"ဘာတဲ့တုန်း၊ ဝင်လှဟေ့ . . . ချဟေ့ . . . အကုန် ဓားနဲ့ ခုတ်ကွ၊ လိုက်ဟ . . . လိုက်ဟ"

ဟူသာအသံများနှင့်အတူ ဓားတွေ၊ တုတ်တွေ တဝင်းဝင်းနှင့် အပြေးတက်လာသော ကုလီများ၏အသံနှင့်အတူ "ဒိုင်းခနဲ" "ဒိုင်းခနဲ" မိုးပေါ် ထောင်ဖောက်လိုက်သည့် မိုးစွေသူကြီး၏ နှစ်လုံးပြူးသေနတ်သံများအဆုံးတွင် တောခွေးတို့သည် ရေးကြီးသုတ်ပြာနှင့် တောထဲသို့ ပြေးကာ အလျှိုအလျှို ပျောက်ကွယ်သွားပါတော့သည်။

ကျွန်တော်တို့လူကြီးတစ်သိုက်ကလည်း ဆတ်ကြီးရှိရာသို့ ကုလီတွေနှင့်ရောနှောကာ အပြေးသွားရောက်ကြည့်ရှုလိုက်မိသည်။ သွေးရဲရဲနှင့် မြေကြီးပေါ်၌ တုံးလုံးပက်လက် အသက်ပျောက်နေသော ဆတ်ကြီး၏ဝမ်းဗိုက်ကြီးမှာ ဟောင်းလောင်းကြီးဖြစ်၍ ကျန်ရစ်ခဲ့သည်။





နောက်ပိုင်းတင်ပါးတခြမ်းမှာလည်း တောခွေးများ၏ ကိုက်ဝါးကာ စားသောက်သွားခဲ့ခြင်းကြောင့် အရိုးပိုင်းသာ ကျန်ရစ်တော့၏။

"ခင်ဗျားတို့ဟာ သူကြီးရာ . . . ဓားပြလက်က တစ်ဝက်လုတာမျိုး မကောင်းပါဘူးဗျာ"

ဦးဘိုးဟန်သည် ဝမ်းသာအားရဖြစ်နေသော မိုးစွေသူကြီး၏ ကုလီများဆီသို့ လှမ်း၍ပြောလိုက်ရာ . . .

"မတတ်သာဘူး ဆရာဟန်ရေ့ . . . လမ်းကြုံတော့ စားရက်ကြုံလို့ပဲ ယူဆရမှာပဲဗျာ၊ အမဲများများရမှ ကျုပ်တို့လူသိုက်နဲ့ ဓါတ်ယုံလောက်ရုံပဲရှိမှာမို့ လုပ်မိတာပါခင်ဗျာ"

တောခွေးကဲ့သို့ အစာဟာနေပုံရသော ကုလီများသည် ဆုတ်မဆိုင်းပင် တောခွေးတွေ ကိုက်သတ်ခဲ့သော ဆတ်ကြီးအား ဝိုင်းဝန်း၍ ဖျက်ကာ၊ နီးရာဝါးရုံပင်တွေကို ခုတ်ဖြတ်လျက် ထမ်းပိုးများ၊ နီးများအဖြစ် အသုံးပြုပြီး ဆတ်ပေါင်တစ်ဝက်နှင့် ခြေ၊ လက်၊ ခေါင်းတွေကိုပါ တပျော်တပါးကြီးထမ်းလျက် ခရီးဆက်ကြလေသည်။

"တကယ်သတ္တိရှိပြီး ကြောက်စရာကောင်းတဲ့ ခွေးတွေပါကလား ခင်ဗျ"

မေဂျာနာရူးသည် ကျွန်တော့်ကို မေးပြန်သည်။

"ဟုတ်တယ် ဗိုလ်မှူး၊ ကြည့်ပါလား၊ လူတွေကို တွေ့ရင်၊ တွေ့ကြချင်း နောက်ဆုတ်မပြေးကြသေးဘူး၊ မနိုင်ပုံရောက်မှ ခပ်မှန်မှန် တောထဲပြေးဝင်သွားတာ ခင်ဗျ"

ကျွန်တော်တို့ချီတက်ရေးအဖွဲ့ဝင်များသည် ပေတစ်ရာ လမ်းပြောင်ပြောင်ပေါ် ချီတက်နေသည်မဟုတ်ဘဲ ကိုယ့်ဘာသာ လမ်းထွင်၍ ငါးလိုက်ချောင်းအရှေ့ဘက်ဘေးအတိုင်း ခက်ခက်ခဲခဲ ချီတက်နေသည်ကြောင့် ထင်သလောက် ခရီးမရောက်ပါ။ ချောင်းရေမှာလည်း သိသိ

သာသာကြီး လျှော့ပါးသွားသလောက် ချောင်းရေအနက်မှာ ဒူးသာသာ အထိ ထိမ်နေတော့သည်။ ချောင်းကမ်းဘေး တစ်ဖက်တစ်ချက်၌ ဝါးသစ်လုံးတွေသည် နေရာမပျက် တင်၍နေတော့သည်။ မိုးဦးကျ ကတည်းကပင် ကျွန်တော်တို့တွေ့ရှိရသော ချောင်းလမ်းကလေးတစ် လျှောက်၌ နွံသဲများ သစ်ဆီသို့ ရေအားများများနှင့် ကျခြင်းမရှိပေ။ ရေမကျခဲ့ကြောင်းမှာ ထင်ရှားနေပေတော့သည်။ ထိုချောင်းများ၏သည် မိုးကြီးကြီးကျယ်ကျယ် မရွာသည်မှာလည်း အထူးဖော်ပြရန် လိုမည် မထင်တော့ပါ။

ညနေခြောက်နာရီခန့် မမှောင်တမှောင်အချိန်လောက်တွင် ကျွန်တော်တို့ ချီတက်ရေးအဖွဲ့သည် "ပုန်းတပ်"စခန်းသို့ ဆိုက်ရောက် ခဲ့သည်။ ပုန်းတပ်စခန်းဆိုရာ၌ စခန်းသာနာမည်ရှိပြီး၊ ချောင်းဘေးတွင် ကပ်လျက် မြစ်ကတတ်ဆန်း သစ်ခုတ်သမားတွေ ဆောက်လုပ်ခဲ့သော ယာယီဖက်တဲကလေး သုံးလေးလုံးသာ ရှိသည်၊ ဘေးပတ်ပတ်လည်က တောကြီး၊ တောင်ကြီးတွေ ကာဆီးထားသော စခန်းသာ ဖြစ်ပါသည်။

ညဉ့်ခါတွင် ဦးနု၊ ရဲဘော်တင်နှင့် ကူလီများသည် အရေးတကြီး မီးဖိုခြင်း၊ ချက်ပြုတ်ခြင်းများ ပြုလုပ်စီစဉ်နေကြသလောက် ကျွန်တော် တို့ လူကြီးပိုင်းကလည်း ချောင်းရေ မကြီးသည်ကြောင့် လမ်းတစ်လျှောက် မှ အရန်သင့်တင်ထားသော သစ်ပုံကြီးများ ရေထဲမမျောသည့်အကြောင်း ကို အရေးတကြီး တိုင်ပင်၍ ညဉ့်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ် နေကြပါသည်။

မကြာမီ မှောင်လည်းမှောင်၍ တောအလုံးအမှောင်ထုကသာ ခြယ်လှယ်ဖုံးလွှမ်းလိုက်ပါတော့သည်။





မီးဖိုကြီးများ တထိန်ထိန်ပေါ်ထွက်လာပြီးနောက် စနစ်တကျ နေရာချထားမှုများကို ဦးဘိုးဟန်သည် စီစဉ်လျက်၊ ရိက္ခာဝေငှခြင်း၊ ဆေးဝါးများ ဝေငှခြင်း၊ ဆင်များကို သီးခြားနေရာသတ်မှတ်၍ နေရာ ချထားပေးနေကြသည်။

ရှေးဦးစွာ ထမင်းဟင်းများ ကျက်ပြီးသောအခါ ဆတ်သား လတ်လတ်ဆက်ဆတ် ချက်ပြုတ်ရန်အတွက် ဆင်သမားများရော၊ ကူလီ များပါ ဆတ်သားများကို တဒုံးဒုံးခုတ်ထစ်လိုက်ကြသည်။ ဆတ်သား ပေါ်မှ သွေးနံ့၊ အညှီနံ့များသည် လက်ဖက်ရည်ကြမ်းသောက်နေကြ သော ကျွန်တော်တို့လူကြီးပိုင်းဆီသို့ တထောင်းထောင်းအနံ့တွေ ရောက် ရှိခဲ့လေသည်။

စခန်းအတွင်း၌ စခန်း၏ဘေးပတ်ဝန်းကျင်ဆီမှ တစ်ခဲနက် ဟိန်းသံဟောက်သံတွေသည် တစ်ပြိုင်နက်တည်း ပေါ်ထွက်လာပြီး နောက် ရှေ့ဆင့်နောက်ဆင့်ပင် မီးရောင်တွေ ထိန်လင်းနေသော စခန်း ဆီထဲသို့ တောခွေးအုပ်ကြီးသည် နေရာအနှံ့အပြား ရဲတင်းစွာ အပြေး ရောက်လာတော့၏။ ဆင်သမားများ၊ ကူလီများသည် နီးရာဓားများ၊ ဝါးလုံးများကို ဆွဲကိုင်ကာ စခန်းဆီသို့လိုမ့်ကာအပြေးဝင်ရောက်လာသော တောခွေးများကို ပစ်ခတ်ကြလေသည်။ တောခွေးများလည်း ရဲရဲစွာ တွေ့ရာလူကို ဆွဲကာကိုက်လျက် စခန်းတစ်ခုလုံး ဆူညံနေတော့၏။

ကျွန်တော်သည် ခါးမှ . ၃၈ ပေါ်ယ်ရှယ် ခြောက်လုံးပြူးကို ကပျာကယာဆွဲထုတ်ကာ ခုတ်ဖြတ်ထားသည့် ဆတ်သားများရှိရာသို့ အလုအယက်ပြေးသွားနေသော ခွေးကြီးတစ်ကောင်ကို ပစ်ချလိုက်သည်။ ဦးဘိုးဟန်သည် သူ၏လက်တွင်း၌ ဆွဲကိုင်ထားသော . ၄၀၄ မော်ဇာ ရိုင်ဖယ်နှင့် သူ့ဆီသို့ကိုက်ရန် ပြေးတက်လာသည့် တောခွေးကြီးကို ပစ်ခတ်၍ချလိုက်ရာ ရိုင်ဖယ်သံအဆုံးတွင် တောခွေးကြီး၏ရှေ့ရင်ဘတ်

တစ်ခြမ်းမှာ ကော်ဒိုက်ယမ်းအားကောင်းလှသော ရိုင်ဖယ်ကျည်ဆန် နေ့ာတ်သို့ ပြတ်၍ပါသွားတော့၏။

မေဂျာနာဂူး၊ မစ္စတာနိုမူရ၊ မစ္စတာနိတိုးတို့သုံးဦးနှင့်တကွ ဂျပန်အဖွဲ့ဝင်များသည် စစ်သုံး ဂျပန်ရိုင်ဖယ်များနှင့် မိုးကာတဲများသို့ တပ်ဖြန့်တာပြေးတက်လာသည့် တောခွေးအုပ်ကြီးကို တဒိုင်းဒိုင်းပစ်ခတ် ဖြိုခွင်းနေကြသည်။ သမုဒ္ဒရာဝမ်းတစ်ထွာအရေး အစာလုယက်မှုမှစ၍ ပေါ်ပေါက်ဖြစ်ပွားခဲ့သော ကျွန်တော်တို့ချီတက်ရေးအဖွဲ့ဝင်များနှင့် များစွာသော တောခွေးအုပ်ကြီးတိုက်ပွဲကား မကြာမီကလေးတွင် ပြီးဆုံး သွားခဲ့ပါသည်။ ကျွန်တော်တို့ဘက်က တောခွေးအကိုက်ခံရ၍ အသား တစ်များ ပါသွားခြင်းခံရသူ အလုပ်ကြမ်းသမားနှစ်ဦး၊ ဆင်ဦးစီးတစ်ဦး နှင့် အနည်းငယ် ပေါက်ပြဲဒဏ်ရာရသည့် လူနာခြောက်ဦး ဖြစ်ပါသည်။ နေရာအနှံ့အပြား၌ ကျဆုံးကျန်ရစ်သော တောခွေးများ၏အလောင်း များမှာ အကောင်သုံးဆယ့်ခြောက်ကောင်ဖြစ်၍ သေနတ်ဒဏ်ရာနှင့် ကျဆုံးနေသောတောခွေး နှစ်ဆယ့်ရှစ်ကောင်ဖြစ်၍ ဆင်ဦးစီးများနှင့် ကူလီများ၏ ဓားဒဏ်ရာကြောင့် ကျဆုံးသောတောခွေးများဦးရေမှာ ရှစ်ကောင်ဖြစ်ပါသည်။

တောခွေးကိုက်ခံရသော လူနာများကို ဂျပန်ဆေးတပ်ကြပ်က ချက်ချင်း ထိုးဆေးများထိုးနှံ၍ ထိထိရောက်ရောက် ကုစားပေးနေလေ သည်။

မေဂျာနာဂူးသည် ခေါင်းတညိတ်ညိတ်နှင့်စဉ်းစားရာမှ . . .

"ကျွန်တော်တို့ သေနတ်တွေသာ မပါခဲ့ရင် ဒီတိုက်ပွဲမှာ အရှုံး ရမှာ မုချပဲ၊ အားကြီးကြောက်စရာကောင်းတဲ့ တောခွေးတွေပဲ ဗိုလ်မှူး ကြီး၊ ကျွန်တော်ရောက်တဲ့နိုင်ငံတွေမှာ မြန်မာပြည်က တောခွေးဟာ သတ္တိအရှိဆုံး၊ အဆိုးဆုံးဆိုတာ ကိုယ်တွေ့ပါပဲခင်ဗျာ"





ကျွန်တော့်ကို အရေးတကြီးဝန်ခံပြောဆိုလိုက်ပါသည်။

"ဘယ့်နှယ့်လဲ . . . ကျုပ်တို့လူသိုက်တွေ အမဲသားပစ်တာ မိရင် ခုတိုက်ပွဲမှာ ကျကျန်ရစ်တဲ့ တောခွေးသားတွေလဲ ဖျက်စားကြရ အောင်၊ လုပ်လေဗျာ . . . သူကြီး"

ဦးဘိုးဟန်သည် တဟားဟားရယ်မောရင်း ပြောလိုက်ပြီ . . .

"ထင်းတွေ မြန်မြန်စုကြချို၊ မီးဖိုတွေ စခန်းတစ်ဝိုက်မှာ စေ့အောင်ဖိုကြ၊ အလစ်မပေးကြနဲ့၊ ခွေးတွေ အခဲမကျေသေးဘူး"

သတိပေးလိုက်သည်တွင် ဆင်ဦးစီးတွေရော၊ ကူလီတွေပါ ဝါးခွန်တွေ၊ ဓားတွေ၊ လှံတွေ အဆင်သင့်လုပ်ရင်း ရဲဘော်ကျော်လှိုင်တို့ လူစုက ရိုင်ဖယ်တပြင်ပြင်နှင့် စခန်းတစ်ဝိုက်သို့ လှည့်လည်ကာ ကင်းစောင့်နေကြသည်။

"လာစမ်းပါစေကွာ . . . တကာယ့်ခွေးတွေ၊ ဒီတစ်ခါ တစ်ချက် တစ်ကောင် မလွတ်တမ်းပစ်ပြမယ်"

တပ်ကြပ်ကြီးသန်းထွန်းသည် ရိုင်ဖယ်ကို အသင့်ကိုင်ကာ ကြိမ်းဝါးနိုင်သည်တွင် . . .

"မြို့မှာ ခွေးတွေမသတ်ခဲ့ရဘဲ တောကြီးမျက်မည်းထဲရောက်မှ ခွေးတွေပစ်ခတ်ပြီး သတ်ရလို့၊ ခွေးသတ်ဗိုလ်ဆွဲရနေမှာ မကြောက်ဘူး လားဟေ့ . . ."

ကျော်လှိုင်က ထ၍မေးလိုက်သည်တွင် စခန်းတစ်ခုလုံး ဝေါခနဲ ပွဲကျသွားပါတော့သည်။

✥

# ရေလုပွဲကြီး

ဒီးဒုတ်မျှောင်စခန်း (သို့မဟုတ်) ချောင်းရေပြတ်စပြုသော ငါးလိုက်ချောင်းဖျားဒေသစခန်းတစ်ခု . . .

တောခွေးအုပ်ကြီး စခန်းကိုဝင်စီးခြင်းခံရသော ပုန်းတပ်စခန်းမှ ဆယ့်နှစ်မိုင်ကျော် ကွာဝေးသော ဒီးဒုတ်မျှောင်စခန်း ဖြစ်ပါသည်၊ ငါးလိုက်ချောင်းဖျားသည် နွေခေါင်ခေါင်ကာလအတွင်းကဲ့သို့ ရေစပ်စပ်ကလေးသာ စီးနေတော့သည်။ တချို့နေရာတွေ၌ ရေသည် လုံးဝပြတ်တော့၏။ တချို့ချောင်းဖျားပိုင်း၌သာ သဲများတွင်းမှ ရေသည် စိမ့်၍စစ်၍ထွက်လျက် စီးနေလေသည်။

ကျွန်တော်တို့သည် စခန်းထိပ်၌စုပြုံ၍ရပ်ကာ မြေမျက်နှာပြင် အခြေအနေကို လေ့လာအကဲခတ်နေကြသည်။ တပ်စခန်းချရာတစ်ဝိုက်၌ နေရာရွေးချယ်ရေးအတွက် လိုက်လံ၍ ဦးဘိုးဟန်နှင့် ကိုဘိုးရံတို့နှစ်ဦးက ခေါင်းဆောင်ကာ ရှာဖွေသတ်မှတ်နေကြသည်။ တောခွေးများ၏ကောင်မှုကြောင့် ယခုအခါ၌ ကူလီရော၊ ဆင်ဦးစီးများ၌ပါ လှံများ၊ ဓားများ အဆင်သင့်ကိုင်လျက် အရေးရှိက တိုက်ပွဲဝင်ရန် အသင့်ရှိနေကြသည်၊ တောကလည်း တကယ့် တောကြီးတောင်ကြီးပင်။ အကြောင်းမှာ ကျွန်တော်တို့ချီတက်ရေးအဖွဲ့သည် ပဲခူးရိုးမကြီး၏မြောက်ဘက်ကျောမကြီးပေါ်၌ ခြေစုံချကာ ရပ်နေမိကြသောကြောင့်တည်း။ ငါးလိုက်ချောင်းများ၏ အကျယ်အဝန်းမှာ ကိုက်နှစ်ရာငါးဆယ်ခန့်သာ ရှိတော့သည်၊ သို့ရာတွင် ချောင်းအနံကား ကျဉ်းသလောက်၊ ဘေးက ချောက်ကမ်းပါးကြီးများဖြင့် ချောင်းနံရံကမ်းပါးတွေက မတ်စောက်နေတော့သည်၊ ကမ်းပါးတစ်လျှောက်၌ သားကောင်မျိုးစုံ၏ ရေသောက်ဆင်းတက်သော ခြေရာအသစ် လတ်လတ်ဆတ်ဆတ်များကို တွေ့နေရပါတော့သည်၊





အများဆုံးခြေရာများမှာ ကျားခြေရာ၊ ပြောင်ခြေရာနှင့် တောဆင်နိုင်းများ၏ ခြေရာများပင် ဖြစ်လေသည်။

မကြာမီ ဦးဘိုးဟန်နှင့် ဦးဘိုးရံတို့သည် ချွေးတလုံးလုံးမျက်နှာကြီးတွေဖြင့် ပြန်ရောက်လာကြသည်။ ရောက်မဆိုက်ပင် ဦးဘိုးဟန်သည် စခန်းချရာနေရာအရေးကို တိုင်ပင်ဆွေးနွေးလိုက်ပါသည်။

"ကျုပ်တို့ နှစ်မိုင်ပတ်လည်ကို နံ့နေအောင်လိုက်ပြီး တောနင်းကြည့်ခဲ့တယ်၊ စခန်းချလို့ကောင်းတဲ့ နေရာကောင်း သိပ်မတွေ့ရဘူး၊ အရေးကြီးဆုံးက ရေအတွက်ပဲ၊ တောထဲမှာလဲ ရေအိုင်ကောင်းကောင်း မတွေ့ရဘူး၊ မိုးကြီးကြီးကျယ်ကျယ် မရွာတာတော့ သိခဲ့ရတယ် ဗိုလ်မှူး၊ ကျုပ်တို့ တွက်ရမှာက၊ လူအတွက်ရော၊ ဆင်အတွက်ရော ရေလုံလောက်ဖို့ အရေးကြီးတယ်ဗျ"

"ဘယ်လိုစီမံမှာလဲ ဦးဘိုးဟန်၊ မိုးချုပ်ခါနီးပြီနော်၊ မြန်မြန်စီစဉ်ကြရအောင်၊ လုပ်ဗျာ . . . "

ကျွန်တော်တို့ ဖုတ်ပူမီးတိုက်ပင် ဦးဘိုးဟန်ကို စခန်းချနိုင်ရေး စီစဉ်ပါသည်။

"ချောင်းထဲကရေတော့ မမျှော်လင့်နဲ့၊ ကျုပ်တို့အဖွဲ့နဲ့ဆိုရင် တစ်ညပဲခံမယ်၊ ဟောဒီချောင်းအထက် သုံးဖာလုံလောက်မှာ ကျောက်ခုတင်ကြီးတစ်ခု ရှိတယ်၊ ရေအပြည့်ပဲ၊ လူရော၊ ဆင်ရောအတွက် ဆယ်ရက်လောက်တော့ ဖူလုံကောင်းပါရဲ့၊ ကြိုက်ရင် တစ်ခါတည်း ရွှေ့ရအောင်၊ တန်းစခန်းချနိုင်မယ်"

ကျွန်တော်တို့သည် အရေးကြီးဆုံး ရေပြဿနာအတွက် အကြောင်းပြုကာ ဒီးဒုတ်မျှောင်စခန်းအတွက် ငါးလိုက်ချောင်းဖျားအထက်ကျကျ ကျောက်ခုတင်ကြီးရှိရာသို့ အမြန်ရွှေ့ရန် ပုံသေစခန်းချမှတ်လိုက်ရပါသည်။

ဦးဘိုးဟန်သည် မုဆိုးကြီးအဖြစ် အမဲသားကောင်ရှာဖွေမှု၌ ကျွမ်းကျင်သကဲ့သို့ စခန်းချရေး၊ ရေရှာရေးအတွက်ပါ ကျွမ်းကျင်ကြောင်းကို ကျွန်တော်တို့သည် ရေပြဿနာခက်ခဲမှုကြောင့် စိုးရိမ်နေရသည့်ဘဝဆိုးမှ လွတ်မြောက်စေရန် ဦးဘိုးဟန်ကပင် ဦးဆောင်ကာ၊ တကယ်ရေဖောဖောသီသီ ရရှိစေမည့် ဒီးဒုတ်မျှောင်စခန်း (ဝါ) သို့မဟုတ် ကျောက်ခုတင်စခန်းကို သတ်မှတ်ရွေးချယ်ခဲ့နိုင်တော့၏။

အလျား ပေ ခြောက်ဆယ်၊ အနံ ပေ လေးဆယ်ခန့်ကျယ်ဝန်း၍ စိမ်းနေအောင်ရေတွေပြည့်နေသော ချောင်းမြောက်ဘက်ကမ်းပါးအနီး၌ ကပ်လျက်တည်ရှိနေသော ကျောက်ခုတင်ကြီးသည် ကျွန်တော်တို့ ချီတက်ရေးအဖွဲ့အား နှစ်ထောင်းအားရစွာ ဖိတ်ခေါ် လျက်ရှိပါသည်၊

ချီတက်လာကြသော ကျွန်တော်တို့မုဆိုးတစ်သိုက်အား ကျောက်ခုတင်ကြီးသို့ ရေသောက်ရန်ဆင်းလာကြသည့် မြောင်တစ်အုပ်က တွေ့၍သွားကာ လာရင်းလမ်းအတိုင်း နောက်သို့ တုံ့ပြန်၍ တစ်ချိုးတည်း တောယဲသို့ ပင်ပြေးကြလေသည်။

"အမဲကဖြင့် တွေ့ရလွန်းလို့ တောင်းပန်ပြီး စောင့်ပစ်ရမယ့် စခန်းတွေပဲ"

ကိုဘိုးရံသည် မြောင်အုပ်များ၏ပြေးလွှားရာဘက်သို့ မျှော်မှန်းကာ ကြည့်ရင်း၊ မှတ်ချက်ချလိုက်လေသည်။

"တို့ကချည့် အနိုင်တွက်လို့မရဘူး မောင်ဘိုးရံ၊ ညဥ့်ကျရင် အရေးအကြီးဆုံးက တောကောင် သတိထားရမယ်၊ ဟောဒီ ရေအိုင်မှာ စခန်းချရတာ ရေအတွက် ဒီနှုဆင်မြေကြပေမယ်လို့ ရေအကြောင်းပြပြီးတို့ ဘေးအန္တရာယ် သတိထားရမယ်ကွဲ့"

ဦးဘိုးဟန်က စတင်၍နိမိတ်ဖတ်ရင်း သတိပေးလိုက်သည်၊





ကျွန်တော်တို့ ဦးဘိုးဟန်၏အမြင်ကဲ့သို့မြင်ကာ ရေအကြောင်းပြ၍ သားကောင်ကြီးတွေနှင့် ကျွန်တော်တို့ တိုက်ပွဲဖြစ်ရမည့်ကိန်းကြောင့် ဂျပန်အဖွဲ့ရော၊ တပ်ကြပ်ကြီးသန်းထွန်းတို့ကိုပါ ခေါ်ယူ၍ လူနှင့် လက်နက်မကွာစေရန် သတိပေးပြောကြားကာ၊ စခန်းတစ်ဝိုက်၌ ထင်းအား၊ ဝါးခြောက်အားနှင့် မီးဖိုကြီးများ မိုးအလင်းဖိုကြရန် နှိုးဆော်၍ ဆင်တွေ၏လုံခြုံရေးအတွက်ပါ ဦးဘိုးဟန်နှင့် တိုင်ပင်လိုက်ရပါသည်။

တောရှင်းရာ လွင်သာယာချောင်း အရှေ့ဘက်ကမ်းပါးတစ်လျှောက် ဝါးရုံတောတန်းဘက်သို့ အိမ်ဆင်တွေအားလုံးလွှတ်၍ ကျောင်းစေပြီး၊ တပ်ကြပ်ကြီးသန်းထွန်းနှင့် ဦးဘိုးရံတို့လူသိုက်အား ဆင်ပစ်ရိုင်ဖယ်ကြီးတွေနှင့်တကွ မိုးစွေသူကြီးတို့လူသိုက်ကိုပါ စစ်သုံးရိုင်ဖယ်တွေ ပေးအပ်ပြီး အရှေ့ပိုင်းဘက် ဆင်တွေ၏လုံခြုံရေးအတွက်ကို ကင်းတပ်စုအဖြစ် သပ်သပ်တာဝန်ခွဲပေးလိုက်သည်။ ကျွန်တော်နှင့် ဦးဘိုးဟန်၊ မစ္စတာနိုမူရတို့အဖွဲ့ဝင်များသည် အနောက်ဘက်ကမ်း၌ မိုးကာတဲထိုး၍ ကျောက်ခုတင်ကြီး၏ဘေး၌ကပ်လျက် စခန်းချကာ ညဥ့်ရေးညဥ့်တာအစီအစဥ်များ ပြုလုပ်ကြပါသည်။ ကျွန်တော်တို့နှင့် ဆင်သမားများကြားတွင် ရဲဘော်တင်၊ ဦးနုတို့အား ကုလီများကို စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်၍ မိုးကာတဲများထိုး၍ နေရာချထားပေးလိုက်သည်။ အဖွဲ့သုံးဖွဲ့မှ တစ်နာရီ တစ်ကြိမ်ကျ ကင်းစောင့်ရန်အတွက် ကင်းတပ်စိတ်များ သတ်မှတ်လျက် တပ်ကြပ်ကြီးသန်းထွန်းတို့၏ အရှေ့ဘက်တပ်စိတ်မှ တပ်စခန်းပတ်ပတ်လည် ကင်းလှည့်ရေးနှင့် လုံခြုံရေးအတွက် တာဝန်ယူစေရန် စီစဥ်ချမှတ်ပါသည်။ ကြိုတင်၍စီစဥ်ထားသည့်အတိုင်း ကျောက်ခုတင်ကြီးကို အလယ်ဗဟိုထား၍ ကျွန်တော်တို့အဖွဲ့သုံးဖွဲ့သည် စနစ်တကျ နေရာယူထားရုံမက၊ တပ်စခန်းပတ်ပတ်လည်၌ ထိန်နေအောင်မီးဖိုကြီးတွေ ပတ်ပတ်လည်ထွန်းညှိကာ၊ စခန်း၏လုံခြုံရေးအတွက် ဦးစားပေး၍ ညဥ့်ရေးညဥ့်တာ ပြင်ဆင်လိုက်ရပါသည်။

မှောင်စပျိုးသည်နှင့်တစ်ပြိုင်နက်တည်း စခန်း၏အရှေ့ဘက် မြို့တွင်းဆီက ကျားဟိန်းသံများမှာ အလျှိအလျှိပေါ်ထွက်လာတော့၏။ အိမ်ဆင်များ၏ အလန့်တကြားအော်ဟစ်သံ၊ တစ်ကောင်နှင့်တစ်ကောင် ခေါ်ငင်သံ၊ သံကြိုးကွင်းချင်းခတ်သံများသည် တောလုံးပွဲတင်ထပ်ခမန်း ဆူညံနေလေသည်။ စခန်းတစ်ဝိုက်၌ လင်းထိန်နေ၏။ ဖိုထားသော မီးဖို ကြီးတွေဆီမှ ထိန်းခနဲ ထိန်းခနဲ မြည်ဟီးထွက်ပေါ်လာသော ဝါးပေါက် သံကြီးများသည် တောတစ်ပြင်လုံး ပဲ့တင်ထပ်စေတော့သည်။

ဆင်သမားနှင့် ကုလီကြမ်းသမားတွေလည်း ခါတိုင်းကဲ့သို့ ပေါ့ပေါ့ဆဆမနေတော့ပါ။ လုံ့ကိုယ်စီ သေနတ်တွေ အသင့်ကိုင်ကာ ကိုယ့်စခန်းတစ်ဝိုက်၌ လှည့်လည်၍ ကင်းစောင့်ကာ အိပ်သူအိပ်၊ ခပ်တိုးတိုးစကားပြောသူပြောနှင့် တစ်ညဉ့်တာ လွန်မြောက်ရေးအတွက် အနားယူရင်း အချိန်ကို ချေညက်နေကြပါသည်။ တစ်ချိတစ်ချိတွင် ရေသောက်ချင်စိတ် ဖြစ်လာသဖြင့် အရဲစွန့်ကာ မီးရောင်ထဲသို့ထွက်၍ ကျောက်ခုတင်ကြီးရှိရာသို့ အပြေးတက်လာသော သားကောင်များ သဏ္ဌာန်နှင့်တကွ လျှင်မြန်လှသော ရဲဘော်ကျော်လှိုင်၊ ဦးနုတို့၏ • ၃၀၃ ရိုင်ဖယ်ပစ်သံများသည် သုံးလေးချက်ပေါ်ထွက်လာပြီးနောက်၊ ကျွဲဖြစ်စေ၊ ဆင်ဖြစ်စေ၊ မီးရောင်ထဲတွင် ဖျတ်ခနဲ၊ ဝပ်ခနဲ၊ တုံးခနဲ၊ ကျ၍ ကျန်ရစ် ခဲ့သည်ကို အရှင်းသားတွေမြင်နိုင်ပါသည်။ ညဉ့်နက်သန်းခေါင်ကျော်၍ ကျွန်တော်တို့လူစုသည် အနည်းငယ်အေးလာသည်ကြောင့် စောင် ကိုယ်စီခြုံကာ ရိုင်ဖယ်သေနတ်များ အသင့်လက်လှမ်းမီထားပြီး အိမ်ရာ ထဲသို့ ဝင်ခဲ့မိကြသည်။

"အတော်ချမ်းတယ် ဗိုလ်မှူးကြီး၊ ဒီနေရာ ကျုပ်တို့နဲ့ အလွန် ကိုက်ညီတဲ့နေရာကောင်းပဲ"





မစ္စတာနိုမူရသည် အိပ်ရာထဲတွင် အမွေးထည်ဝတ်ကာ ကော်ဖီတစ်ပန်းကန်ကိုမော့ရင်း ပြောလိုက်သည်။

"ဒါ . . . နေ့မှ့ပဲ၊ ဆောင်းကျရင် ဒီနားတစ်ဝိုက် နှင်းကျတာ ဝါးတစ်ရိုက်လောက်မှ မမြင်နိုင်ဘူး၊ အားကြီးလဲဖျားတယ်၊ နိုမူရစံ . . . ညက အိပ်ပျော်ရဲ့လား"

"အိပ်ပျော်ပါတယ်၊ ဒါပေမယ့်လို့ စိတ်ချလက်ချမအိပ်နိုင်ဘူး ခင်ဗျ၊ အမှန်အတိုင်းပြောရရင် ကျားတွေအော်တဲ့အသံဟာ အိပ်ရာက လန့်နိုးနိုးသွားတယ်၊ အားကြီးရင်တုန်စရာအသံကြီးပဲ၊ မြေကြီးက ကပ်ပြီး ထွက်လာတဲ့ အာဗူးဆိုတဲ့အသံဟာ လူမပြောနဲ့ ဆင်တွေလဲ လန့်ကြ တယ်ထင်တယ်"

"ဟုတ်တယ်၊ ကျားဟိန်းသံကြားရင် တော်တော်တန်တန် ဆင်တွေလဲ ကြောက်လန့်ကြပါတယ်၊ အုပ်နဲ့ဆိုတော့ သိပ်မကြောက် ကြဘူး နိုမူရစံ"

နေရောင်ခြည်ထွက်ပေါ်လာသည့်အခါတွင် ကျွန်တော်တို့ တစ်စုသည် ချောင်းကမ်းတစ်လျှောက် နေရာအနှံ့အပြား လိုက်လံ၍ သစ်များအခြေအနေကို ကြည့်ရှုကြသည်။ စုထားသော သစ်တုံးများမှ တစ်လက်မမှ နေရာမှမရွေ့သည်သာမက ရေခန်းခြောက်နေသော ဆိပ်ကမ်းများ၏ အခြေအနေမှန်ကိုပါ တွေ့ရလေသည်။

"ခက်တာက မိုးသာမရွာတာ ကြည့်ပါလား . . . ကောင်းကင် တစ်ဝိုက်ကတော့ နေသိပ်မပူဘာရယ်၊ သစ်ပင်ဝါးပင်တွေ ညိုးတာ မတွေ့ရတာ အုံ့ဩနေမိတယ်"

ဦးဘိုးဟန်သည် ချောင်းရိုးတစ်လျှောက်ကိုကြည့်ကာ ပြော လိုက်သည်။

"တွေးရအခက်သားပါ အနီးဟန်ရေ . . . ခါတိုင်း ဒီလောက် အချိန်ဆိုရင် ယောဒီချောင်းထဲမှာ ရေကျလွန်းလို့ ဝဲတွေလှည့်နေပြီဗျ၊ ဒေါးဘီကိုကြည့်တော့ တောတွေက စိုလို့၊ ချောင်းထဲကြည့်တော့ ရေတစ်စက်မှ မရှိတာဟာ တကယ်စဉ်းစားစရာပဲဗျာ၊ အထင်းတက် လေလေ ရေရှားလေလေ ဖြစ်မှာပဲ"

ကိုဘိုးရုံသည် နိုင်ဖယ်ကို ပခုံး၌ထမ်းရင်း ဝေဖန်ချက်ချလိုက်သည်။ ချောင်း၏မြောက်ဘက်ကမ်းနှင့် ခဲတစ်ပစ်သာသာမှ ဖြန်းခနဲ ဖြန်းခနဲ ဝါးချိုးလိုက်သောအသံများ ရုတ်တရက်ထွက်ပေါ်လာပါသည်။

"ဘာသံလဲဟေ့ . . . ဒီလောက်နီးနီး မနေရဲတန်ပါဘူးကွ မောင်ရုံရေ"

"တောဆင်ဖြစ်မှာပေါ့ အနီးဟန်၊ လူကိုသိပ်မကြောက်တဲ့ လက္ခဏာဗျ၊ ခက်သားကလားဗျာ၊ ဒီလို ချောင်းဖျားကျကျဒေသကို သစ်တောဘက်က သုံးနှစ်နေလို့ တစ်ခေါက်မှမရောက်တော့ တောဆင်တွေ သိပ်ရဲချင်တိုင်းရဲနေကြမှာပေါ့ဗျာ"

"ဘာသံလဲ ဗိုလ်မှူးကြီး . . . ကျုပ်တို့ဘယ်ဘက်က ဝါးချိုးတဲ့ အသံလိုလို"

ဗိုလ်မှူးနာဂူးက မေးလိုက်သည်တွင် . . .

"ယောဒီ ဦးလေးက ပြောတာတော့ တောဆင်တွေတဲ့ ဗိုလ်မှူး"

"ဟား . . . တောဆင် ဒီနားမှာရှိသလား၊ ကျွန်တော်တို့ မမြင်ရဘူးလားခင်ဗျာ"

"အခန့်သင့်ရင်လဲ တွေ့ရပါလိမ့်မယ် ဗိုလ်မှူး၊ ဒီနေရာတွေဟာ ရှောင်မလွတ်တဲ့နေရာတွေပါ၊ သတိတော့ ကျပ်ကျပ်ထားကြပါ အားလုံးခင်ဗျာ"





လေကလေးက တဖြူးဖြူးနှင့် ချောင်းအတိုင်းတန်း၍ ဆော်သွေးနေပါသည်။ မလင်းတလင်းလရောင်ကို ညဥ့်လွှာက လွှမ်းခြုံနေတော့သည်။ စခန်းတစ်ဝိုက်မှာ မီးပုံကြီးများမှ မီးရောင်တွေအရှိန်ကြောင့် စခန်းအပြင်ဘက်ထိ လင်းနေလေသည်။

"ရှိတ်ပုတ် . . . ထုတ်လိုက်"ဟူသော တောလုံငှက်၏အသံကား မပေါ်လာတော့ပါ။ သို့ရာတွင် စခန်းပတ်ပတ်လည်မှ "ငကြောင် . . . ထွက်ဟဲ့၊ ငကြောင် . . . ထွက်ဟဲ့" ဟူသော ငှက်တစ်ကောင်၏ အသံကြီးသည် သိသိသာသာကြီး ပေါ်ထွက်နေလေသည်။

"တောကတော့ အတော်ကြမ်းတဲ့ပုံပဲ၊ တောလုံငှက်တစ်ကောင် တလေမှ အော်သံမြည်သံမကြားရဘူးလေ။ ခု . . အော်နေတဲ့ "ငကြောင် ထွက်ဟဲ့" ဆိုတဲ့ ငှက်ဟာ မကောင်းဆိုးဝါးငှက်လို့ ခေါ်ကြတယ်၊ ဒီအကောင်မျိုး အော်မြည်သံကြားရရင် စခန်းရင်လဲ ပြောင်းတဲ့သတိနဲ့ ရင်လဲနေတော့တယ်"

တိုက်မရွာခေါင်းကြီးသည် ငှက်အော်သံကို နားစွင့်ရာမှ အမှတ်တမဲ့ပြောလိုက်သည်တွင် . . .

"ဘာကောင်ကြီးဖြစ်ဖြစ် လာပေ့စေ . . . နေရာမှာ ပြတ်ခနဲ ကျသွားမယ်၊ မကောင်းဆိုးဝါးရော၊ ဘာရော ကျည်ဆန်က မရွေးဘူးချို၊ ဘယ်လိုနိုင်ဖယ်ကျည်ဆန်တွေ ကြိုက်သလဲ"

ဦးဘိုးဟန်သည် တိုက်မရွာခေါင်းကြီး၏ အယူသီးမှုကို စိတ်ဆိုးမာန်ဆိုးနှင့် ချေပပြောဆိုလိုက်သည်။

ကောင်းများကို စနစ်တကျ စစ်ဆေးစီစဉ်လိုက်ပြီး ကျွန်တော်တို့သည် မစ္စတာနိုမူရကို့နှင့် ချောင်းဖျားဒေသသို့ ဆက်လက်ချီတက်သင့် မတက်သင့် ဆွေးနွေးကြပါသည်။ ချောင်းပေါက်ဝအဆုံးသို့ ခရီးမည်မျှ ကွာဝေးသည်ကို ကျွန်တော်တို့သည် ဦးဘိုးဟန်နှင့် ကိုဘိုးရုံ လမ်းပြ

နှစ်ဦးကို ခေါ်၍ မေးမြန်းလိုက်ကြပါသည်။ ချောင်းများအစွန်ဆုံးဒေသဖြစ်သည့် ဂွေးဆုံးလဲဆုံးစခန်းအထိ ခရီးအဝေးဆုံး ဆယ့်ငါးမိုင်ထက် မဝေးကြောင်းကို ပြောပြသည်တွင် မစ္စတာနိုမူရတို့က ချောင်းများအစွန်ဆုံးဒေသ၊ ဂွေးဆုံးလဲဆုံးဒေသအထိ ချီတက်လိုကြောင်း၊ ဒို တညီတညွတ်တည်း ပြောကြပါသည်။ ကျွန်တော့်အနေနှင့် ၎င်းတို့၏ဆန္ဒကို တားလည်းမတားလိုပါ။ တက်ရန်လည်း မသင့်လျော်၍ မတက်ဘဲ ကျွန်တော်၏တာဝန်အရ သတိပေးတန်စရာများ ရှိနေသည့်အတွက်-

"ခရီးစခန်းဆုံးတဲ့အထိတော့ တက်ကြတာ သင့်ပါတယ်၊ လမ်းခရီးမှာကျရောက်မယ့် အန္တရာယ်နဲ့ သားကောင်ကြီးတွေ ဘေးဥပဒ်ပြုတာတွေကိုတော့ သတိထားပြီး ချီတက်ကြရလိမ့်မယ်၊ လူကြီးမင်းများ၏ သတိထားနိုင်စေဖို့အတွက် ကြိုတင်အကြောင်းကြားရပါတယ်" ပြောလိုက်သည်တွင် . . .

မစ္စတာနိုမူရသည် . . .

"ကျွန်တော်တို့တစ်တွေဟာ အမှန်ကတော့ တိုင်းပြည်အတွက် အသက်တွေ စွန့်လွှတ်ပြီးလုပ်ကြတဲ့ စစ်သားတွေပါ၊ ဘေးဥပဒ်တွေ ပြုလာရင်လဲ ခုခံပစ်ခတ်ကြရမှာပဲ၊ ခုလိုကြိုတင်ပြီး သတိပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကျွန်တော်တို့အားလုံးရဲ့လုံခြုံမှုကို ဝိုလ်မှူးကြီးနဲ့ ဟောဒီက ဦးလေးကြီးက ကြပ်မတ်ဂရုစိုက်ပေးရင်တော့ အန္တရာယ်တွေဟာ စိုးရိမ်စရာရှိသလောက် မစိုးရိမ်ရပါဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်"

မေဂျာနာဂူစကလည်း ထပ်လောင်း၍ သူ၏ယုံကြည်ချက်ကို ပြောပြပါသည်။ လိုအပ်သောဆေးဝါးရိက္ခာကိစ္စများနှင့် ကျန်းမာရေးအတွက် အထူးဂရုပြုသင့်သော ကိစ္စကလေးတွေအတွက်ပါ ဆွေးနွေးကြပြီး၊ စာစောစောအစည်းအဝေးကို သိမ်းလိုက်ပါသည်။





အမှောင်ထုက ကိုးရပ်ခွင်ကို ဝါးမျို၍လာပါပြီ။ မီးပုံကြီးတွေ တစ်လျှောက်မှ အလင်းရောင်များသည်လည်း ဝါးမျိုလာသောအမှောင်ထုကို မတိုးနိုင်သည့်ပမာ အရောင်တွေဖျော့တော့တော့နှင့် မှိန်၍မှိန်၍ လာတော့သည်။ ကျွန်တော်တို့သည် ကင်းအင်အားအခြေအနေကို စိတ်ချရသည်က တစ်ကြောင်း၊ ညဉ့်နက်လာသည်က တစ်ကြောင်း၊ သန်းခေါင်ယံတိုင်ခါနီး လေကလေးက အေးစိမ့်၍လာသည်ကြောင့် တစ်ပုံ အိပ်ရာဆီသို့ တန်း၍ အိပ်စက်ချလိုက်ကြပါသည်။ အိပ်ရာပေါ်ခေါင်းချလိုက်သည်နှင့်တစ်ပြိုင်နက်တည်း မှေးခနဲ မနိုးတမ်းအိပ်ပျော်မိပါတော့သည်။

"ကျလစ် . . . ကျလစ် . . . ကျလစ်" ဟူသော တစ်ခုနှင့်တစ်ခု ပြင်းပြင်းထန်ထန် ကြိတ်မိရာမှ ထွက်ပေါ်လာသော အသံမျိုးများသည် ကျွန်တော်၏အိပ်ပျော်နေသောနားထဲသို့ ခုန်ပေါက်ဝင်ရောက်လာမိသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့် ရုတ်တရက် မျက်စိဖွင့်၍မရပါ။ နားထဲကသော ဖော်ပြပါဆင်များ အံသွားကြိတ်သံတွေ ကြားနေမိခြင်း ဖြစ်သည်။ ဖော်ပြပါဆင်များ အံသွားကြိတ်၍ ဒေါသတကြီးအော်ဟစ်သံများနှင့်အတူ ဝုန်းခနဲ ဖြောင်းခနဲ သစ်ကိုင်းချိုးသံ၊ ဒုံးခနဲနှာမောင်းမှုတ်သံများကြောင့် ကျွန်တော်သည် ရုန်းကန်ကာ မျက်လုံးများကို အတင်းဖွင့်၍ အိပ်ရာမှ ဖြုန်းခနဲထကာ ကျွန်တော်၏အိပ်ရာညာဘက်ထောင့်၌ အသင့်ထောင်ထားသော .၄၆၈ မက်နမ်ရိုင်ဖယ်ကို လှမ်းကာဆွဲ၍ယူလိုက်ပြီး ကျည်ဆန်ခါးပတ်ကြီးကိုပါ ကောက်ကာခါးတွင် ပတ်လိုက်မိသည်။

ဦးဘိုးဟန်သည် ကျွန်တော့်အရင် မိုးကာတဲဝတွင် ရောက်ရှိနေရုံမျှမက .၄၇၅ ရိုင်ဖယ်ကြီးကို မောင်းတင်နေသည်ကိုပါ တွေ့ရှိလိုက်တော့သည်။ ကျွန်တော်သည် ချက်ချင်းပင် မိုးကာတဲအပေါက်ဝ

သို့ ပြေးတက်ခဲ့သည်။ မီးပိုမီးရောင် မလင်းတလင်းအောက်တွင် ကျွန်တော်သည် ရှေ့ဦးစွာ မမျှော်လင့်သောမြင်ကွင်းကို တွေ့လိုက်ရသည်။

ကျွန်တော်တို့ မိုးကာတဲနှင့် ကိုက် ခုနစ်ဆယ်ခန့်ဝေးသော ကျောက်ခုတင်ကြီးဆီသို့ တန်းစီ၍ နှာမောင်းတွေမြောက်ကာ၊ အစွယ်ကြီးတွေ တဖွေးဖွေးနှင့်လည်းကောင်း၊ အံသွားကြီးတွေကြိတ်ရင်း ခေါင်းနှင့်ကိုယ်ပေါ်သို့ သဲမှုန်များကို ဝေါခနဲ ဝေါခနဲ ပက်ဖျန်း၍ တောဆင်ကြီးများသည် ဂူနြွေရရကြီး တန်း၍တက်လာနေတော့၏။

ကိုက် နှစ်ရာခန့် ဝါးတောထဲ၌လွှတ်ထားသော ကျွန်တော်တို့၏ ဝန်တင်ဆင်တွေ၏ တောဆင်နံ့ရသည်ကြောင့် ဒေါသတကြီးနှင့် အော်ဟစ်သံ၊ မာန်သွင်းသံ၊ နီးရာသစ်ပင်ဝါးပင်တွေကို နင်းသံ၊ ချိုးသံများသည် ညံလျက်ပေါ်ထွက်လာတော့သည်။ ကျွန်တော်တို့စခန်းမှ တာဝန်ကျသော ကင်းသမား ရဲဘော်ကျော်လှိုင်နှင့် ဆင်ဦးစီးနှစ်ဦးတို့သည် . ၃၀၃ ရိုင်ဖယ်ကိုယ်စီနှင့် ဦးဘိုးဟန်၏ညာဘက်တွင် ပစ်ခတ်ရန် အသင့်နေရာယူနေကြသည်ကို တွေ့ရလေသည်။

ရေအလွန်ငတ်ပြတ်နေသော တောဆင်အုပ်ကြီးသည် အရဲ ဇွန့်ကာ အအုပ်အသင်းဖွဲ့ပြီး ရဲရဲတင်းတင်းဖြင့် ကျောက်ခုတင်ဆီသို့ အလစ်တွင် ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ ရဲဘော်ကျော်လှိုင်တို့ ကင်းသမားများက ပထမဦးစွာ ဝင်ရောက်လာသော တောဆင်များကို စတင်ပစ်ခတ်ရန် ကြံရွယ်လိုက်သည်တွင် အရွယ်နှင့်မလိုက်အောင် လျင်မြန်လှသော ဦးဘိုးဟန်သည် အိပ်ရာမှချက်ချင်းထကာ ရဲဘော်ကျော်လှိုင်တို့လူစုကို စတင်ပစ်ခတ်ခြင်းမှ အချိန်မီတားဆီးလိုက်သည်။ ဦးဘိုးဟန်သည် ရဲဘော်ကျော်လှိုင်နှင့်အတူ လူတွေဆီသို့ ရန်မရှာသေးဘဲ ကျောက်ခုတင်ဆီသို့ ခပ်မှန်မှန်ခြေလှမ်းတွေနှင့် ချီတက်နေ





သည့် တောဆင်များဆီသို့ ဆင်ပစ်ရိုင်ဖယ်ကြီးများဖြင့် အသင့်ချိန်ထားလိုက်ပြီး၊ ကျန်ကင်းသမားနှစ်ဦးကို တပ်စခန်းလုံးရှိ အိပ်ပျော်နေသော ချီတက်ရေးအဖွဲ့ဝင်အားလုံးကို လိုက်လံအိပ်ရာမှ နှိုးစေတော့သည်။

ဦးဘိုးဟန်၏မြော်မြင်မှုကြောင့် အိပ်ပျော်နေသော ခရီးသည်အားလုံး ဆင်တွေ၏ ရုတ်တရက် ပြေးလွှားကျော်နင်းသည့်ဘေးဒဏ်မှ သက်သာရာရရှိစေခဲ့၏။ အကြောင်းမှာ မကြာမီ ထိကျမှန်ကန်သော အဖြေတစ်ခုက ၎င်းတွင် ပေါ်လာသောကြောင့်တည်း။

စခန်းမှ ကုလီကစ၍ ဂျပန်အဖွဲ့ဝင်အားလုံးမှာ အိပ်ရာမှ ရုတ်တရက်နိုးလာပြီး ကိုယ့်နေရာမှ ရိုင်ဖယ်များကို အသင့်နေရာယူထားသည်ကို ဦးဘိုးဟန်က တွေ့လိုက်ရသည့်တစ်ခဏ၌ ကျွန်တော်တို့အတွက် မမျှော်လင့်ဘဲ ပြောင်းလဲမှုတစ်ရပ်သည် ရှောင်တခင်အတွင်း၌ ဖြစ်ပေါ်လာခဲ့ပါသည်။ ကျွန်တော်တို့နှင့် မစွတာနိုမူရတို့ မိုးကာတဲ နှစ်ခုကြား တောစပ်မှ ဝုန်းခနဲ ဝါးရုံပင်တွေကို တအားဖိ၍တိုးလိုက်သော အသံများအဆုံး၌ ရောမတောဆင်ကြီးတစ်ကောင်သည် ဘွားခနဲ ပေါ်ထွက်လာပါတော့သည်။ အစွယ်ဖွေးဖွေးနှင့် အရပ်ဆယ်ပေကျော်၍ မြင့်မားသော တောဆင်ကြီးသည် ပေ၍ငြိမ်သက်သွားသော နားရွက်ကြီး နှစ်ဘက်ကို ငြိမ်ကျသွားအောင် ရပ်တန့်လိုက်ပြီး နှာမောင်းကြီးကို သူ၏ဦးခေါင်းမပေါ်သို့ ခွေကာတင်လိုက်ပြီး၊ အဆုံး၌ ဝူးခနဲ အသံကြီး ကြွေးကြော်လိုက်ပြီး၊ ကျွန်တော်တို့ရှိရာသို့ တစ်ဟုန်တည်း ပြေးထွက်လာပါတော့၏။

"ပန်းဆင်ကြီးဗျို့၊ ပန်းဆင်ကြီး။ ပစ်ပါ . . . ပစ်ပါ"

ဦးဘိုးဟန်၏ အော်ဟစ်သတိပေးချက်မဆုံးခင် တစ်ကောင်တည်း အုပ်ကွဲရာမှ ကျွန်တော်တို့စခန်းသို့ နောက်ကျောက အလစ်ဝင်ရောက်တိုက်ခိုက်လာသော ပန်းဆင်ကြီး (သို့မဟုတ်) ဆင်အုပ်ထဲမှ

နိုင်ဖယ်နှင့်ချိန်၍ သူ၏နှာမောင်းအရင်းပိုင်း၏ထိပ်တည့်တည့်ချိန်မှန်း၍ အဝကို ပစ်ကွင်းအဖြစ် ပစ်ထည့်လိုက်သည်။ တစ်ဟုန်တည်း ပြေးတက်လာသော တောဆင်ကြီးသည် ကျွန်တော်၏ရိုင်ဖယ်ဒဏ်ကို ခံရပြီး၊ ပြေးတက်လာသည့်အရှိန်က ပျက်သွားလျက် လဲမကျသေးဘဲ ရှေ့လက်နှစ်ဘက်က အားယူ၍ ကျွန်တော့်ဆီသို့ တအားတက်ရန် ကြံရွယ်နေသည်ကို ကျွန်တော်သည် ဒုတိယအကြိမ် အသင့်ထိုးပြီးသား ကျည်ဆန်တစ်တောင့်ဖြင့် တောဆင်ကြီး၏ညာဘက်မျက်ခွံဆီသို့ ပစ်ချလိုက်သည်တွင် မားမားကြီးရပ်နေသော တောဆင်ကြီးမှာ ပြင်းထန်စွာညွတ်၍ ပစ်ကျကျသွားပါတော့သည်။

ဂျပန်လို အချင်းချင်း အော်၍ဟစ်၍ သတိပေးသံများသည်လည်းကောင်း၊ ကုလီအလုပ်သမားအချင်းချင်း အော်ဟစ်၍ အားပေးသံများသည်တစ်ဖုံ၊ တောဆင်များ၏ အော်ဟစ်သံများ၊ ခြေသံများအတွင်းမှ ခပ်သဲ့သဲ့ကြားနိုင်ပေသည်။ ကိုဘိုးရုံနှင့် တပ်ကြပ်ကြီးသန်းထွန်းတို့ ဆင်သမားတွေဘက်မှလည်း ပစ်ခတ်သံ သုံးချက် ထွက်လာပြန်တော့သည်။ ဦးဘိုးဟန်ဆီမှ ရိုင်ဖယ်သံနှစ်ချက်သည်လည်းကောင်း၊ ဦးနုနှင့် ရဲဘော်မောင်တင်တို့ဆီမှ ရိုင်ဖယ်လေးချက်သံသည်လည်းကောင်း၊ စုပေါင်းလိုက်လျှင် ချောင်းဖျားဒေသတစ်လျှောက်၌ ညံလျက်ဆူပွက်ကာ ကမ္ဘာပျက်သကဲ့သို့ ဖန်တီးနေတော့၏။

ဆယ်မိနစ်ခန့်ကြာသည့်နောက်၌ တစ်ခန်းလုံး ငြိမ်သက်ခြင်းသာ မင်းမူ၍လာပါတော့သည်။ တုံးလုံးပက်လက်နှင့် ကျဆုံးကျန်ရစ်ခဲ့သော တောဆင်ကြီးများ၏အဖြစ်သည်လည်းကောင်း၊ ပိပြားကာ ညက်ညက်ကျေနေသော ဂျပန်အဖွဲ့ဝင်များ၏ မိုးကာတဲကြီး၊ ကုလီတွေ၏ မိုးကာတဲတစ်တဲပါ အဆစ်အဖြစ်နှင့် တောဆင်တွေ၏ သောင်းကျန်းမှုလက်ရာကို ဖော်ပြနေပါသည်။





ကျွန်တော်၏လက်ချက်ကြောင့် တောဆင်ပေါက်ကြီး နှစ်ကောင်၊ ဦးဘိုးဟန်၏လက်ချက်ကြောင့် တောဆင် သုံးကောင်၊ ဦးနု၏ လက်ချက်ကြောင့် တစ်ကောင်၊ ဦးဘိုးရုံ၏လက်ချက်ကြောင့် တောဆင် နှစ်ကောင် အကျအဆုံးစာရင်းအဖြစ် နိဂုံးချုပ်လိုက်ပါသည်။

"ဗိုလ်မှူးကြီး . . . တကယ်အရေးကြုံတဲ့အခါမှာ ကျွန်တော်တို့ စစ်သုံး ဂျပန်ရိုင်ဖယ်ရှည်တွေ၊ ၆.၅ မီတာ ဂျပန်ရိုင်ဖယ်ပြောင်းရှည်တွေရော၊ ၇.၇ မီတာ စစ်သုံး မြင်းစီးသေနတ်တွေဟာ သားကောင်ကြီးတွေအဖို့ စိတ်မချရကြောင်းကို ကျွန်တော်တို့ကိုယ်တွေ့ မြင်လာရပါပြီ ခင်ဗျာ"

မေဂျာနာဂစူးသည် တောဆင်ကြီးများကို ကြည့်ရှုနေရာမှ သတင်းပို့ပါသည်။

မစ္စတာနီတိုးသည် ကျွန်တော့်အား အကြိမ်ကြိမ် အလေးပြု ဦးညွှတ်ရင်း . . .

"ကျွန်တော့်အသက်ကိုကယ်ဆယ်တဲ့ ဗိုလ်မှူးကြီး . . . ကျေးဇူးဘယ်တော့မှမမေ့ပါဘူးခင်ဗျာ၊ ကျွန်တော့်အသက်သခင်ဟာ ဗိုလ်မှူးကြီးပါပဲ"

"ကိစ္စမရှိပါဘူး မစ္စတာနီတိုး၊ အခွင့်ကြုံလို့ ကူညီကြရတာ ကျွန်တော်တို့တပ်မတော်သားတွေ ကျင့်ဝတ်ပါ"

ကျွန်တော်ကလည်း မစ္စတာနီတိုးကို တောင်းပန်နေရပါတော့သည်။

# ရှုံးသူနှင့် နိုင်သူ၏အဖြေလွှာ

တစ်စခန်းလုံး အလုပ်များနေကြပါပြီ။

မိုးကာတဲတွေကို ဖာထေးသူ၊ မြင်းဆင်သူများက တစ်မျိုး၊ မိုးကာတိုင်အသစ်များခုတ်ကာ မြင်းဆင်သူက မြင်းဆင်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရေးတကြီး လုပ်နေကြသည်။

ဆင်သမားတွေနှင့် အလုပ်ကြမ်းလုပ်သူ ကူလီများသည်လည်း ပေါက်ဆိန်တဝင့်ဝင့်၊ ဓားတဝင့်ဝင့်၊ ချေးတလုံးလုံးနှင့် ကျဆုံးကျန်ရစ်ခဲ့သော တောဆင်ကြီးများကို သဲကြီးမဲကြီးနှင့် ဖျက်နေကြသည်။ သည့်ပြင်နေရာ၌ ကြီးမားသော ကျပ်စင်ကြီးများ အသီးသီးဆောက်ကာ မီးတဟုန်းဟုန်းနှင့်မီးဖိုကာ ဆင်သားတုံးကြီးတွေကို ကျပ်တင်နေကြသည်။ ကျွန်တော်တို့မိုးကာတဲရှေ့တစ်လျှောက်၌ ကြီးမားသော ဆင်စွယ်ကြီးများသည် တန်းစီ၍ထောင်ထားသည်ကို မကြာမီ နာရီပိုင်းအတွင်း၌ တွေ့ရှိရပါသည်။

ကျွန်တော်၊ ဦးဘိုးဟန်၊ မစ္စတာနိုမူရတို့အဖွဲ့ဝင်များသည် ဒီးဒုတ်မျှောင်စခန်းတစ်ဝိုက်သို့ လှည့်လည်၍ တောတောင်အခြေအနေ၊ ချောင်းမြောင်းအခြေအနေများကို သေနင်းကာ လိုက်လံကြည့်ရှုကြသည်။ ဤသို့ လိုက်လံကြည့်ရှုစစ်ဆေးခြင်းသဘောမှာ သစ်ချသစ်မျောရန် နေရာကောင်းများ သတ်မှတ်ရေးနှင့် မနေ့ညက စခန်းသို့ လာရောက်တိုက်ခိုက်သော တောဆင်များ၏ ခြေရာလက်ရာကို လိုက်လံခံကာ၊ နောက်ထပ် လာရောက်မတိုက်ခိုက်နိုင်ရန်အတွက် လိုက်လံချေမှုန်းတိုက်ခိုက်ရန်အတွက် ဖြစ်သည်။ စခန်းတစ်ဝိုက်မှစ၍ ပေသုံးလေးရာခန့် တောတစ်ပြင်၌ တောတွေသည် ထောင်းလမောင်းကျေနေတော့၏။ မနေ့ညက ကျွန်တော်တို့ ပစ်ခတ်လွှတ်လိုက်ကြသော





တောဆင်များ၏ ပြေးလွှားပုန်းအောင်းခဲ့သည်ကြောင့် ချုံတွေ၊ သစ်ပင်တွေ ကြေမွကျိုးပြတ်နေခြင်းသာ ဖြစ်ပေသည်။

ဒီးဒုတ်မျှောင်စခန်းသည် သစ်ကြီးဝါးကြီး ပေါများသလောက် အောက်ပိုင်းက ကျောက်ထူထပ်နေသည်ကို တွေ့ရှိရပါသည်။ ကျောက်များမှာ ကျောက်မျိုးစုံဖြစ်၍ အတော်ထူးဆန်းသော စခန်းဖြစ်ကြောင်းကို ကျွန်တော်တို့ လေ့လာကြည့်ရှုမှ သိရှိရပါသည်။ တချို့ကျောက်တုံးများမှာ ဂဏန်းကောင်များကဲ့သို့တစ်ဖုံ၊ တချို့ကျောက်တုံးများမှာ လူခေါင်းခွံကြီးများကဲ့သို့အသွင်နှင့်တူစွာ တွေ့ရှိရပြီး၊ ထူးဆန်းသော သစ်ခွပန်းပင်တွေပါ တွေ့ရှိရလေသည်။ မေဂျာနာဂူးသည် မှန်ဘီလူးတစ်ချပ်နှင့် ကျောက်တုံးများမှ ကျောက်လွှာများကို တူကလေးတစ်ချောင်းနှင့် ဖဲ့ကာဖဲ့ကာ ကြည့်ရှုစစ်ဆေးနေလေသည်။ ကျွန်တော်တို့ စခန်းသို့ ပြန်ရောက်သည့်အခါတွင် မေဂျာနာဂူးသည် သူ၏ခတ်ခွဲခန်းကလေးထဲတွင် ဝင်ရောက်၍ ဓာတ်ရည်များဖြင့် ကျောက်မှုန့်များကို တစ်ခုပြီးတစ်ခု စမ်းသပ်စစ်ဆေးနေသည်။

"တောဆင်တွေတော့ တပ်လန့်ပြီ ပြေးကြပြီ၊ ဒီဘက်ပြန်လှည့်မယ့်ပုံမပေါ်ဘူး ဗိုလ်မှူး"

ကိုဘိုးရှုံသည် နဖူးမှ ချွေးပေါက်ကြီးများကို မျက်နှာသုတ်ပဝါညစ်ညစ်နှင့်သုတ်ရင်း ပြောလိုက်သည်တွင် . . .

"အို . . . ဟောဒီရေအိုင်က မခွာသရွေ့တော့ စိတ်မချရဘူးမောင်ဘိုးရဲ့၊ တောဆင်မလာရင်လဲ တောကောင်တွေ အန္တရာယ်ပေးမှာကြောက်ရတယ်၊ ကင်းတွေ လူချင်းလက်တွဲမိခမန်း ချထားရတယ်နဲ့ တောဆင်တွေ လာရဲတာဟာ အဓိပ္ပာယ်ရှိတယ်၊ အမှန်ကလဲ တို့ဟာ သူတို့ရဲ့ အမြတ်တနိုးထားတဲ့ ရေအိုင်ကို လုပြီး၊ မောင်ပိုင်လုပ်ပြီးနေတာကိုးကွ၊ တို့က အဆိုးဘက်က ကျနေတယ်"

"မိုးအခြေအနေရော အဒီးဟန်၊ ဘယ်လိုလဲ . . . ရွာပုံများ မြင်သေးရဲ့လားဗျ"

"ဝေးပါသေးတယ်၊ ခက်တာက မိုးနိုပ်ကလေး မိုးတိမ်ကလေး အစအနတွေ့ရင် အားရှိရောကွ၊ ခုတော့ လင်းလို့စင်လို့"

ဦးဘိုးဟန်သည် မိုးကောင်းကင်တစ်ပိုက်ကို ကြည့်ရှုကာ အဖြေပေးလိုက်ပါသည်။

မကြာမီ မေဂျာနာဗူးသည် ဝမ်းမြောက်ဝမ်းသာသည့် မျက်နှာကြီးနှင့် ဓာတ်ခွဲခန်းတဲလေးထဲမှ အရေးတကြီးထွက်လာပြီး ကျွန်တော့်ဆီသို့ အလေးပြုလိုက်ပြီး . . .

"ခုပဲ ကျွန်တော်တို့တွေ့လာတဲ့ ကျောက်တုံးတွေကို ဓာတ်ခွဲကြည့်မိတယ် ဗိုလ်မှူးကြီး၊ ရွှေ ခြောက်ဆယ့်ငါးရာခိုင်နှုန်း ပါတာတွေ့ရပါတယ်၊ ဒီနေရာဟာ မြန်မာပြည်အတွက် အလွန်တန်ဖိုးရှိမယ့်ဒေသ ဖြစ်လာနိုင်မယ်ခင်ဗျ"

သူသည် ပြောလိုက်ပြီး မြေပုံကိုထုတ်၍ ချောင်းဖျားဒေသ တစ်လျှောက်၌ ရှာဖွေကာ ဒီးဒုတ်မျှောင်စခန်းတစ်ပိုက်ကို ခဲနာနီနှင့် ရေးမှတ်ကာ ဝိုင်းကွင်းထားပါသည်။ ပြီးနောက် ဆက်၍ပြောပြန်သည်မှာ . . .

"အစက ကျွန်တော် သဘောမပေါက်ဘူး ဗိုလ်မှူးကြီး၊ ဘယ့်နှယ် မိုးမရွာဘဲ ချောင်းဘေးက သစ်ပင်ဝါးပင်တွေ စိမ်းစိုနေပါလိမ့်မယ်လို့ ခုမှ ရွှေထွက်မှန်းသိမှ သစ်ပင်တွေ စိမ်းလန်းသာယာတဲ့အခါ ထွက်ပေါ်တယ်ခင်ဗျ၊ ရွှေထွက်တဲ့နေရာဟာ ထာဝစဉ်အေးနေတာကိုး၊ အောက်ခံမြေကြောက အအေးဓာတ်ပိုကဲပြီးနေလေ့ရှိလာတယ်၊ ရေဆိုရင်လဲ သာမန်ရေတွေထက် ရွှေထွက်တဲ့ဒေသမှာရှိတဲ့ရေက ပိုအေးတယ်၊ ရေခဲ စိမ်ထားတဲ့ရေလိုပဲ ခပ်ဆင်ဆင်တူတယ်"





ဦးဘိုးဟန်နှင့် ကိုဘိုးရုံတို့သည် ပါးစပ်အဟောင်းသားနှင့် မေဂျာနာဗူးပြောသမျှကို ကျွန်တော်က မြန်မာဘာသာပြန်၍ ပြောလိုက်သည်ကို တအံ့တသြနှင့် နားထောင်နေကြရှာသည်။

ထိုနေ့ညနေခင်း ကျွန်တော်တို့နှင့် မစ္စတာနီမူရတို့ ဂျပန်အဖွဲ့ လူချင်းဆုံမိသောအခါ မနေ့ညက တောဆင်တွေနှင့် ကျွန်တော်တို့ တိုက်ပွဲအကြောင်းကို ပြန်၍နွှေးကာ ဇာတ်ကြောင်းလှန်၍နေမိကြသည်။

"ကျွန်တော်တို့ စစ်သုံးဂျပန်ရိုင်ဖယ်ပြောင်းရှည်ကြီးနဲ့ သုံးချက်တိတိ ပစ်ခဲ့တာ၊ အပြေးတောင်မပျက်ဘူး ဗိုလ်မှူးကြီး"

မစ္စတာနီမူရသည် ဆင်များ၏ခံနိုင်စွမ်းရည်ကို ချီးကျူးရင်း ပြောလိုက်သည်တွင် . . .

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး၊ ဒါကြောင့်မို့ကို . . . ကျွန်တော်တို့ ခရီးမထွက်ခင်က ဗိုလ်မှူးကြီးပြောခဲ့တဲ့ ပြောင်းဝအကျယ်နဲ့ ကော်ဒိုက်ယမ်းအားကောင်းကောင်း ရိုင်ဖယ်ကြီးတွေ လိုတယ်၊ အသုံးဝင်တယ်ဆိုတာ လက်တွေ့ကျမှ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်၊ တကယ်လို့သာ မနေ့ညက အဲဒီဆင်ပစ်ပြောင်းဝအကျယ် ရိုင်ဖယ်ကြီးတွေ မပါခဲ့ရင် ဒီနေ့အဖို့မှာ ကျွန်တော်တို့ ဝမ်းနည်းနေရမှာ မုချပဲ၊ ကျွန်တော်တို့အထဲက တစ်ယောက်ယောက် တစ်သက်လုံး ပြန်မတွေ့နိုင်တဲ့ခရီးမှာ ကွဲကြမှာခင်ဗျာ"

"မှန်ပါတယ် လူကြီးမင်းဗျား၊ သားကောင်ကြီးတွေ တစ်ချက်တည်း ကျဆုံးအောင်ပစ်ခတ်ဖို့ရာက ပြောင်းဝကြီးကြီးနဲ့ ကော်ဒိုက်ယမ်းအားကောင်းတဲ့ ထိပ်ဖူးသံမဏိကျည်ဆန်အမာတွေ ထည့်ထားတာ စိတ်ချရတဲ့ ကုမ္ပဏီကြီးတွေက လုပ်တဲ့ ကျည်ဆန်ကြီးတွေနဲ့ ကျည်ဆန်တွေကို ရဖို့အရေးကြီးပါတယ်၊ ဥပမာပေးရရင် ဂျာမနီမှာဆိုရင် ကရက်

လက်နက်ရုံက ထုတ်လုပ်တဲ့ မော်တာကုမ္ပဏီအမျိုးအစားသေနတ်တွေ ဖြစ်ပါတယ်၊ အဲဒီကုမ္ပဏီက မဂ္ဂဇင်းရိုင်ဖယ်သေနတ်တွေ အများဆုံး ထုတ်လုပ်ပါတယ်၊ ၁၂ ဗို့ နှစ်လုံးပြူး နည်းနည်းပါးပါးလောက်လုပ်တာ တွေ့ရပါတယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကရက်လက်နက်ရုံ၊ ဂျပန်အစိုးရက တောင် ကန်ထရိုက်ပေးရတဲ့ နာမည်ကျော် ဂျာမနီလက်နက်ရုံကြီးပါပဲ ခင်ဗျာ၊ ယုံမှားသံသယဖြစ်စရာမရှိပါဘူး၊ နောက်ပြီး ဘယ်က အမဲပစ် သေနတ်တွေ ထွက်ပါသေးသလဲ ဗိုလ်မှူးကြီးခင်ဗျာ"

မစ္စတာနိုမူရသည် စိတ်ပါဝင်စားစွာ မေးမြန်းသည်ကြောင့်-

"ဂျာမနီက ကရက်လက်နက်တိုက်က ထုတ်တဲ့ မော်တာ ကုမ္ပဏီနဲ့ နောက်ပြီး ဩစတြီးယားပြည်က လုပ်တဲ့ မက်ကီရာနာရှူနား ခေါ်တဲ့ မဂ္ဂဇင်းရိုင်ဖယ်တစ်မျိုးကလဲ မဆိုးလောကမှာ ခေတ်စားလာ တယ်၊ ဗြိတိသျှတွေကတော့ ရိုးရိုးနှစ်လုံးပြူးနဲ့ နှစ်လုံးပြူးရိုင်ဖယ်တွေ ထုတ်လုပ်တဲ့နေရာမှာ ထင်ရှားပါတယ်၊ တချို့ ဗြိတိသျှတွေကတော့ သူတို့ဆီမှာ နှစ်လုံးပြူးသာမကဘူး၊ မဂ္ဂဇင်းရိုင်ဖယ်တွေပါ လုပ်ကြတယ် လို့ ပြောကြပါတယ်၊ နှစ်လုံးပြူးသေနတ်တွေနဲ့ နှစ်လုံးပြူးရိုင်ဖယ်တွေ လုပ်ရောင်းကြတဲ့ ဗြိတိသျှကုမ္ပဏီတွေမှာ ဟူးလင်အင်ဟူးလင့်ကုမ္ပဏီ၊ ဂစ် (စ်)ကုမ္ပဏီ၊ ရစ်ဘီကုမ္ပဏီတွေဟာ ထင်ရှားပါတယ်"

"မှန်ပါတယ်၊ ဗြိတိသျှတွေလုပ်တဲ့ လက်နက်ဟာ အဆင့် အတန်းမီပါတယ် ဗိုလ်မှူးကြီး၊ ဈေးကလဲ အားကြီး ကြီးမြင့်နေပါတယ်"

"ဟုတ်တာပေါ့ မေဂျာနာဂူ၊ မော်တာကုမ္ပဏီက လုပ်တဲ့ ရိုင်ဖယ်တစ်လက်ရဲ့ဈေးနှုန်းဟာ အင်္ဂလန်ကလုပ်တဲ့ ရိုင်ဖယ်တစ်လက်ရဲ့ ဈေးနှုန်းတစ်ဝက်လောက်ပဲ ရှိတယ်"

ဦးမိုးချမ်းစာအုပ်တိုက်



"အမေရိကန်ပြည်မှာရော အမဲပစ်လက်နက်တွေ ထင်ထင် ရှားရှား ရှိသေးသလားခင်ဗျ၊ ဗိုလ်မှူးကြီးသိသလောက် အမိန့်ရှိပါ"

မစ္စတာနိုမူရသည် သေနတ်ကုမ္ပဏီများ၏နာမည်ကို ရေမှတ် နှုန်း တောင်းပန်ပြန်သည်ကြောင့် . . .

"အမေရိကန်မှာဆိုရင် နာမည်ကျော် သေနတ်ထုတ်လုပ်တဲ့ ကုမ္ပဏီ တော်တော်များများရှိပါတယ်၊ ရီမင်တန်ကုမ္ပဏီ၊ ဝင်ချက်စတာ ကုမ္ပဏီ၊ ဆာဗိတ်-ဂျ ကုမ္ပဏီ၊ ကိုယ်စ်ကုမ္ပဏီတွေဟာ ကမ္ဘာ့လက်နက် ဈေးမှာ အလွန်ထင်ရှားတဲ့ ကုမ္ပဏီတွေပါပဲ၊ ပြင်သစ်ကျတော့ လက်နက် လုပ်တဲ့နေရာမှာ သိပ်ပြီးမထင်ရှားဘူး၊ စပိန်ပြည်နဲ့ အီတလီပြည်မှာ တော့ နှစ်လုံးပြူးနဲ့ ပစ်စတိုသေနတ်တွေလုပ်တာ ကုမ္ပဏီတစ်ခုတစ်ခု ရှိပါတယ်"

မစ္စတာနိုတိုးသည် ကျွန်တော်၏ဥရောပအမဲပစ်လက်နက် ထုတ်လုပ်ရေးကုမ္ပဏီများအကြောင်းကို တအံ့သြသြနှင့် နားထောင်၍ အဆုံးတွင် . . .

"ကျွန်တော်တို့ဂျပန်ပြည်မှာတော့ သေနတ်ပစ်တာ သိပ် မတွေ့ကြရပါဘူး၊ အရေးအကြီးဆုံးက ငါးဖမ်းတဲ့အလုပ်ပဲ၊ ဒါကြောင့် ငါးများကိရိယာကောင်းကောင်းနဲ့ ပိုက်ကွန်တွေ ကောင်းကောင်းထုတ် လုပ်တဲ့ ကုမ္ပဏီတွေသာ ရှိပါတယ်၊ အရပ်သားတွေကလဲ သေနတ်ပစ်ဖို့ သိပ်ဝါသနာမပါဘဲ အပျော့အထည်ပြီး သူတို့အများဆုံးကိုင်တတ်တဲ့ လက်နက်က ပစ်စတိုအသေးစား ၂၂ ဗို့နဲ့ ၂၅ ဗို့လောက်ပဲ ရှိကြ ပါတယ်"

ကျွန်တော်တို့ လက်နက်အကြောင်း ဆွေးနွေးနေစဉ်တွင် ညနေစာ ထမင်းစားပြန်ရန် ပြင်လိုက်ကြသည်ကြောင့် လူစုကွဲ၍ ထမင်း စားပွဲသို့ တိုက်ရိုက်ဝင်ရောက်ခဲ့ကြလေသည်။

ဦးမိုးချမ်းစာအုပ်တိုက်

ဒီးဒုတ်မျှောင်စခန်းတွင် နောက်ထပ်သုံးရက်ကြာ၏။ စခန်းချကာ မှတ်သားစရာကိစ္စများ မှတ်သားလေ့လာပြီးနောက် ချောင်းဖျားအထက်ပိုင်းဒေသသို့ ဆက်လက်ခရီးထွက်ခဲ့ကြပြန်လေသည်။

စတင်၍ချီတက်သော ခရီးလမ်းမှာ ဒီးဒုတ်မျှောင်က ဘွက်စခန်းဘက်မှ မြှားဆိပ်စခန်းအထိ နံနက်ပိုင်းအရောက် ချီတက်ရေးဖြစ်သည်။ ခရီးလမ်းတစ်လျှောက်၌ သောက်ရေသုံးရေရရန် ခဲယဉ်းလှသည့်အကြောင့် ရေများကို ဝါးကျည်တောက်ကြီးများတွင် အပြည့်ထည့်သိုကာ ဆင်များပေါ်၌ အစီအရီချိတ်ဆွဲ၍တစ်ဖုံ၊ ကျွန်တော်တို့၏ ရေဘူးများတွင် ရေများကိုထည့်ကာ ဆင်များကိုလည်း ရေအဝ တိုက်ကျွေးလိုက်ကြပြီး နံနက်စောစောတွင် စတင်ကာ ချောင်းဖျားဒေသသို့ ချီတက်ကြလေသည်။ ကျွန်တော်တို့သည် ပဲခူးရိုးမကြီး၏ မြောက်ဆွယ်တောင်ကြောကြီးပေါ်သို့ တည့်တည့်မတ်မတ် ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ တောင်ကြောကလည်း အတော်မြင့်မားသလောက် ပတ်ဝန်းကျင်တစ်ဝိုက်ကို မျှော်ကာကြည့်လိုက်တိုင်း တောင်ကမ်းနှင့် ချောက်ကမ်းပါးကြီးများ၊ လျှိုကြီးများသည် ရံလျက်၊ ကာဆီးလျက် လွမ်းစရာဖန်တီးနေပေ၏။ မျှော်လေတိုင်းလည်း တောတွေ၊ တောင်မပွသည် အဆုံးမသပ်အောင် ရှိနေတော့သည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ "ဘယ်တောဘယ်မြိုင် မသိရှာခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းခွင့်"ဆိုသည့် မဲဇာတောင်ခြေရတုထဲကကဲ့သို့ပင် ကျွန်တော်တို့ ချီတက်ရေးအဖွဲ့ဝင်များအဖို့၌လည်း လမ်းပြကျွမ်းသူတွေသာမပါလျှင် မည်သည့်ဒေသသည် မြင်းမနားနယ်၊ မည်သည့်အရပ်သည် နတ်မောက်ရပ်၊ မည်သည့်ဒွာနသည် ရမည်းသင်းနယ်ဟူ၍ ခွဲခြားသိရှိနိုင်မည်မဟုတ်ပါ။

သားကောင်များကလည်း ပေါချင်တိုင်းပေါလျှက် ရှိနေတော့၏။ ဆင်များ၊ ခရယ်များ၊ ဂျီများသည် တကောင်ချင်းမဟုတ်ဘဲ ဆိတ်အုပ်၊





သိုးအုပ်တွေလို အုပ်ဖွဲ့ကာ ကျက်စားနေသည်ကို တွေ့ရပြန်ပါသည်။ တချို့တချို့ ညိုနီရဲသော အသွေးအရောင်ရှိသည့် တောဆိတ်ကြီးများသည် ကျွန်တော်တို့နှင့် ပက်ပင်းပါတိုးမိသည်ကြောင့် နီးရာ ချောက်ကမ်းပါးမှ တစ်ဟုန်တည်း တောင်ကြောအတိုင်း တက်ပြေးကြသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့အဖို့၌ အသားရိက္ခာအဖြစ် ဆင်ကြီးတွေမှ အသားကျပ်တင်တုံးကြီးတွေအဖြစ် ပေးအပ်ခဲ့သည်ကြောင့် နောက်ထပ် အသားအတွက် ပစ်ခတ်ရန် မလိုတော့ချေ။ ထို့ကြောင့် သားကောင်တွေကိုတွေ့တိုင်း မပစ်ခတ်ကြရန် တားမြစ်လိုက်ရပေသည်။

ရေမှာလည်း အတော်ရှားရှားပါးပါး ဖြစ်လာတော့သည်။ ချောင်းထဲ၌ လုံးဝရေပြတ်နေသလောက် တောတွင်းတချို့နေရာ၌ ကျောက်ခွက်များတွင် မည်သည့်အချိန်က တင်၍၊ ကျန်ရစ်ခဲ့သည်မသိရသော ရေအိုင်ကလေးများကိုသာ တွေ့ရှိရပြီး၊ ငှက်မျိုးစုံရော၊ ခြေလေးချောင်းတိရစ္ဆာန်တွေကပါ ၎င်းရေအိုင်ကလေးတစ်ဝိုက်၌ အမြဲတမ်းရံလျက် ခိုကပ်နေသည်ကို သတိပြုမိသည်။

ခါတိုင်း ရေစမ်းကျနေကျ နေရာဟောင်းတွေ၌လည်း ရေတွေခန်းခြောက်နေသည့်အဖြစ်ကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေရသလောက် နှစ်စဉ် မိုးအားကြီးကောင်းနေကျ ချောင်းဖျားဒေသ၌ မိုးခေါင်းပါးမှုအတွက် အဖြေကိုကား ရှာ၍မရနိုင်အောင် ရှိချေ၏။

နေ့ခင်း နှစ်နာရီအချိန်တွင် ကျွန်တော်တို့ချီတက်ရေးအဖွဲ့သည် ဘွက်စခန်းကို ဖြတ်ကျော်၍ မြှားဆိပ်စခန်းတွင် နံနက် စခန်းချလိုက်ကြသည်။ မြှားဆိပ်စခန်းသည် ရိုးမပေါ်၌ ထီးထီးကြီးတည်ရှိနေသော မြေညီကွက်လပ်စခန်းဖြစ်၍၊ လေသည်လည်း တဟူးဟူး တိုက်ခတ်နေတော့၏။ စခန်းတစ်ဝိုက်၌ ခါတိုင်း မိုးကောင်းသည့်အခါ၌ ရေတံခွန်များ ကျရောက်ခဲ့သည့်နေရာဟောင်းများကို တွေ့ရှိရပြီး၊ ယခု

အခါတွင် အကာပ်အသပ်ကျန်ရစ်ခဲ့သော ကျောက်ဆိုးကျောက်ခွက်များ အတွင်းမှ ပေါင်းနွမ်းနေသည့် ဝါကျင့်ကျင့်ရေများကို နောက်ဆုံး တွေ့မြင်ခဲ့ရတော့သည်။ အရန်သင့်ယူဆောင်လာကြသော ထမင်းဟင်း များကို ဆာဆာလောင်လောင်နှင့် စားသောက်ကြပြီး ခေတ္တအပန်းဖြေ ခဲ့ကြသည်။ အချိန်အခါသက ကျော်လွန်ပြီး လေကလည်း တဟူးဟူး တိုက်ခတ်နေသည်ကြောင့် အအိပ်လွယ်သူများအဖို့ ကျောက်တုံးများကို မှီရင်း တရေးတမော အိပ်ပျော်နိုင်စေပါသည်။

နာရီဝက်ခန့် ခေတ္တအနားယူကြပြီး ကျွန်တော်တို့ချီတက်ရေး အဖွဲ့သည် ညဥ့်အိပ်စခန်းချရန်ဖြစ်သော ငါးလိုက်ချောင်းဖျားဒေသ အဆုံးစခန်းဖြစ်သည့် ရွှေဆုံးလဲဆုံးစခန်းသို့ စတင်ချီတက်ခဲ့ကြပြန် သည်။ ချောင်းကမ်းပါးအတိုင်း ချီတက်ရသော လမ်းကြမ်းမျိုးဖြစ်၍ ခက်ခဲသောချီတက်ခြင်းဖြင့် ချီတက်ရသည်ကြောင့် ခရီးမတွင်တော့ချေ။ မိုးညိုစခန်းသို့ ညဥ့် ခုနစ်နာရီမှ ရောက်ရှိခဲ့သည်။ ရှေ့ဆက်လက်၍ ချီတက်ရန်မှာလည်း အချိန်မတော်သည်ကြောင့် မိုးညိုစခန်းတွင် ထိုနေ့ ညအဖို့ စခန်းချရပ်နားရန် စီစဉ်လိုက်ရပါသည်။ ကံကောင်းသည်ဆိုရ ပေမည်။ အကြောင်းမှာ မိုးညိုစခန်းတွင် ခင်ပြန့်သဘောမျိုး ကျယ်ပြန့် သည့် တောင်ထိပ်ပေါ်၌ စခန်းရှိပြီး လေကလည်း တဟူးဟူးတိုက်ခတ် နေတော့၏။ မိုးညိုစခန်း၏ ညာဘက်ချောင်းကမ်းတွင် စမ်းပေါင်း တစ်ခု တွေ့ရှိရပြီး ရေမှာ အတော်ကောင်းသလောက် ကျွန်တော်တို့ ချီတက်ရေးအဖွဲ့ဝင်များနှင့် ဆင်များအတွက် သုံးရက်စာခန့် ရေတည်ရှိ ကြောင်းကို တွေ့ရခြင်းဖြစ်သည်။

စခန်းတစ်ခုလုံး၏လုံခြုံရေးအတွက် ကျွန်တော်သည် ဦးဘိုးဟာန် ကိုဘိုးရုံတို့ကို ခေါ်ယူ၍ လက်နှိပ်ဓာတ်မီးများ အသုံးပြုကာ စခန်း ပတ်ဝန်းကျင် မိုင်ဝက်ခန့်တစ်လျှောက်၌ လိုက်လံကင်းထောက်ကာ





သေနယ်မြေအခြေအနေနှင့် မြေမျက်နှာပြင်အခြေအနေကို လေ့လာ ကြည့်ရှုလေသည်။ တောကလည်း ပဲခူးရိုးမကျောပေါ်၌ တွေ့ရှိရသည့် တောများအနက် အထူထပ်ဆုံး ပေါက်ရောက်နေတော့၏။ ကြီးမားသော ဝါးရုံကြီးများ၊ ကြက်သောင်းဝါးကြီးများသည် မြိုင်ဆိုင်စွာ ပေါက်ရောက် နေရုံမက အထက်တွင် ကိုင်းချင်းယှက်နေကြသည်ကြောင့် အချိန် အခါသ ကြီးမားလှစေရန် ဖန်တီးနေသလို ဖြစ်နေပါသည်။ သစ်ကြီး ဝါးကြီးတွေပေါက်ရောက်ပြီး အောက်ခြေတစ်ဝိုက်၌ အောက်ကျဉ်းဒေသ က တောများကဲ့သို့ "ထွေး"မရှုပ်ပါ။ ချုံတွေ၊ မြက်ရှည်တွေ ရှုပ်ထွေး နေအောင် မပေါက်ရောက်ခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့သုံးဦးနှင့် ရဲဘော်ကျော်လှိုင်တို့နှင့် ဆင်သမားများ စုပေါင်း ခုနစ်ယောက်သောအဖွဲ့ဝင်များသည် ငါးတောင့်ထိုးလက်နှိပ် ဓာတ်မီးကြီးများ တဝင်းဝင်းနှင့် စခန်းပတ်ပတ်လည်တွင် လှည့်ကာ၊ မြေမျက်နှာပြင်ကို အကဲခတ်နေကြသည်။ ရဲဘော်ကျော်လှိုင်၏လက်နှိပ် ဓာတ်မီးသည် သတ္တဝါတစ်ကောင်၏ မျက်စိလေးလုံးကို စုပြုကာ ထိုးမိ ထားလေသည်။ ဦးဘိုးဟာန်က စုတ်သပ်၍ တိတ်တိတ်နေရန် အချက် ပေးလိုက်သည်ကြောင့် ကျွန်တော်တို့သည် ပြောဆိုနေသောစကားများကို ရပ်ကာ၊ ဓာတ်မီးရောင်အောက်၌ တန်းတန်းတက်လာသော သတ္တဝါ နှစ်ကောင်၏ အခြေအနေကို လေ့လာလိုက်သည်။ ကုန်းကွကွလုပ်၍ တလှုပ်လှုပ်တက်လာသော သတ္တဝါနှစ်ကောင်သည် လက်နှိပ်ဓာတ်မီး ရောင်အောက်၌ အတိုင်းသားတွေ့နေရလေသည်။ တစ်ကိုယ်လုံး၌ အမွှန်တွေအပြည့်ရှိသော ဆူးတွေနှင့် သေးငယ်သော မျက်လုံးကလေး နှစ်လုံးမှာလည်း ရဲဘော်ကျော်လှိုင်၏ စူးစူးစိုက်စိုက်ထိုးထားသော လက်နှိပ်ဓာတ်မီးရောင်ဆီသို့ တန်းတန်းမတ်မတ်တက်လာသည့် သတ္တဝါ နှစ်ကောင်ကား "ဖြူမပြူ" ကောင်ကြီးတွေ ဖြစ်ကြသည်။ ရဲဘော်

ကျော်လျှင်၊ နောက်တွယ်မှ အဆင်သင့်စောင့်နေသော ကိုဘိုးရုံနှင့် ဆင်သမားတစ်ဦး၏ တစ်လှမ်းချင်းတက်လာသော သဏ္ဌာန်များကို ကျွန်တော်တို့ တွေ့မြင်ကြရပြီး၊ နောက်တစ်ခဏ၌ ဖြူကြီးနှစ်ကောင်၏ ခေါင်းတည့်တည့်အပေါ်သို့ ဒုန်းခနဲ ဒုန်းခနဲ တုတ်ကြီးတွေ ကျရောက်လာပါသည်။ ဖြူကြီးနှစ်ကောင်သည် အငိုက်တွင် အရိုက်ခံရသော ဝါးရင်းတုတ်ကြီးတွေ၏ဒဏ်ချက်ကြောင့် တစ်ချက်နှစ်ချက် တွန့်လိမ်ကာ အသက်ပျောက်သွားတော့၏။

"အခန့်သင့်လိုက်လေကွာ . . . မြွေသား စားချင်တာကြာပြီ၊ ညဥ့်စာအမီ မြွေသားနဲ့ စားကြရအောင်ဗျို့"

ကိုဘိုးရုံသည် ဖြူကြီး၏ခြေတစ်ချောင်း ဆွဲကာမ၍ အဆင်သင့်ပါလာသော ညှပ်ကြိုးတွေနှင့် ရစ်ပတ်ကာ ချည်နှောင်လိုက်ကြတော့သည်။

"ဒီနည်းဟာ အကောင်းဆုံးပဲ မောင်ဘိုးရုံ့ ဘာသေနတ်သံမှ မကြားရဘဲ အနုနှင့် တီးထည့်တာ ဖြတ်လမ်းနည်းပဲဟေ့"

ဦးဘိုးဟန်သည် ဆေးပေါ့လိပ်ကိုဖွာရင်း ဝေဖန်ချက်ချလိုက်သည်။

"ကဲ . . . ရှေ့ဆက်ပြီး ကြည့်လိုက်ကြဦးစို့ကွာ"လို့ ဦးဘိုးဟန်က သတိပေးကာပြောရင်း ရှေ့သို့ လှည့်ပတ်၍ကြည့်ရန် ထွက်လာခဲ့ကြသည်။ စခန်း၏အရှေ့ဘက်တစ်နေရာတွင် မှောင်နေသော ဝါးရုံပင်ကြီးအောက်မှ ဝင်းခနဲ ကြီးမားသောမျက်လုံးကြီးနှစ်လုံးကို ကိုဘိုးရုံ၏ လက်နှိပ်ဓာတ်မီးရောင်အောက်၌ အထင်းသားတွေ့ရှိလိုက်ရသည်။ ဦးဘိုးဟန်သည် ဖျတ်ခနဲ ရိုင်ဖယ်သေနတ်နှင့် ထိုး၍ချိန်လိုက်သည်။ ကျွန်တော်သည် အဖြစ်အပျက်ကို နားလည်လိုက်မိသည်။ ထို့ကြောင့် ကျွန်တော် ကိုင်ဆွဲလာတဲ့ . ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်ကြီးကို မ၍ ရဲရဲ





တောက် အရောင်ထွက်နေသည့် မျက်လုံးနှစ်လုံးဆီသို့ လှမ်းချိန်ချိန်လိုက်သည်။ ဦးဘိုးဟန်သည် ကျွန်တော်နှင့် ပေ ငါးဆယ်ခန့်အကွာမှ ရှေ့သို့ တရွေ့ရွေ့တိုးလာသော မီးခဲသဏ္ဌာန်ရဲနေသော မျက်လုံးနှစ်ခု အကြားသို့ ကျကျနနချိန်၍ . ၅၀၀ ဗို့ နှစ်လုံးပြူးရိုင်ဖယ်၏ ညာဘက်ပြောင်းမှ ကျည်ဆန်ကို ပစ်လွှတ်လိုက်သည်။

တိတ်ဆိတ်ညဥ့်၏ကာလကို ဦးဘိုးဟန်၏ . ၅၀၀ ဗို့ ရိုင်ဖယ်ကျည်ဆန် ယိမ်းဂရိမ် . ၄၉၀ က ရက်ရက်စက်စက်ကြီး ဖြိုခွဲဖျက်ဆီးပစ်လိုက်၏။ သေနတ်သံနှင့်အတူ တစ်တောလုံး တုန်ဟည်းသွားအောင် ဟေါခနဲ ဟိန်းလိုက်သည်။ ကျားဟိန်းသံကြီးသည် ရုတ်တရက် တစ်ချက်တည်း ပေါ်ထွက်လာသည့်တစ်ခဏအတွင်း၌ မျက်ခွံနှစ်ခုကြား၌ ဖောက်ထွင်းသွားရသော ကျည်ဆန်၏ဒဏ်ချက်ကို ခံစားလိုက်ရသည့် ကျားကြီးသည် လူးလဲကာ မြေပေါ်မှ ကျရာက အတင်းကုတ်ကပ်၍ အားယူ၍ ထလိုက်ပါသည်။ သို့ရာတွင် ကျွန်တော်၏ . ၄၇၀ ရိုင်ဖယ်က ကျားကြီး၏လက်ပြင်ကို တစ်ချက်တည်းပစ်၍ စခန်းသိမ်းလိုက်ပါသည်။ အမှန်အားဖြင့် ကျွန်တော် ဝင်ရောက်ပစ်ခတ်စရာမလိုပါ။ ဦးဘိုးဟန်၏ ပထမတစ်ချီ ပစ်ခတ်ချက်နှင့်ပင် ကျားကြီးသည် နိဂုံးချုပ်ဖို့သာ ရှိပါသည်။

"မနက်မှလာယူကြတာပေါ့ကွာ၊ ကဲ . . . ဆက်လှည့်ကြည့်ပြီး ပြန်ကြရအောင်၊ မိုးကာတဲတွေထိုးဖို့ ကျန်သေးတယ်၊ ဒီလို သေနတ်သံနှစ်ချက် ဖောက်ပေးလိုက်ရင် တော်တော်တန်တန်အကောင်တွေ စခန်းနားမှာ မသီရဲတော့ပါဘူး"

ကျွန်တော်တို့ ကင်းထောက်အဖွဲ့သည် အရှေ့သို့ ဆယ့်ငါးမိနစ်ခန့် စခန်း၏အခြေအနေနှင့် ကာကွယ်ရေးအစီအစဉ်များအတွက်

လေ့လာပြုလုပ်ပြီးမှ ချောင်းထဲသို့လှည့်ကာ ပြန်ဆင်းခဲ့ကြလေသည်။ စခန်းတစ်ခုလုံး မီးလုံးကြီးတွေ ထိန်နေအောင်လင်းနေတော့၏။

"ဘာပစ်တာလဲ ဗိုလ်မှူးကြီး၊ ရိုင်ဖယ်သံနှစ်ချက် ထွက်ပါတယ်"

မစ္စတာနိုမူရက လမ်းခုလတ်မှပင် ဆီး၍မေးလိုက်သည် ကြောင့် . . .

"ကျားနဲ့ ပက်ပင်းပါတိုးမိလို့ ပစ်သတ်လိုက်ရပါတယ်၊ မှန်ပါတယ်၊ နှစ်လုံးပြူးရိုင်ဖယ်တွေနဲ့ တစ်ချက်စီ ပစ်ထည့်လိုက်တာပါပဲ"

ကျွန်တော်က ပြောရင်း မျက်နှာသစ်ရန်အတွက် ရေပုံးများ အစီအရီထားရာသို့ ထွက်လာခဲ့လေသည်။ ခရီးပန်းလာသည်ကြောင့် ကျွန်တော်တို့သည် ညစာကို စောစောစားပြီး စခန်းလုံခြုံရေးအစီအစဉ်များ နေရာချထားကာ အိပ်ရာထဲသို့ စောစောဝင်ခဲ့လေသည်။

ဦးဘိုးဟန်နှင့် မေဂျာနာဂူစတို့သည် ကျားသေကြီး၏နှာခေါင်းဖျားမှ နောက်ကျောအတိုင်း အမြီးဖျားအဆုံးအထိ ပေကြိုးနှင့် စနစ်တကျ တိုင်းထွာကြည့်နေလေသည်။ အမြီးဖျားအဆုံးနေရာ၌ ပေကြိုး၏ ဂဏန်းမှာ ဆယ့်တစ်ပေနှင့် နှစ်လက်မ စွန်းနေကြောင်းကို ပြသနေတော့၏။

"အတော်ကြောက်စရာကောင်းတဲ့ အကောင်ကြီးပဲ ဗိုလ်မှူးကြီး၊ မှန်တဲ့နေရာက ပိုင်ပြီးပစ်လိုက်တော့ ရိုင်ဖယ်ကျည်အားက အင်မတန်ကောင်းလို့ နေရာမှာ ပစ်ကန်ကျတာပဲ"

မစ္စတာနိုမူရသည် ကျားကြီး၏မျက်မှောင်နှစ်ခုကြားမှစ၍ လည်ကိုဖြတ်ကာ ပွင့်ထွက်သွားသော သုံးလက်မခန့် ကျည်ဆန်ဖူးထွက်သွားရာဒဏ်ချက်နှင့် လက်ပြင်တစ်ခုလုံးကို ဖွာထွက်သွားသော ရိုင်ဖယ်ဒဏ်ချက်ကြီးများကို ဂရုတစိုက်ကြည့်ကာ ပြောဆိုလိုက်သည်။





မကြာမီ ဝါးလုံးကြီးဖြင့် ကားကျက်ထားသော လှပကြောရှင်းသလောက်၊ ကြီးမားလှသည့် ကျားရေကြီးတစ်ချပ်ကို ကျွန်တော်တို့ နိုကာတဲရှေ့တွင် တွေ့မြင်နိုင်ပေသည်။

❖

## မာန်စွယ်ဖွေးဖွေး

လေသည် တဟူးဟူးတိုက်လျက် . . .

တဟဲဟဲမြည်နေကာ တိုက်ခတ်သော လေပြင်းကလေး၏ ညေးချက်အရ သစ်ပင်ကြီးများက ဘယ်ညာယိမ်းယိုင်လျက်။ သစ်တောက် ငုတ်ကြီးများကလည်း တဒုန်းဒုန်းနှင့် သစ်ခေါင်းတွေကို ပေါက်ဆွကာ ကျယ်လောင်သော ကျွဲခလောက်သံများကဲ့သို့ တစ်တောလုံး မြည်ဟည်းစေတော့၏။

ဧွေးဆုံးလဲဆုံးစခန်း သို့မဟုတ် ပဲခူးရိုးမ၏မြောက်ဆွယ်ဘက် ကျကျရှိ ငါးလိုက်ချောင်းဖျားခံရာ နောက်ဆုံးပိတ် အစွန်ဆုံးဒေသစခန်းဖြစ်ပါသည်။

ငါးလိုက်ချောင်းဖျားခံရာ အစွန်ဆုံးချောင်းဝဖြစ်၍ တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း ပေတစ်ရာအစိတ်ခန့်သာ ကျယ်သလောက် ဘေးက တောင်ကမ်းတွေ မြင့်မားသောဒေသလည်း ဖြစ်ပေ၏။

ကျွန်တော်တို့ချိတက်ရေးအဖွဲ့ဝင်များသည် ဧွေးဆုံးလဲဆုံးစခန်းသို့ ခပ်စောစောနေနှင့် ရောက်ရှိခဲ့ပြီး နေရာရွေးချယ်ရေးအတွက် အတော်ကလေး အငြင်းပွားနေခဲ့ကြသည်။ မစ္စတာနိုမူရတို့လူစုက အအေးကြိုက်သော ဂျပန်လူမျိုးတွေပီပီ ချောင်းထဲဝတွင် တပ်၍ စခန်းချလိုကြသည်။ မှန်ပါသည်။ ချောင်းရိုးအတိုင်း လေကလည်း

တဟူးဟူးတိုက်နေသလောက် ဘေးတစ်ဖက်တစ်ချက်က ပေနှစ်ရာခန့် မြင့်မားသော ချောက်ကမ်းပါးယံကြီးတွေက အရှေ့မှတစ်ဖက်၊ အနောက်မှ တစ်ဖက်ဆီ ကာမိုးထားကာ၊ နေပူရှိန်ကို ထိထိရောက်ရောက် ကာကွယ်ပေးနေသည်။ တောင်ကမ်းပါးယံတွင် ကပ်၍ပေါက်နေသော ဝါးရုံပင်ပုပုကလေးတွေကလည်း ချောင်းကမ်းပါးမှ ချောင်းတစ်လျှောက်၌ ထီးမိုးကာပေးထားသလို အရိပ်သဖွယ် ဖန်တီးနေလေသည်။ ထို့ကြောင့်လည်း အအေးအလွန်ကြိုက်သော မစ္စတာနိုမူရတို့က ရေနားနီးနီး အရိပ်အာဝါသကောင်းသော ချောင်းစုံ၌ စခန်းချလိုကြ၏။

ဦးဘိုးဟန်နှင့် ကိုဘိုးရဲတို့၏ဆန္ဒမှာ ကျွန်တော်တို့စခန်းကို ချောင်းစုံဝထဲ၌ စခန်းမချစေလို။ အကြောင်းပြချက်မှာ မတော်တဆ အထက်ချောင်းပေါက်ကလေးတွေက မိုးရွာ၍ချလိုက်ပါလျှင် နာရီမဆိုင်းဘဲ ရေလုံးကြီးကျကာ တစ်ချိုတည်း ချောင်းစုံပေါ်၌ ရေလွှမ်းကာ လူရော၊ ရိက္ခာရော၊ ပစ္စည်းတွေပါ ရေထဲ မျောပါသွားမည်ဖြစ်ကြောင်း တင်ပြကြသည်။ နှစ်ဘက်စလုံးအကြောင်းအရာများမှာ မှန်နေကြသည်။ ထို့ကြောင့် ကျွန်တော်သည် အတန်ကြာအောင် စဉ်းစားနေခဲ့မိသည်။ ကျွန်တော်၏အကြံဉာဏ်မှာ ဦးဘိုးဟန်နှင့် ကိုဘိုးရဲတို့၏ အကြံပေးချက်ကိုလည်း လက်မလွှတ်စေဘဲ၊ ဧည့်သည်ဖြစ်သူ မစ္စတာနိုမူရတို့အတွက်လည်း သက်သာစေမည့် ဆုံးဖြတ်ချက်ဖြစ်လေသည်။

ရိက္ခာနှင့် အရေးကြီးသောပစ္စည်းများနှင့် ဆင်များကို ချောင်း၏ အနောက်ဘက်ရိုးတန်းပေါ်၌ရှိသည့် ကျွန်းတောကြီးထဲတွင် သီးသန့် စခန်းချစေလိုက်သည်။ အအေးကြိုက်သော မစ္စတာနိုမူရတို့လူစုနှင့် ကျွန်တော်တို့သည် ချောင်းစုံထဲတွင် မိုးကာတဲကလေးတွေထိုးကာ အိပ်ရာ၊ အဝတ်အစားလောက်သာ ယူပြီး၊ စခန်းချရန် ဖြစ်သည်။ သောက်ရေသုံးရေအတွက် ကျွန်တော်တို့ အောက်ပိုင်းချောင်းစုံတွင်





လှုအားနှင့်တူးကြရာ ဆဲတွင်းကြီးသုံးတွင်းကို တစ်နာရီအတွင်း တူးဖော်ပြီးကြသည့်အတွက် ရေကို ဖူလုံစွာရရှိခဲ့သည်။ လူရေရော၊ ဆင်ရေအတွက်ပါ စိတ်ချရသည်။

ဦးဘိုးဟန်က ကျွန်တော့်အား . . .

"ခင်ဗျားဂျပန်တွေကို တစ်ဆိတ် သတိပေးပါ။ မိုးကာတဲတွေဘာတွေ ကြီးကြီးကျယ်ကျယ်လုပ်ပြီး ချောင်းစုံထဲမှာ မနေကြပါနဲ့၊ အိပ်ဖြစ်ရုံ ခေါက်ခုတင်လေးတွေလောက်ပဲ ယူပြီး နေကြပါ။ ဟောဒီ ချောင်းဖျားမှာ ခု မိုးရွာရင် နာရီမဆိုင်းဘဲ ရေတွေ အလုံးအရင်းနဲ့ ကျလာမယ်၊ သယ်ဖို့ပြောင်းဖို့အချိန် မရှိဘူး၊ တစ်ဆိတ်ပြောလိုက်ပါဦး၊ တော်တော်ကြာ ကျုပ်တို့တာဝန်တွေ ဖြစ်လာမယ် ဗိုလ်မှူး"

ကျွန်တော်လည်း ဦးဘိုးဟန်၏အကြံပေးချက်အတိုင်း မစ္စတာနိုမူရတို့လူစုအား ချောင်းဖျားဒေသ၏ ရေအားကြီးပုံကို ပြောပြသတိပေးကာ၊ ချောင်းကမ်းပေါ်သို့ တတ်နိုင်လျှင် ရွှေ့ပြောင်းနေကြရန် တောင်းပန်ပါသည်။

"ကိစ္စမရှိပါဘူး ဗိုလ်မှူးကြီး၊ ရေနဲ့ဆိုရင် ကျွန်တော်တို့ဂျပန်လူမျိုးတွေက နေရာမရွေးပါဘူး။ ပင်လယ်မှာ ကြီးပြင်းလာတဲ့လူမျိုးတွေမို့ ဒီအတွက် စိတ်ချပါ"

မေဂျာနာဂူးသည် သူတို့အတွက်စိတ်ချလက်ချရှိရန် တောင်းပန်လိုက်သည်ကြောင့် ကျွန်တော်တို့သည် နောက်ထပ်တစ်စုံတစ်ရာ မပြောကြတော့ဘဲ၊ တောင်ကမ်းပါးရုံတစ်လျှောက်၌ ဆင်းရတက်ရလွယ်ကူရန် လှေကားထစ်များကို ခပ်ပြေပြေထစ်စေရန် ကူလီများကို တာဝန်ပေး၍ သုံးလမ်းဖောက်လုပ်နိုင်းလိုက်သည်။

အိမ်ဆင်များသည် နွားမောင်းတရမ်းရမ်းနှင့် ဂဏ္ဍာမငြိမ်ဘဲ တစ်ချိုတစ်ချို ခတ်ထားသော ထုံးကြိုးများကို အတင်းကန်၍ ရုန်းနေ

တော့၏။ ကျွန်တော်တို့စခန်းချရာတစ်ဝိုက်၌လည်း သားကောင်ကြီးတွေ နိုက်ကပ်၍ကောင်းလှသော ဝါးပင်ကြီးများနှင့်တကွ ကိုင်းပင်ရှည်ကြီးများက ထူထပ်စွာ ပေါက်ရောက်နေသည်ကြောင့် တောဆင်များ၊ မြောင်ကြီးများ၏ စားကျက်ဟောင်းတွေ ဖြစ်ခဲ့မည်ကို ကျွန်တော် နားလည်လိုက်ပါသည်။

"ဆင်အုပ်က သိပ်မဝေးတဲ့ပုံပဲ၊ တောဆင်တွေအနံ့ကို အိမ်ဆင်တွေရလို့ ဂဏှာမငြိမ်တာဗျ၊ ကျုပ်တို့လူသံတွေ ကြားလို့ တောဆင်တွေဟာ ခဏမျှပြီး ငြိမ်နေတာဖြစ်မယ်"

ဦးဘိုးဟန်သည် ရိုင်ဖယ်ကြီးကို ပခုံးတွင်ထမ်းလျက် အိမ်ဆင်တွေ၏ လှုပ်ရှားပုံတွေကိုကြည့်ကာ သတိပေးစကားပြောကြားလိုက်သည်။ နေမဝင်သေးမီ ကျားဟိန်းသံတွေ၊ ကျားသစ်သံတွေ ပဲ့တင်ထပ်ခမန်း ပေါ်ထွက်လာချေတော့၏။

ကျွန်တော်တို့သည် ကင်းများကို ဂရုတစိုက်ချ၍၊ နေရာသတ်မှတ်၍ အလစ်မခံရစေရန် စခန်းတစ်ဝိုက်ကို ခုတ်ထွင်ရှင်းလင်းကြခြင်း၊ ညဥ့်လုံခြုံရေးအတွက် မျဉ်းကတိုး၊ ပိတောက်သား သစ်တုံးကြီးများကို စုပုံ၍ မီးပုံကြီးတွေ ဖိုထားစေပြီး ကျွန်တော်တို့ရဲဘော်တွေရော ဆင်သမားတွေနှင့် ကုလီတွေပါ တွဲ၍ ကင်းချစေပါသည်။ စစ်သုံးရိုင်ဖယ် နှစ်လုံးပြူများကို အနည်းဆုံး ကင်းတစ်ဖွဲ့လျှင် နှစ်ယောက်ကျစီ ကိုင်ဆောင်နိုင်စေရန် စီစဉ်၍ ပေးလိုက်ကြသည်။ ခေါင်းတွန်သံများ အလျှိုလျှိုကြားရပြီးနောက်၊ မိုးဦးကျကာလ၏ အမှောင်ထုသည် တပ်ချိကာ ညခင်းနိဒါန်းအဖြစ် တစ်ပြိုင်နက်တည်း ကျရောက်လာတော့၏၊ မီးတထိန်ထိန်နှင့် စကားပြောသံ၊ ခေါ်ဝင်သံများကို တစ်ချီတစ်ချီတွင် စူးခနဲ ဝေါခနဲ အော်မြည်လိုက်သည်။ ဆင်များ၏အသံများက လွှမ်းမိုး





ကာ ချောင်းဖျားဒေသ၏ ထူးခြားသောအသံများအဖြစ် ပေါ်ထွက်၍ လာပါသည်။

လက်နှိပ်ဓာတ်မီး၊ ရိုင်ဖယ်များကို လက်လှမ်းမီရာ၌ အရန်သင့်ဆောင်၍ ထားလိုက်ပြီး ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းတစ်ဖိုးအလယ်တွင်ချ၍ ဝိုင်းဖွဲ့လျက် အမဲကြီးများ ပစ်ခတ်ခံရပုံ၊ တောကြမ်းခြင်းအကြောင်း၊ တောသူတောင်သားတွေ၏ ဒုက္ခအကြောင်းကို ပြန်လှန်၍ပြောဆိုကာ ဘေးပတ်ပတ်လည်၌ အရန်သင့်လမ်းလျှောက်၍ ကင်းစောင့်နေကြသော ကင်းသမားများကို အားပေးစကားများပြောကာ သမ်းဝေ၍လာသည်ကြောင့် အိပ်ရာထဲသို့ ဝင်ခဲ့ကြပါသည်။

"ကျွန်တော် တစ်ဆိတ် မေတ္တာရပ်ခံပါရစေ နိုမူရစ်၊ ကျွန်တော်တို့ အသိမပေးဘဲ နိုမူရစ်အဖွဲ့ဝင် နီပွန်အမျိုးသားတွေထဲက မည်သူမဆို တောထဲကို အမှတ်တမဲ့ ထွက်မသွားကြဖို့ သတိပေးပါတယ်၊ ဘေးဥပဒ်အန္တရာယ်တွေ အများကြီးရှိပါတယ်၊ ဆင်ရော၊ ကျားရော အများကြီးပေါ်သလောက် တောတောင်မကျွမ်းကျင်ရင် မျက်စိလည်လမ်းမှားပြီး ဒုက္ခတွေ့နိုင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သူတို့ကို ခုချက်ချင်း ပြောကြားသတိပေးလိုက်ပါမယ်၊ အန္တရာယ်ကြီးမှန်းတော့ ကျွန်တော်တို့ကိုယ်တိုင် မြင်းချက်မရှိတမ်း ယုံကြည်နေပါတယ်ခင်ဗျာ၊ အနီးဆုံးရွာနဲ့ ဒီနေရာက ဘယ်လောက်ဝေးသလဲ ဗိုလ်မှူးကြီး"

ကျွန်တော်သည် စိတ်တွက်,တွက်၍ စဉ်းစားလိုက်ပြီးမှ . . .

"ကျွန်တော်တို့ ခုရပ်ပြီး စကားပြောနေတဲ့နေရာဟာ ပဲခူးရိုးမကြောကြီးအရှေ့ဘက်ကြောပေါ် တည့်တည့်ပါပဲ၊ ဒီကနေပြီး ရွာတစ်ရွာကို တွေ့ဖို့ ခြေလျှင်ခရီးပြင်းပြင်း လမ်းမှာ သုံးညအိပ်ရလိမ့်မယ်၊ မိုင်

ဆိုရင် အနည်းဆုံး နိုင်ငံအစိတ် မအောက်တန်းဝေးပါလိမ့်မယ်၊ ခုဟာ ဘယ်မှ မကျေးမကောက် ငှက်ဖျံခနီးထွက်ပြီး ပြောတာပါခင်ဗျာ"

"အတော်ဝေးလှချည်လား ဗိုလ်မှူးကြီး၊ ဟုတ်ပါတယ်၊ မျက်စိလည်မှာ အားကြီးကြောက်ရပါတယ်ခင်ဗျာ၊ လမ်းဆိုတာလဲ တစ်ခါမှ မတွေ့ရတော့ မျက်စိလည်ရင် ဒုက္ခလှလှကြီးရောက်ပြီးသားပဲခင်ဗျာ"

ကျွန်တော်တို့သည် စခန်းတစ်ပိုက်တွင် လှုံ့ပြီးသား သစ်များ၏ အခြေအနေ၊ ဒေသအခြေအနေကို လိုက်လံမစစ်ဆေးမီကာလအတွင်း ကျွန်တော်က မစ္စတာနိုမူရသို့ သတိပေးစကား ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ နောက် ဘယ်မိနစ်ခန့်အကြာတွင် ကျွန်တော်တို့လူစုသည် စခန်း၏အရှေ့ဘက်သို့တက်ကာ သစ်များ၊ ဆိပ်ကမ်းများအခြေအနေကို စစ်ဆေးသတ်မှတ်ရန် ခနီးထွက်ခဲ့ကြသည်။ မိုး၏အရိပ်အယောင်ကား မျှော်လင့်စရာ လုံးဝမတွေ့ရတော့ချေ။

ကျွန်တော်၊ ဦးဘိုးဟန်၊ ကိုဘိုးရုံ၊ တပ်ကြပ်ကြီးသန်းထွန်း၊ မစ္စတာနိုမူရ၊ မစ္စတာနီတိုး၊ မေဂျာနာဂူး စသည့် အဖွဲ့ဝင်များနှင့် လမ်းပြနှစ်ဦးတို့ကို ခေါ်ဆောင်ကာ ချောင်းအရှေ့ဘက်ကို စတင်တာ တက်ရောက်၍ သစ်အခြေအနေကို အစုလိုက်အပုံလိုက် တွေ့ရသော်လည်း သီးခြားသစ်မျှောဆိပ်မရှိခြင်းကြောင့် ဖရိုဖရဲနိုင်လှကြောင်း တွေ့ရပါသည်။ နောက်ထပ် ခုတ်စရာ ကျွန်းသစ်ကြီးများကိုလည်း ပေမီ စံချိန်မီ တွေ့ရှိရပြီး တောင်ကမ်း ကြီးမားလွန်း၍ သစ်ခုတ်ပြီး မျှောချရန် နေရာခက်ခဲကြောင်းပါ မှတ်သားခဲ့ကြသည်။

ချောက်ကမ်းပါးကလည်း နက်ရှိုင်းလှပေ၏။ ခေါင်းပေါင်း ကျွတ်ခမန်း မြင့်မားသော တောင်ကမ်းပါးယံကြီးများ၊ လျှိုကြီးများဖြင့် ရုတ်တရက်ကြည့်ရလျှင် ကျွန်တော်တို့ခနီးသည်များအတွက် ထွက်ပေါက်လမ်း မရှိသည့်အသွင် ထင်မြင်နေရတော့၏။ သားကောင်တွေကလည်း





လူသူအရောက်အပေါက်နည်းသော ဒေသဖြစ်၍၊ အတော်ရဲတင်းပြီး ဆတ်ကြီးများသည်လည်းကောင်း၊ စိုင်များသည်လည်းကောင်း၊ အရိပ် အာဝါသကောင်းသည့် ဝါးရုံပင်ရိပ်တွေအောက်တွင် ခိုကပ်၍ ကျွန်တော် တို့အား ထူးဆန်းသောသတ္တဝါတွေအနေဖြင့် စိုက်ကာကြည့်ပြီး အနားသို့ ရောက်လာမှ အလောတကြီး ရှောင်ရှားပြေးလွှားကြပါသည်။ ခနီး လမ်းပန်းအခြေအနေကို အထူးလေ့လာပြီးနောက် ကျွန်တော်တို့သည် သုံးနာရီခန့် ကြာမြင့်သည့်ကာလတွင် စခန်းသို့ ပြန်လှည့်ခဲ့လေသည်။

စခန်းသို့ ရောက်လျှင်ရောက်ချင်း မေဂျာနာဂူးအဖွဲ့မှ တပ် ကြပ်ကြီးက ဆီးကြို၍ အရေးတကြီး သတင်းပို့သည်။ သူတို့အဖွဲ့ဝင် ငိုင်ယာလက် ဖော်ပရေတာ တပ်ကြပ်ကလေး လိုဘာရာရှိနှင့် တပ်သား လိုဘေးတို့သည် ကူလီတစ်ယောက်ကို လမ်းပြအဖြစ်ခေါ်၍ စခန်းမှ အညောင်းပြေလှည့်လည်ရင်း တောပစ်ထွက်သွားရာ၊ တစ်နာရီခန့် အကြာတွင် သေနတ်သံ သုံးလေးချက် ထွက်ပေါ်လာပြီးနောက်၊ ဖော်ပြပါ လူသုံးဦး စခန်းသို့ ပြန်ချင်သည်ကြောင့်ထင်၍ ၎င်းနှင့် ရဲဘော် ကျော်လှိုင်နှင့် ဆင်ဦးစီးများ စု၍ လိုက်လံရှာဖွေရာ အမဲပစ်ထွက်သွား သူ သုံးဦး၏အစအနကို မတွေ့ရကြောင်း သတင်းပို့အစီရင်ခံပါသည်။

မေဂျာနာဂူးသည် များစွာဒေါသဖြစ်သလောက်၊ ရှက်လည်း ရှက်သွားပြီး ကြိုတင်သတိပေးထားပါလျက်နှင့် မည်သူ့ထံမှ ခွင့်မပန်ဘဲ တောလည်သွားသည့် တပ်ကြပ်ကလေး လိုဘာရာရှိနှင့် တပ်သားလိုဘေး တို့ကို ရက်ရက်စက်စက်အပြစ်ပေးမည်ဟု ပြောလိုက်ပြီး၊ ကျွန်တော်နှင့် အတူ စခန်းတစ်ပိုက်၌ လိုက်လံရှာဖွေကြသည်။ ခက်သည်မှာ ခြေရာ ခံ၍ ရှာဖွေရေး၌ တောတောင်အခြေအနေ ခြောက်သွေ့ပြီး၊ ခြေရာများ ထိတိကျကျ မထင်ခြင်းကြောင့် လည်းကောင်း၊ ကျွန်တော်တို့မရောက် မီက တပ်ကြပ်ကြီးဦးဆောင်၍ လိုက်လံရှာဖွေသောအဖွဲ့၏ ခြေရာတွေ

ကပါ ရောနှောရှုပ်ထွေးနေသည်ကြောင့် ပျောက်ဆုံးနေသော တောလည်သမားသုံးဦး၏ ခြေရာများကို ရှာဖွေရန်မှာ ခက်ခဲနေတော့၏။ နှစ်နာရီနီးပါး စခန်းတစ်ဝိုက် တစ်မိုင်ပတ်လည်စီအတွင်း ရှာဖွေ၍ တစ်စုံတစ်ရာ လူစလူနမှ မတွေ့ရမှ ကျွန်တော်တို့လူစုသည် ခြေကုန်လက်ပန်းကျကာ စခန်းသို့ ပြန်ရောက်လာကြသည်။ အကယ်၍ တောပစ်သွားသူများ မိမိတို့စခန်းကို မမှတ်မိဘဲ မျက်စိလည်နေပါလျှင် မိမိတို့စခန်းဆီသို့ မှန်းနိုင်ရန် ကျွန်တော်တို့သည် ဝါးဆစ်များကို ခုတ်၍၊ မီးပုံကြီးများတွင်းသို့ ထည့်ကာ၊ တဗိန်းဗိန်း တဖောင်းဖောင်း ဖောက်စေ၍ တစ်နာရီလျှင် လေးကြိမ်ကျစီ အသံပေးရပါသည်။

သေချာစွာပြန်၍ ပျောက်ကွယ်သူသုံးဦး၏ ထွက်ခွာသွားသော အခြေအနေကို စစ်ဆေးကြည့်ရာ၌ တပ်ကြပ်ကြီးသည် နေ့စဉ် အစီရင်ခံစာများ ရေးနေစဉ် တပ်ကြပ်ကလေး လိုဘာရာရှိနှင့် တပ်သားလိုဘေးတို့သည် စခန်းတွင် နေရသည်မှာ ပျင်းသည်ဟု အချင်းချင်းတိုင်ပင်နေသံ ကြားရကြောင်း၊ မကြာခင် ကူလီတစ်ဦးကို ခေါ်ယူကာ ဂျပန်ရိုင်ဖယ်တစ်လက်စီနှင့် ကျည်ဆန်ဘူးများ၊ လှံစွပ်များကို ခါးတွင်ပတ်၍ စခန်းအနီးမှာပင် ခေတ္တလမ်းလျှောက်ပြီး ချက်ချင်းပြန်လာပါမည်ဟု ခွင့်တောင်းကာ ထွက်ခွာသွားကြောင်း သိရှိရသည်။ မေဂျာနာစူးသည် တစ်ညဉ့်လုံးထိုင်၍ လက်နှိပ်ဓာတ်မီးတစ်ချောင်းကို ကိုင်ကာ၊ သူ၏ ရဲဘော်များ ပြန်အလာကို စောင့်မျှော်နေရှာသည်။ သို့ရာတွင် အမဲပစ်ထွက်သွားသော ထိုသုံးဦးကား ပြန်၍မရောက်လာခဲ့ချေ။

"ခက်တဲ့ဂျပန်တွေပဲ ဗိုလ်မှူး၊ ကျုပ်တို့ နှစ်နှစ်တစ်ခေါက်၊ သုံးနှစ်တစ်ခေါက် မကြာခဏ ဒီနေရာကိုရောက်နေတဲ့လူတွေတောင် တစ်ခါတစ်ခါ မျက်စိလည်တတ်လွန်းလို့ အတော်ကျွမ်းကျင်တဲ့ လမ်းပြတွေကို တမင်တကာ ခေါ်ယူလာခဲ့ရသေးတယ်၊ ဒီတောဒီတောင်က





ထူထပ်သလောက် သားကောင်ကြီးတွေက ခင်းကြမ်းရှိနေတာ၊ သူတို့သုံးယောက်တည်း ခွတ်ထွက်သွားတာဟာ သဘာဝမကျပါဘူးဗျာ၊ ရောက်လို့သေရင်လဲ သေမယ်၊ ဒါမှမဟုတ် ဆင်အုပ်တွေနဲ့ တိုးမိရင်လဲ မသက်သာဘူးဗျ"

ကိုဘိုးရုံသည် ဆေးပေါ့လိပ်ကြီးကိုဖွာကာ ပျောက်ဆုံးနေသူသုံးဦးအတွက် စိတ်မကောင်းစွာဖြင့် ပြောဆိုလိုက်ပါသည်။

ဦးဘိုးဟန်နှင့် ကိုဘိုးရုံတို့သည် အုံ့ဩနေသောမျက်နှာကြီးတွေဖြင့် မိုးကောင်းကင်တစ်ဝိုက်ကို စောင်းကာငုံ့ကာ ကြည့်ရှုအကဲခတ်နေကြသည်။ သူတို့အံ့ဩလောက်သော ပြောင်းလဲမှုကား နံနက်စောစောမိုးသားတွေဆိုင်းကာ မိုးအုံ့နေသော နံနက်ခင်းကာလကြောင့် ဖြစ်ပါသည်။ ကျွန်တော်လည်း တောတွင်းအတွက် ဝတ်စုံကို ဝတ်ဆင်ကာ ၎င်း ရိုင်ဖယ်ကို ဆွဲ၍၊ မိုးကာတဲထဲမှ ထွက်ခွာပြီး၊ ပျောက်ဆုံးနေသူသုံးဦးကို ဆက်လက်ရှာဖွေရန်အတွက် မစ္စတာနိုမူရတို့လူစုကို စောင့်နေလိုက်သည်။ မကြာမီ မစ္စတာနိုမူရ၊ မစ္စတာနီတိုး၊ မေဂျာနာစူးနှင့် တပ်ကြပ်ကြီးတို့သည် ခရီးထွက်ရန် အသင့်ပြင်ကာ ရောက်ရှိလာပါတော့သည်။ လမ်းပြနှစ်ဦးနှင့် ဆင်သမားသုံးဦးတို့ကလည်း ကျွန်တော်တို့ကို ရှေ့ဆောင်လမ်းပြရန်အတွက် ဦးဘိုးဟန်တို့လူစုနှင့် စကားပြောရင်း အသင့်ရှိနေကြပါပြီ။

"ကျုပ်တို့ ချောင်းအထက်ပိုင်းကို ဒီနေ့ လိုက်ရှာကြရအောင်၊ ခပ်ဝေးဝေးပေါ့ဗျာ၊ ဒီနားတစ်ဝိုက်တော့ ခြေရာချင်း ထပ်နေပြီ ရှာခဲ့တာ"

ဦးဘိုးဟန်၏အကြံပေးချက်ကို ကျွန်တော်သည် သဘောကျစွာဖြင့် . . .

"ကောင်းပါတယ်၊ မိုးက အုံ့နေတော့ ခရီးဘယ်လောက်ဝေးဝေး သွားရသွားရ သိပ်မပင်ပန်းပါဘူး"

မေကျာနာရှူးသည် သူ၏လက်အောက်ရဲဘော်များ၏ စည်းကမ်းပျက်ကွက်မှုကြောင့်လည်းကောင်း၊ သူ၏ရဲဘော်များ၏သတင်းကို မကြားရသည်ကြောင့်လည်းကောင်း စိတ်မကောင်းဖြစ်၊ ရှက်ခြင်းစသည် စိတ်ဒုက္ခတွေ ခံစားနေရပုံဖြင့် မျက်ထောက်တွေ နီနေတော့၏။

"ဒီနေ့ ကျွန်တော်တို့ ချောင်းအထက်ပိုင်း ခပ်ဝေးဝေးထိအောင် မြေရာလက်ရာတွေ လျှောက်ကြည့်မယ် မေကျာ၊ အထက်ပိုင်းကမှ မြန်ပြီးဘေးကို တစ်ခါဖြန့်ရှာကြရအောင်"

"ကောင်းပါတယ် ဗိုလ်မှူးကြီး၊ သင့်သလိုသာ စီမံအမိန့်ပေးပါခင်ဗျာ၊ ကျွန်တော်တို့အနေနဲ့တော့ ခုနေအခါမှာ အကြံဉာဏ် လုံးဝမထွက်နိုင်ပါဘူးခင်ဗျာ၊ အားကြီးမိုက်တဲ့ ရဲဘော်တွေ၊ ပြောထားရက်နဲ့ဗျာ"

မေကျာနာရှူးသည် ပြောရင်း သူ၏မှန်ပြောင်းအိတ်ကို ပခုံးတွင် လွယ်သိုင်းလိုက်သည်။

မကြာမီကာလတွင် ကျွန်တော်တို့လူစုသည် ချောင်းဖျားအထက်ပိုင်းဆီသို့တက်ကာ လူပျောက်ရှာဖွေရန် ခရီးထွက်ခဲ့ကြပါသည်။

ချောင်းဖျားတစ်လျှောက်ရှိ သဲရော၊ ကျောက်ရော ထူထပ်လာသလောက်၊ ချောင်းအကျယ်မှာ ကျဉ်း၍ကျဉ်း၍ လာပါတော့၏။ ကြဲကြဲဖန်ဖန် ရေကလေးတွေတင်ရစ်ခဲ့သော ချောင်းထဲ၊ ကျောက်ခွက်ကလေးတွေထဲမှ ရေကို အလုအယက်သောက်နေကြသော ဂျီများ၊ ဒရယ်များသည် ကျွန်တော်တို့ချီတက်လာသည်ကို ကြောက်လန့်တကြား ပြေးလွှားနေကြသည်။ တစ်မိုင်ကျော်ကျော်မျှ ချီတက်မိကြသည့်နောက်တွင် ချောင်းအခြေအနေမှာ သိသိသာသာကြီး ပြောင်းလဲလာချေသာမက မိုးကာနေသော ချောင်းကမ်းပါးယံကြီးများသည် နိမ့်၍သွားကာ ချောင်းတစ်ဖက်တစ်ချက် ကမ်းပါးများတွင် မြင့်ဆိုင်လှသော ဝါးတော၊





သစ်တော၊ ကြိမ်တောကြီးများသည် ထူထပ်စွာ အမြိုင်အဆိုင် ပေါက်ရောက်၍ ရာသီဥတုအခြေအနေမှာလည်း မိုးရွာအုံ့ဆဲဆဲကာလသို့ ညှိုးနေတော့၏။

"မိုးရွာမယ်ထင်တယ် ဗိုလ်မှူးကြီး၊ နေ လုံးဝမမြင်ရဘူးခင်ဗျ"

မစ္စတာနီမူရသည် မိုးရိပ်မိုးကဲကို ကြည့်၍၊ ဝေဖန်လိုက်သည်။

ချောင်းဖျားက တံတောင်ဆစ်ချိုးအကွေ့သို့အလွန်တွင် ချောင်းတွင်း၌ ကျောက်ခွက်ရေကိုသောက်နေသော နီရဲရဲသဏ္ဍာန်ကောင် ဆိတ်ကြီးတစ်ကောင်သည် အမှတ်တမဲ့ ကျွန်တော်တို့လူစုကို တွေ့သွားသည်ဖြောင့် ကြောက်အားလန့်အားဖြင့် မတ်စောက်နေသော ကမ်းပါးယံကို အတင်းကုတ်ကပ်၍ တက်လိုက်သည်။ အလွန်ရှားပါး၍ ဆေးဘက်တွင် အသုံးများစွာဝင်သည်ဟု ကျော်ကြားနေသော တောင်ဆိတ်ကြီးကို ကျွန်တော်သည် . ၄၁၆ ရိုင်ဖယ်နှင့် လက်ဖြင့်သို့ချိန်ကာ ပစ်ချလိုက်ပါသည်။ သေနတ်သံအဆုံးတွင် အရပ်လေးပေခန့် မြင့်မားသော တောင်ဆိတ်ကြီးသည် ဇာလိမ့်ခေါက်ကွေးနှင့် တောင်ကမ်းပါးရံမှ ပစ်၍ ကျလာတော့၏။

"အမြန်မှ လှည့်ယူကြတာပေါ့ဗျာ"

ဦးဘိုးဟန်သည် သတိပေးပြောဆိုလျက် တောင်ဆိတ်ကြီး၏ သေအမှ ဖြတ်၍၊ ရှေ့သို့တက်ခဲ့ကြသည်။ နှစ်ဖာလုံခန့်တက်ခဲ့သည်တွင် ဦးဘိုးဟန်သည် ချောင်းအလယ်တွင် ခြေစုံရပ်ကာ ကျွန်တော့်အား ထူးဆန်းသောအနေဖြင့် လက်ညှိုးထိုး၍ ညွှန်ပြပါသည်။ ထိုအရာများကား စစ်ဖိနပ်စီးထားသော ခြေရာလေးခုနှင့် ဗလာသက်သက် ခြေရာနှစ်ခုဖြစ်ကြ၍၊ ချောင်းဖျားအထက်ပိုင်းသို့သွားနေသော ခြေရာများဖြစ်ပေ၏။ ကိုဘိုးရဲနှင့် ဦးဘိုးဟန်တို့သည် ခြေရာများအနီးသို့ကပ်၍ ဂရုတစိုက်လေ့လာတိုင်ပင်လိုက်ကြပြီး . . .

"ဒီခြေရာတွေဟာ မနေ့က ခြေရာဟောင်းတွေဗျ၊ ကြည့်ပါလား . . . သိပ်ပြီးခြေရာမထင်ဘူး၊ မဖုံတော့ဘူး"

မေဂျာနာဂူးသည် ခြေရာများကိုကြည့်ကာ . . .

"ကျွန်တော့်တပ်ကြပ်ကလေးနဲ့ စစ်သားခြေရာတွေပါမင်းဗျာ၊ ကြည့်စမ်း . . . ဒီအကောင်တွေ အားကြီးမိုက်တယ်၊ ဒီလောက်အဝေးကြီး လာဖို့ဟာ သူတို့ မစဉ်းစားမိဘူး၊ လက်ဆုတ်လက်ကိုင်တွေ့နေရပြီမို့ သူတို့ ဘာမှငြင်းဖို့မလိုဘူး၊ ရှေ့မကြာခင် သူတို့ကို တွေ့ရမယ်ထင်တယ်"

ကျွန်တော်တို့အားလုံးပင် ခြေရာလက်ရာ အစအနများ တွေ့ရသည်ကြောင့် စိတ်အားတက်ကြွစွာဖြင့် ခြေလှမ်းသွက်သွက်နှင့် ခြေရာရင်းအတိုင်း ဆိုတက်ခဲ့ကြသည်။ မိုင်ဝက်ကျော်ခန့် ဆိုတက်မိသည့်အခါတွင် ချောင်းဝထိပ်၌ များစွာထူထပ်သော သစ်တုံးများက တောင်ပုံရာပုံပိတ်၍ မိုးမိုးမတ်မတ်ပိတ်ဆို့ကာ သွားလမ်းလာလမ်း ပိတ်နေတော့၏။ ကျွန်တော်တို့ စတင်ကာ လိုက်လံခဲ့သော ခြေရာဟောင်းသုံးခုကား ထိုပိတ်ဆို့နေသော ချောင်းလုံးပြည့် သစ်ပုံကြီးဆီသို့ ရှေ့ရှုနေတော့၏။

မိုးဆင်ရန် လေပြင်းကလေးသည် ခပ်သွက်သွက်တိုက်ခတ်လာလေသည်၊ ထို့ကြောင့် ဦးဘိုးဟန်က မိုးရိပ်မိုးကဲကို တစ်ချက်ကြည့်ကာ . . .

"ကျုပ်တို့ ဟောဒီ သစ်ပင်ရိပ်အောက် ခဏဝင်ပြီးနားရင်း အခြေအနေ လေ့လာကြရအောင်ဗျာ"

ကျွန်တော်တို့အားလုံးကလည်း ငါးမိနစ် ဆယ်မိနစ်ခန့် ခေတ္တနားလိုသည်ကြောင့် အဆင်သင့်ပင် ချောင်းထဲသို့ တစ်ဝိုင်းရိပ်မိုးကာပေါက်နေသော သစ်ရာပင်ကြီး၏အရိပ်အောက်သို့ ဝင်၍နားလိုက်သည်။ သစ်ပုံကြီးနှင့် ကျွန်တော်တို့အကွာအဝေးမှ ကိုက်တစ်ရာငါးဆယ်





ခန့်သာ ဝေးတော့သည်ကြောင့် သစ်တုံးများစုပုံလျက် ဒိုက်ရော၊ အမှိုက်တွေပါ စုပေါင်း၍ ကြီးမားသည့် သစ်ပုံကြီးတစ်ခုအနေဖြင့် ချောင်းကမ်းပြည့် ပိတ်ဆို့နေသည်ကို ကောင်းစွာတွေ့မြင်လိုက်ရတော့၏။ မိုးသားများသည် မြောက်ဘက်မှ ကျွန်တော်တို့ရပ်နားနေရာ ချောင်းမိုးအတိုင်း တောင်ဘက်သို့ တရိပ်ရိပ် ရွေ့လျားလာပါသည်။ ကျွန်တော်တို့သည် ဝမ်းသာအားရဖြင့် ရွာတော့မည့် မိုးရိပ်များဆီသို့ မျှော်မှန်းကာ စုပြုံ၍ ကြည့်နေမိလိုက်သည်။

ထိုအခိုက်တွင် ကျွန်တော်တို့တစ်သက်တာတွင် တစ်ခါမှ မကြုံဘူးသော အဖြစ်အပျက်တစ်ရပ်သည် ရုတ်တရက်အတွင်း ပေါ်ပေါက်လာပါသည်။ သစ်ပုံဆီပ်တည့်တည့်ဆီမှ လျှောခနဲမြည်ထွက်လာသော အသံကြီးနှင့် အဆုံး၌ အထက်သို့မတ်လျက် တန်းတန်းတက်လာသည့် သဏ္ဍာန်ကြီးတစ်ရပ်ကို ပထမဦးစွာ တွေ့မြင်လိုက်ရသည်။ နက်မှောင်နေသော အဆင်းသဏ္ဍာန်နှင့် ရှည်လျားသော ရုတ်တရက် သစ်ပုံထိပ်တည့်တည့်မှ ထွက်လာသည့် သဏ္ဍာန်ကြီးသည် ချက်ချင်းပင် တရွေ့ရွေ့တက်လာသော မိုးတိမ်မိုးသားတွေဆီသို့လှည့်ကာ တစ်မုဟုတ်ချင်း ရင်ဆိုင်လိုက်သည်။

"ငန်းဦးကွက်ကြီးဗျို့ . . . နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ ကြည့်စမ်း . . . ကြည့်စမ်း"

ဦးဘိုးဟန်သည် တုန်လှုပ်သည့်အသံကြီးနှင့် ပြောလိုက်သည်။ ရုပ်နက်တစ်စုကလည်း အချင်းချင်း အရေးတကြီး သတိပေးစကားတွေ ပြောကြားရင်း မှန်ပြောင်းတွေနှင့် ငန်းကြီးကွက်ကြီးကို ဝိုင်း၍ကြည့်နေကြသည်။ တရွေ့ရွေ့တက်လာရာမှ တန့်ခနဲ မိုးတိမ်တွေ ရပ်တန့်သွားလေသည်။ ဖုံကြဲစရာ မကြာမီကာလအတွင်း၌ မာန်သွင်း၍လာကာ မိုးသားတွေသည် ဘေးတစ်ဖက်တစ်ချက်သို့ လေနှင့်အတူ လွင့်ပါး၍

ဝေးကာဝေးကာ ပါသွားတော့၏။ မိနစ်ပိုင်းအတွင်း၌ မိုးသားတွေ လွင့်စင်သွားသည်နှင့်အမျှ နေရောင်ခြည်များသည် ပိုင်ပိုင်နိုင်နိုင်ကြီး ပေါ်ထွက်၍လာချေသည်။

"ဒါကြောင့်ကိုး . . . မိုးမရွာတာ ဒီကောင်ကြီးလက်ချက်ပဲ"

ဦးဘိုးဟန်သည် အရေးတကြီးပြောလိုက်သည်။

"အားကြီးထူးဆန်းတဲ့အဖြစ်အပျက်ပါကလား ဗိုလ်မှူးကြီး၊ ကျွန်တော် တစ်ခါမှမတွေ့ဖူးဘူး"

မစ္စတာနီမူရသည် မှန်ပြောင်းကိုကိုင်၍ ကြည့်နေရာမှ ပြောလိုက်သည်။

"ဒီအကောင်ကြီးရှိလို့ မိုးမရွာတာဘဲ၊ ဘာမှအထွေအထူး တွေးနေစရာမလိုဘူး၊ ငန်းမကြီးဖြစ်ရမယ်၊ အဲဒီသူ့အောက်ကဟာ အသိုက်ဖြစ်ရမယ်၊ ဥတွေရှိမယ်"

ကိုဘိုးရဲသည် ဒေါသကြီးစွာဖြင့် ပြောလိုက်သည်တွင် ပါးဖျင်းဖြန့်၍မကျုံ့သေးသော ငန်းဦးကွက်ကြီးသည် လူနံ့တွေပင်ရ၍ပေလော၊ သို့မဟုတ် ကျွန်တော်တို့ ပြောသံဆိုသံတွေကိုပင် ကြားသွား၍ပေလော မပြောနိုင်စရာအသွင်ဖြင့် ရုတ်တရက် ကျွန်တော်တို့ဘက်သို့ လည်ပြန်လှည့်၍ စောင်းကာငုံ့ကာ ကြည့်လိုက်တော့၏။ နီရဲနေသော သွေးယိုသည့် မျက်လုံးကလေးနှစ်လုံးနှင့် အဆမတန် ကြီးမားသည့် ပါးဖျင်းကြီးသည် လည်းကောင်း၊ နေရောင်ထဲတွင် ပြောင်ပြောင်လက်လက် အရောင်ထွက်နေသည့် ငန်းကြီး၏ အနက်ရောင်အကြေးပတ်များကို အတိုင်းသားတွေ့လိုက်ရသည်။

ရှူးခနဲ ဒေါသထွက်သွားသည့် အသံကြီးအဆုံး၌ ငန်းဦးကွက်ကြီးသည် ပိုမို၍ ပါးဖျင်းကိုထောင်၍ ကျွန်တော်တို့ရှိရာသို့ မှန်းကာ ကြည့်လိုက်တော့သည်။





"ကျုပ်တို့ကို တွေ့သွားပြီဗျို့၊ သတိထားကြ၊ ရန်မူတော့မယ်"

အလောတကြီး ဦးဘိုးဟန်၏သတိပေးသံမဆုံးမီပင် လျှောခနဲ ငန်းဦးကွက်ကြီးသည် သူ၏အသိုက်အတွင်းမှ ကျွန်တော်တို့ဘက်သို့ လျှော၍ဆင်းလိုက်တော့သည်။ ဦးဘိုးဟန်၊ ကိုဘိုးရဲနှင့် မေဂျာနာစူးတို့သည် ချက်ချင်းပင် ပစ်ခတ်ခုခံရန် ရိုင်ဖယ်များကို မ,ကာ ချိန်လိုက်သည်။ ငန်းဦးကွက်ကြီးသည် သစ်ပုံကြီးအလယ်မှ လျှော၍ဆင်းလိုက်ပြီး သစ်ပုံကြီးနှုတ်ခမ်းသို့အရောက်တွင် တစ်ချက်ခေါင်းထောင်ကာ ကျွန်တော်တို့ရှိရာသို့ လှမ်း၍မာန်သွင်း၍ ပါးစပ်ကြီးအပြဲသားနှင့် ငန်းဦးကွက်ကြီး၏ ကြီးမားသလောက် ကြောက်စရာသဏ္ဌာန်ဆိုးကြီးကို ချီတက်ရေးအဖွဲ့ဝင်များသည် ရိုင်ဖယ်သေနတ်များဖြင့် အသင့်ချိန်ကာ ဖုံ့အားသင့်ရင်း ငေးကြည့်နေမိကြသည်။

"ပစ်ဟေ့ ! . . . ပစ် . . . ပစ်၊ မြန်မြန်ပစ်ကြ"

ဦးဘိုးဟန်၏ အော်ဟစ်အမိန့်ပေးသံအဆုံး၌ ရိုင်ဖယ်သံများသည် တစ်ခဲနက် စုပြုံ၍ တောလုံးညံသွားအောင် ထွက်ပေါ်လာပါသည်။ ကိုက်ခုနစ်ဆယ်ခန့်အရပ်၌ရှိသည့် သစ်ပုံများ၌ ရောက်ရှိနေသော ငန်းဦးကွက်ကြီးသည် ရိုင်ဖယ်ကျည်ဆန်များထိမှန်မှုကြောင့် ပါးဖျင်းကြီးကို ဝှေ့ယမ်းကာ ယိမ်းထိုးလှုပ်ရှားလျက် ပါးစပ်ပြဲပြဲကြီးအတွင်းမှလည်း အစွယ်ကြီးဖွေးဖွေး လေးချောင်းကို အတိုင်းသားဖော်လျက် ရှေ့သို့ တိုး၍ ဆင်း၍ လိုက်လာတော့၏။ ကျွန်တော်၏လက်တွင်းမှ . ၄၁၆ ဗို ရိုင်ဖယ်ကို လှမ်း၍ ရှေ့သို့ တအားထိုး၍တက်လာသည့် ငန်းဦးကွက်ကြီး၏ ပါးဖျင်းအောက်တည့်တည့်ရှိ လည်ပင်းဆီသို့ မိမိရရချိန်ကာ ပစ်လွှတ်လိုက်ပါသည်။

ချက်ကောင်းကိုထိမှန်သော ငန်းဦးကွက်ကြီးသည် တစ်ချက်တည်း ယိမ်းထိုးကာ ဘေးသို့ ပုံလျက်ကျသွားတော့၏။ သို့ရာတွင် သူ၏

အမြီးကြီးသည် တွေ့ရနိုးစပ်ရာ သစ်တုံးများကို ရစ်ပတ်၍ အတင်းအားယူရန် ကြိုးစားနေစဉ်တွင် ဦးဘိုးဟန်၏ရိုင်ဖယ်ကြီးသည် မီးပွင့်၍ ထွက်သွားပြီးနောက်၊ တစ်ဖက်၌ ငန်းဦးကွက်ကြီးသည် တွန့်ကာလိမ်ကာဖြင့် ပါးစပ်မှလည်း ရှူးခနဲ ဟူးခနဲ မှုတ်၍၊ ခေါင်းကြီးမှာလည်း ချောင်းစုံထဲသို့ စိုက်ကာကျရင်း ငြိမ်သက်သွားတော့သည်။

သစ်ပုံကြီးပေါ်မှ တန်းလန်းကြီးကျနေသော ငန်းဦးကွက်ကြီး၏ သဏ္ဌာန်မှာ ကြီးမားရှည်လျားသလောက် အသည်းယားစရာရွံခြင်းအဖြစ် ဖန်တီးနေပါတော့သည်။ ချိတက်ရေးအဖွဲ့ဝင်အားလုံး ရိုင်ဖယ်များကို အသင့်ကိုင်ကာ ငန်းဦးကွက်ကြီးဆီသို့ မမှိတ်မသုန်ရပ်လျက် စကားတစ်ခွန်းမှ မပြောနိုင်စတမ်း ကြည့်နေမိသည်။ ခုနစ်မိနစ်ခန့်ကြာမှ ကျွန်တော်က စတင်၍ ရှေ့သို့တက်ကြရန် လက်ဖဝါးဖြင့်ဖြန့်၍ ရှေ့သို့ ညွှတ်ရင်း အချက်ပေးလိုက်သည်ကြောင့် အဖွဲ့ဝင်အားလုံး ရင်ဘောင်တန်းကာ ကျဆုံးနေသော ငန်းဦးကွက်ကြီးဆီသို့ တစ်လှမ်းချင်း တက်ရောက်ခဲ့သည်။

ဆင်ပစ်ကျည်ဆန်ကြီးတွေ၏ ရက်ရက်စက်စက် ဖောက်ထွင်းသွားသော ကျည်ဆန်ရာတွေဖြင့် သွေးအိုင်ထွန်းကာ အသက်ပျောက်နေသော ငန်းဦးကွက်ကြီး၏ဦးခေါင်းပိုင်းကို နီးနီးကပ်ကပ် ဝိုင်းအုံ၍ ကြည့်မိကြသည်။ လက်မခန့်တုတ်၍ ခုနစ်လက်မခန့်ရှည်သော အစွယ်ကြီးဖွေးဖွေး လေးချောင်းမှာလည်း ကျွန်တော်တို့ကို သတိပေးနေသကဲ့သို့ တုန့်လှုပ်စေ၏။ ပါးစပ်ပြဲကြီးအပြင်ဘက်သို့ နှစ်ပေခန့်ထွက်နေသော လျှာကြီးနှစ်ခွမှာလည်း သွေးတွေစီး၍ ချောင်းစုံထဲ၌ အိုင်ကလေးသဖွယ် ဖြစ်နေလေသည်။ မစ္စတာနိုမူရသည် သူ၏ဘောင်းဘီအိတ်ကပ်ထဲမှ သံမဏိပေကြိုးခွေကလေးကိုထုတ်၍ ငန်းဦးကွက်ကြီး၏လည်ပင်း





အောက် နှစ်တောင်ကွာမှ ကိုယ်လုံးကို တိုင်းထွာလိုက်သည်တွင် နှစ်ပေသုံးလက်မခွန်းဂဏန်းသို့ ဖော်ပြနေတော့၏။

"ဒီ့အပြင် ငန်းဦးကွက်တစ်ကောင် ရှိလိမ့်ဦးမယ်၊ သတိမလစ်ကြစေနဲ့နော်"

ဦးဘိုးဟန်က ချက်ချင်းသတိပေးလိုက်သည်တွင် ကျွန်တော်က မစ္စတာနိုမူရပ်ို့လူစုသို့ ဂျပန်ဘာသာဖြင့် ပြန်၍ သတိပေးလိုက်သည်။

"လာကြ၊ မြွေသိုက်ကြီးကို သွားပြီးကြည့်ရအောင်၊ ဥတွေရှိရင် ဖျက်ရမယ်၊ ဒင်းတို့ကြောင့် မိုးမရွာတာဘဲ၊ လက်တွေ့သိနေရပြီမို့ ဒင်းတို့အားလုံး ဖျက်ရမယ်"

ကိုဘိုးရဲသည် ရှေ့ဆုံးမှ သစ်တုံးကြီးများ ဆင့်ကာတက်ကာနေသော သစ်ပုံကြီးပေါ်သို့ ခုန်၍တက်လိုက်သည်။ ကျန်သည့်အဖွဲ့ဝင်များသည် ရင်ဘောင်တန်းကာ ရိုင်ဖယ်များကို အသင့်ပြင်လျက် မြွေသိုက်ကြီးရှိရာသို့ တက်ခဲ့ကြသည်။ သစ်ပုံကြီး၏အတွင်းသို့ ဝါးတစ်ပြန်ခန့် ရောက်မိလျှင် ဝုန်းခနဲအသံများနှင့်အတူ ထ၍ပျံလိုက်သော ယင်မမည်းနိုင်း သို့မဟုတ် ယင်ကောင်အနက်ကြီးများကို တွေ့ရသည်ကြောင့် အံ့အားသင့်သွားကြပြီး ယင်အုပ်ကြီး ထ၍ပျံရာသို့ ဂရုတစိုက် လှမ်း၍ ကြည့်လိုက်ကြသည်တွင် မှောက်လျက်လဲနေသော စစ်ဝတ်စစ်စားများဖြင့် အလောင်းတစ်လောင်းကို တွေ့ရလေသည်။ အပြေးသွားရောက်၍ စုံပြုကာကြည့်လိုက်သည်တွင် တစ်ကိုယ်လုံးညိုမည်းနေသော အဆင်းသဏ္ဌာန်ဖြင့် အသက်ပျောက်နေသည့် တပ်ကြပ်ကလေး လိုဘာရာရှိ၏ အလောင်းကို တွေ့လိုက်ရပါတော့သည်။ သူ၏လည်ကုပ်၌ သွေးစေးတွေကပ်ငြိတ်နေသော အစွယ်ရာ အပေါက်ကြီးနှစ်ပေါက်ကို တွေ့နေရပါသည်။

၄

"ဖြစ်ရလေတယ် လိုဘာရှာရှိစံ . . ဒီအကောင်ကြီးလက်ချက်ပါပဲဗျာ"

မေကျာနာစူးသည် အလန့်တကြား ညည်းတွားလိုက်ပြီး သူ၏ဘေးမှ ကပ်လျက်ကျနေသော ရိုင်ဖယ်ကို ကောက်ယူလိုက်သည်။ ရိုင်ဖယ်မောင်းတန်ကိုဖွင့်၍ ကြည့်လိုက်ရာတွင် ပစ်ပြီးသား ကျည်ဆန်အခွံတစ်ခုက ခုန်၍ဖုံ၍ထွက်လာပါသည်။

"ဟော . . . ဟိုမှာ တစ်လောင်းကွ၊ မြင်ရဲ့လား၊ တုံးကြားညပ်နေတာ"

ဦးဘိုးဟန်သည် လက်ညှိုးနှင့် ညွှန်ပြလိုက်ပြီးနောက် အရေတကြီး ချောက်လှမ်းကျောက်တုံးတွေထဲ၌ ညပ်နေသော အလောင်းတစ်လောင်းကို သွားကြည့်လိုက်သည်။

ကြောက်အားလန့်အားနှင့် ပြေးမိပြေးရာ ပြေးခဲ့သည့်ကြောင့် တုံးတွေကြားထဲ၌ ညပ်နေပြီး၊ ငန်းဦးကွက်ကြီး၏ ရက်ရက်စက်စက် ပေါက်သတ်ခြင်းခံရသော အလုပ်ကြမ်းသမားတစ်ဦး၏ ကြေကွဲဖွယ်ရာ ရုပ်အလောင်းကို ဝိုင်းအုံ၍ကြည့်ရပြန်တော့၏။ နောက်စေ့တွင် မိမိရရ ပေါက်လိုက်သည့် အကွက်ရာကြီးတစ်ရာ၏ဒဏ်ချက်ကို အရှင်းသား တွေ့နေရတော့၏။

ကိုဘိုးရှံသည် အသိုက်ကြီးဆီသို့ တန်း၍တက်သွားပြန်သည်၊

"ဒီမှာဟေ့ . . . တစ်လောင်း။ တစ်ကိုယ်လုံး အစွယ်ရာတွေချည့်ပဲ"

ကိုဘိုးရှံသည် အော်ဟစ်၍ပြောလိုက်ပြီး အသိုက်ကြီးဆီသို့ ခုန်၍ခုန်၍တက်လိုက်သည်။

"ဥတွေနဲ့ဗျို့ . . . ဥတွေ ဆယ်လုံးတောင်မှ"





ကိုဘိုးရှံက ဟစ်၍ပြောကြားသည်တွင် . . .

"အကုန်ခွဲပစ်ကွာ၊ အသိုက်ကို မီးနဲ့ရှို့ကြရအောင်"

ဦးဘိုးဟန်သည် အပြေးကလေး အသိုက်ဆီသို့ တက်သွားလေသည်။

မစ္စတာနိုမူရတို့လူသိုက်သည် အလောင်းများကို မ,ကာ သဲသောင်တွင် စုပုံ၍ မီးသဂြိုဟ်ရန် ပြင်ဆင်နေကြသည်။

ဦးဘိုးဟန်နှင့် ကိုဘိုးရှံတို့သည် အသိုက်ကို မီးခြစ်ဆံများနှင့် နေရာအနှံ့အပြားကို မီးရှို့နေကြပါသည်။ မကြာမီ တဟုန်းဟုန်း တောက်လောင်ကာ မီးတောက်ကြီးများကို တွေ့ရပြီး၊ ဖောင်းခနဲ, ဖောင်းခနဲ ဥကြီးတွေ၏ ပေါက်ကွဲသံကြီးများ ဆက်တိုက်ပေါ် ထွက်လာသည်ကို ကြားရပြန်တော့သည်။

❖

# မမျှော်လင့်သော ပြောင်းလွဲမှုတစ်ရပ်

မီးဟုန်းဟုန်းတောက်လောင်နေသော လိုဘာရာရှိတို့သုံးဦး၏ မီးသဂြိုဟ်သည့် အခမ်းအနားပွဲကား ပြီးဆုံးခါနီးပေပြီ။ မေကျာနာစူးသည် ဝမ်းနည်းကြေကွဲသည့်မျက်နှာဖြင့် သူ၏တပ်ကြပ်ကလေးအား နောက်ဆုံး ဦးညွှတ်ကာ အလေးပြုလိုက်သည်။

"မြွေမကြီး သေတာကွ၊ မြွေထီးကြီး ရှိလိမ့်ဦးမယ်၊ ခပ်ဝေးဝေး ခရီးလွန်နေလို့ သက်သာတာပေါ့ကွာ၊ နို့မို့ရင် ဆရာဟန်တို့လူသိုက် တောင် စိတ်မချရဘူး"

ကုလီတစ်ယောက်က ငန်းဦးကွက်ကြီးကိုကြည့်ကာ ဝေဖန်နေသည်တွင် . . .

"ဒီလောက်ကြီးတဲ့မြွေဟာတော့ ရိုးရိုးမြွေမဟုတ်ဘူး၊ နတ်မြွေဖြစ်ရမယ်၊ တောကြီးတောင်ကြီးထဲမှာ တိုတစ်တွေ မှားတာတွေ လုပ်မိတော့ကွာ . . . ငါတော့ စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေပြီကွ"

"နတ်မြွေဆိုရင် ဘာဖြစ်လို့ သေနတ်မပီးသလဲကွ မြင်ကြောက်စရာမရှိ ကြောက်နေတာ၊ ယောကျ်ားမဟုတ်သလိုဘဲ"

အချင်းချင်း စကားတွေများနေသော ဆင်သမားများကို ဦးဘိုးဟန်သည် ကြည့်၍ . . .

"ဟကောင်တွေ . . . မြန်မြန်ပြီးအောင်လုပ်ကြကွာ၊ စခန်းကို မိုးမချုပ်မီ အရောက်ပြန်ရမယ်၊ ဘာမှကြောက်စရာမရှိဘူး၊ တွေ့သမျှ အကောင်တော့ အသေချည့်ပဲ တွက်ထားကြပေါ့"ဟု အားပေးစကား ပြောလိုက်ပါသည်။

မစ္စတာနီမူရသည် ငန်းဦးကွက်ကြီးပါးစပ်တွင်းမှ တမင်တကာ ရိုက်ချိုး၍ယူခဲ့သော အစွယ်ကြီးလေးချောင်းကိုကြည့်ကာ အဆိပ်အပြင်းဆုံး ဒီအစွယ်ကြီး တစ်ချက်ကိုက်မိရင် ကျားကိုက်သလို အပေါက်ကြီးတွေဖြစ်ပြီး သေနိုင်တာပဲ ဗိုလ်မှူးကြီး၊ ကြည့်ပါဦး . . . အစွယ်ကြီးတွေ အစစ်၊ ဌာနချုပ်ကို တမင်တကာ တင်ပို့ပြသဖို့ ယူလာခဲ့ပါတယ်"

"ဒီလောက်ကြီးတဲ့မြွေကြီး ကျွန်တော် အံ့သြနေမိတယ်၊ ဒီမြွေ လူပြောရင် ကြွားပြောတယ်လို့ ထင်မှာပဲခင်ဗျာ၊ နဂါးကြီးတယ်ဆိုတာ ခုမှ ယုံမိတယ်၊ နဂါးမဟုတ်တဲ့ မြွေတောင် ဒီလောက်ကြီးနေရင် . . ."

မစ္စတာနီတိုးသည် မြွေကြီးကိုကြည့်လျက် ပြောပါသည်။

မကြာမီ သင်္ဂြိုဟ်သည့်အခမ်းအနား အားလုံးပြီးစီးသွား၍ မေဂျာနာစူးသည် ပြွာများကို ဝါးကျည်တောက်သုံးချောင်းထဲတွင်





ထည့်၍ အဝကို စည်းနှောင်လိုက်ပြီးနောက် တရိုတသေ စစ်လွယ်အိတ်ထဲသို့ ထည့်ယူခဲ့သည်။ ကျွန်တော်တို့ စခန်းသို့ တစုတရုံးတည်း ပြန်ခဲ့ကြသည်။ ရွာသားများနှင့် ဆင်သမားများအဖို့ နောက်ပိုင်းမလုံသည့်သဘောဖြင့် ခဏခဏ ဆုတ်ခွာခဲ့သည်။ မြွေသိုက်ကြီးရှိရာသို့ လှည့်ကာကြည့်နေသလောက် ခြေထောက်တွေကလည်း ခပ်သွက်သွက်နှင့်နေကြသည်။

ထိုနေ့ည တောင်ဆိတ်သား လတ်လတ်ဆတ်ဆတ်နှင့် စားသောက်ရသော ထမင်းဟင်းမှာ ကျွန်တော်တို့သာမက မစ္စတာနီမူရတို့အတွက်ပါ အရသာရှိသော ထမင်းပွဲများ ဖြစ်လိမ့်မည်မဟုတ်ပေ။ ကျွန်တော်တို့စခန်းမှ ငန်းဦးကွက်၏လက်ချက်ကြောင့် ရဲဘော်သုံးဦး ကျဆုံးခဲ့ရသည့် အဖြစ်အပျက်မှာ ပူပူနွေးနွေးရှိနေသည်ကြောင့် မည်သူမျှ စိတ်မချမ်းသာကြချေ။

ညဥ့်အိပ်ရာဝင်ခါနီး၌ ဦးဘိုးဟန်သည် မိုးရိပ်မိုးတဲကို တစ်ချက်ကြည့်ကာ . . .

"ဗိုလ်မှူးရေ . . . ညတော့ မိုးအကြီးအကျယ်ရွာချလိမ့်မယ် ဗျို့၊ စောစောက တောင်ကုန်းပေါ်မှာ မိုးကာတဲတွေ အရန်သင့်ထိုးထားရင် တော်မယ်၊ ညဥ့်ကြီးကျမှ အပြေးလာရင် မကောင်းဘူး၊ ချောင်းဖျားရေ သတိထား"

"ကြည့်လုပ်ဗျာ . . . ဂျပန်တွေကိုလဲ သတိပေးလိုက်ပါမယ်၊ စောစောက ရွှေ့နိုင်းတဲ့ပစ္စည်းတွေ ရွှေ့နိုင်းပါ အဘိုးကြီး"

ကုလီအချို့နှင့် ဦးဘိုးဟန်တို့သည် ကျွန်တော်တို့ပစ္စည်းတော်တော်များများကို ချောင်းအနောက်ဘက် တောင်ကုန်းပေါ်သို့ ရွှေ့ပြောင်းလိုက်ကြသည်။ မစ္စတာနီမူရတို့ကိုလည်း မလိုသောပစ္စည်းတွေ ရွှေ့ပြောင်းစေပါသည်။

လန့်၍နိုးလာသည့် ကျွန်တော်သည် တဟဲဟဲလေသံတွေနှင့် မိုးသည် ဝေါခနဲ ဝေါခနဲ ရွာချသည်။ အချိန်အခါမဟုတ် ရွာသွန်းသည့် မိုးကြောင့် ပထမတွင် အံ့အားသင့်နေမိသည်။ ဒုတိယတွင် ကျွန်တော်၏ ပစ္စည်းစင်မှ သေနတ်ကိုဆွဲကာ မစ္စတာနိုမူရတို့မိုးကာတဲသို့ ဝင်ရောက်၍ အိပ်ရာမှ အတင်းနှိုးလိုက်မိသည်။ မိုးရော လေပါ တအားသွန်၍ တလစပ်ရွာချနေသည့်အထဲမှ ဦးဘိုးဟန်နှင့် ကူလီများသည် ကျွန်တော်တို့မိုးကာတဲများဆီသို့ ဝင်ရောက်ပြီး ပစ္စည်းပေတွအားလုံးကို ဖျက်သိမ်းကာ တောင်ပေါ်သို့ အမြန်သယ်ပြောင်းကြသည်။

မစ္စတာနိုမူရတို့လူစုသည်လည်း အိပ်ရာအထုပ်အပိုးတွေ ပြင်ဆင်ကာ လှေကားထစ်အတိုင်း အထက်စခန်းသို့ ရွှေ့ပြောင်းခဲ့ကြသည်။ သို့ရာတွင် ကျွန်တော်တို့အားလုံးနှင့် ပစ္စည်းတွေ မိုးတွေစိုနေတော့၏။ အရန်သင့်ဆောက်ထားသော မိုးကာတဲများတွင် ကျွန်တော်တို့လူစုသည် အဝတ်စိုများကိုချွတ်၍ အဝတ်ခြောက်များကို လဲလှယ်ကာ ကြောက်စရာလန့်စရာ ထစ်ချုန်း၍ ရွာသွန်းချသော မိုးကို စဉ်းစားနေကြသည်။

တစ်နာရီခန့်အကြာတွင် ကျွန်တော်တို့နေခဲ့သော ချောင်းပေါက်ထဲမှ တဝေါဝေါရေစီးသံတွေ တစ်ခဲနက် ထွက်ပေါ်လာတော့၏။ သစ်တုံးချင်းဆောင့်သံတွေကပါ ပွဲတင်ထပ်၍ မိုးသံလေသံတွေနှင့် ညှပ်လျက် ပေါ်ထွက်လာချေသည်။

"ကြည့်လိုက်စမ်း ဗိုလ်မှူး . . . ခင်ဗျားတို့ ချောင်းထဲမှာ ဒို ဆက်လက်ပြီး စခန်းချနေရင် ရေနစ်မသေဘဲ သစ်ဆောင့်တာနဲ့ အရိုးအသားရှာတွေ့မှာမဟုတ်ဘူး။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ချောင်းရေလဲ"





ရေအားသည် တဖြည်းဖြည်း များပြားလာသလောက် ရေစီးချောင်းကလည်း သန်လှမြန်လှပေ၏။ သစ်တုံးများသည် ရိုပ်ခနဲ ရိုပ်ခနဲ မျောက်ထိုးကာ တလဟောပါသွားချေ၏။ မစ္စတာနိုမူရတို့ ဂျပန်တစ်စုလည်း အံ့အားအလွန်အမင်းသင့်နေသော မျက်နှာတွေဖြင့် ချောင်းရေပြင်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ် ပြောဆိုနေကြလေသည်။

တစ်မိုးလုံးမှောင်၍ လင်းရောင်ခြည်ဟူ၍ တစ်စက်မှမပေါ်အောင် ချောင်းဖျားဝေသဦ မိုးသည်းထန်စွာ ဆက်၍ရွာသော ညဦ တစ်ညဦ၏ အဖြစ်အပျက်တစ်ရပ်ကို ဘယ်အခါမှ မမေ့နိုင်စတမ်း မှတ်မိစေတော့သည်။ သစ်ပင်အိုကြီးများ အမြစ်က ပြိုလဲသံ၊ သစ်ကိုင်းကျိုးသံတွေသည် အလျှိုအလျှို ပေါ်ထွက်လာချေ၏။ တစ်ချက်တစ်ချက် လျှပ်စီးက လက်ခနဲ ဝင်းခနဲ ပေါ်ထွက်လာခြင်းကြောင့် ချောင်းထဲက ချောင်းပြည့်ကမ်းလျှံ ရေတွေကျလာသည့်အဖြစ်မှန်ကို အရှင်းသားတွေမြင်နေရတော့သည်။

ကျွန်တော်တို့သည် အိုက်ရာက ရုတ်တရက် မိုးသဲသဲကြီးရွာချသည့်ကြောင့် အေးလာကြသည်။ ထို့ကြောင့် အေးလာသည့်ဒဏ်ကို စောင်တစ်ထည်စီ ခြုံလွှမ်းကာ မိုးသံလေသံ နားထောင်ရင်း လူချင်းပူကပ်၍ လေးလာသောမျက်ခွံများ၏ ဆန္ဒအရ မကြာမီ အိပ်ပျော်ခဲ့ကြပါတော့သည်။

နားထဲတွင် မိုးချုန်းသံ၊ ရေစီးသံများ၊ လေပြင်းတိုက်ခတ်သံများသည် ကြားယောင်ရှိသလောက် အိပ်၍လည်းကောင်းလှသော ညဦတစ်ညဦ ဖြစ်ပါသည်။

"ထကြဗျို့ . . . ကြဲကြဲဖန်ဖန် တည်လာရတဲ့ ကော်ဖီပူပူနွေးနွေးကို သောက်ကြရအောင်၊ ဒီနေ့တော့ ထမင်းစားဖို့ နောက်ကျလိမ့်မယ်။ မိုးရိုနေရာ မိုးမလုံဘူး"

ဦးဘိုးဟန်၏အသံသြကြီးကြောင့် ကျွန်တော်တို့ အိပ်ရာပေါ်မှ လူးလဲ၍ စောင်ခြုံကို ဖယ်ရှားပြီး ထလိုက်ရသည်။

ဟုတ်ပေသည်။ မိုးကလည်း တဟဲဟဲ ဒေါသကြီးစွာဖြင့် ရွာလျက် ကိုးရပ်လုံး မိုးသားတွေတအားဖုံး၍ ထစ်တောလုံးတစ်တောင်လုံး အုံ့ဆိုင်းနေတော့၏။

"သစ်တွေတော့ အားလုံးမှောတုန်ပြီဗျ။ ဒီမိုးဟာ သုံးလေးရက်နဲ့ မတိတ်ဘူး"

ရဲဘော်ကျော်လှိုင်သည် ကျွန်တော်အား မျက်နှာသစ်ရန် ရေဘူးထဲမှ ရေတစ်ဖန်ခွက်ကို ငှဲ၍ပေးလိုက်သည်ကြောင့် မျက်နှာသစ်လိုက်ပြီး၊ အငွေ့တထောင်းထောင်းထွက်နေသော ကော်ဖီပူပူနွေးနွေးနှင့် ပေါင်မုန့်နှစ်ချပ်၊ ကြက်ဥကြော်နှစ်လွှာကို စားသောက်လိုက်ပါသည်။ ကျွန်တော်တို့ စခန်းချရာ တောင်ကုန်းတစ်လျှောက်ဆီမှ ချောင်းဦးတို့များက ရေစီးသံသည် ညံလျက်နေတော့သည်။ အကယ်၍ မိုးကာထားသော မိုးကာရွက်ထည်များသည် မထူခဲ့လျှင်၊ မသစ်ခဲ့လျှင် မိုးရေဒဏ်ကြောင့် ကျွန်တော်တို့နှင့်တကွ ပစ္စည်းတွေအားလုံး ရွှဲရွှဲစိုကာ ဒုက္ခရောက်ကြမည် မလွဲတည်း။ ပစ္စည်းများ စနစ်တကျ သိမ်းဆည်းခြင်း၊ သေနတ်များကို မိုးဒဏ်လေဒဏ်မှ ကာကွယ်ရန် တိုက်ချွတ်၍ ခြောက်သွေ့ခြောက်သော အဝတ်များနှင့် ပတ်ရစ်ပတ်ထားခြင်း စသည့်အလုပ်များနှင့် တစ်နေကုန်ခဲ့ရသည်။ မိုးမချုပ်မီ နေမဝင်မီကာလ၌ မိုးရှိန်တွေကြောင့် ခါတိုင်းထက်စောစော မှောင်၍လာတော့သည်။

ဆင်ဦးစီးများအားလုံး၊ ကူလီအားလုံးသို့ ငှက်ဖျားကာကွယ်ဆေးများပေးလျက် မစ္စတာနီမူရတို့လူသိုက်က အရေးပေါ်ကာကွယ်ဆေး အတွက် ဂျပန်အရက် ဆာချေးပုလင်းများကို သုံးယောက်တစ်ပုလင်း





ကျစီ ထုတ်၍ပေးလိုက်ကြသည်။ ဦးဘိုးဟန်နှင့် ကိုဘိုးရဲတို့က အိမ်ဆင်များ လွှတ်ထားရာ စားကျက်သို့ ဆင်ဦးစီးများနှင့် လိုက်လံ၍ ကြည့်ရှုစစ်ဆေးလျက် အရေးပေါ်ကာကွယ်မှုအစီအစဉ်များကို စီမံခဲ့လေသည်။ မိုးကြီးလေကြီးကျချိန်တွင် ဆင်များသည် သွားမိသွားရာ ထွက်၍သွားလာတတ်သော အလေ့အထကြောင့် ဖြစ်ပါသည်။

ညဥ့်စာထမင်းကို မိုးကာတဲထဲတွင်ပင် ဖြစ်ကတတ်ဆန်း စားသောက်ကြလျက် ညဥ့်အရေးအခင်းပေါ်လာခဲ့လျှင် အဆင်သင့်ဖြစ်စေရန် လက်နှိပ်ဓာတ်မီးများ၊ နဖူးစည်းမီးများကို ဓာတ်ခဲအသင့်ထိုးကာထားကြပြီး လက်ဆွဲမီးအိမ် ဓာတ်လင်းဓာတ်မီးကြီးများကို ကူလီသမားများနှင့် ဆင်သမားများ၏ မိုးကာတဲကြီးများဆီသို့ အသီးသီးပေးအပ်ထွန်းညှိစေသည်။

မိုးက ဒအေးအေး၊ လေကလည်း တသွေ့သွေ့ကြောင့် မျက်ခုံးတွေကလည်း လေးလာသည်။ နောက်ဆုံး၌ ဦးဘိုးဟန်တို့ လက်ဖက်ရည်ကြမ်းတစ်အိုး အလယ်ချကာ ဝိုင်းဖွဲ့၍ စကားကောင်းနေသည့်အချိန်တွင် ကျွန်တော်သည် စောစောစီးစီး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်မစ်လိုက်ပါသည်။

ကျွန်တော့်အား တစ်စုံတစ်ယောက်က ပေါင်ကိုပုတ်၍ အတင်းနှိုးနေသည်။ အိပ်မှုန်စနိုးစဝါးနှင့် ကျွန်တော်သည် လက်ဦးမစွ အိပ်မက်မက်နေသည်ဟု အထင်ရှိခဲ့သည်။ သို့ရာတွင် ဆက်တိုက် ကျွန်တော်၏ ပေါင်ကို လက်နှင့်ဆုပ်ကိုင်၍ မရမက အတင်းလှုပ်၍နှိုးနေသည်ကြောင့် ကျွန်တော်သည် လေးလံသောမျက်လုံးတွေကို အတင်းအားယူ၍ ဖွင့်ကြည့်မိလိုက်သည်။

"ထကြ... မြန်မြန်၊ တောဆင်တွေ ... တောဆင်တွေ"

ဦးဘိုးဟန်သည် ရေးကြီးသုတ်ပျာ အမြန်နှိုးလျက် သူ၏လက်တွင် နှစ်လုံးပြူးရိုင်ဖယ်ကြီးတစ်လက်ကို အသင့်လိုက်ထားပြီးနောက် မကာ သူ၏နဖူး၌ နဖူးစည်း ညဉ့်ကြည့်မီးသည် တပ်ဆင်ထားလျက် တွေ့ရသည်တွင် ကျွန်တော်သည် လူးလဲ၍ ကပျာကယာ အိပ်ရာမှ အားယူ၍ထလိုက်သည်။

ဆင်တွေ၏ နားရွက်ခမန်း တကျစ်ကျစ် တရှူးရှူး အော်ဟစ်သံတွေ ညဉ့်မိုးရွာကြီးထဲတွင် လျှံနေတော့၏။ သေချာစွာ နားထောင်ကြည့်လိုက်သည်တွင် ဆင်များ၏ဟစ်ကြွေးသံသည် နှစ်ဌာနခွဲ၍ သံပြိုင်အော်ဟစ်နေခြင်းကို ရှင်းရှင်းလင်းလင်း ကြားရပြန်တော့သည်၊ ထို့နောက် အမြန်ဆုံး ကျွန်တော်က .၅၇၇ နှစ်လုံးပြူးရိုင်ဖယ်နှင့် ကျည်ဆန်ခါးပတ်ကြီးကိုဆွဲကာ ခါးတွင်ပတ်၍ တန်းပေါ်၌ ချိတ်ထားသော နဖူးစည်း မီးတစ်လုံးကို ကောက်ကာငင်ကာ ခေါင်းတွင် စည်းလိုက်ပြီး ထဲအပြင် မိုးရွာထဲမှပင် အရန်သင့်စောင့်နေကြသော ဆင်သမားတွေဆီသို့ ကျွန်တော်၊ ဦးဘိုးဟန်၊ ကိုဘိုးရဲ သုံးဦးသားသည် ခပ်သုတ်သုတ်ထွက်ခဲ့သည်။

"ဘယ်လိုလဲ ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ မလိုက်ရဘူးလားခင်ဗျာ"

မောင်နာစူး၏အသံ ထွက်လာသည်တွင် . . .

"ကိစ္စမရှိပါဘူး။ ကျေးဇူးတင်ပါတယ် ဗိုလ်မှူး"

ယတိပြတ်ပြောခဲ့ပြီး လက်နှိပ်ဓာတ်မီးတွေ အစီအရီနှင့် ရှေ့မှထိုးရင်း တက်သွားကြသည့် လူအုပ်ထဲသို့ အမိလိုက်ခဲ့ကြသည်၊ ယခုလို ညဉ့်မှောင်ကြီးမည်းကြီးတွင် မသဲမကွဲသည့် အနီးကပ်ပစ်ခတ်ရေးနှင့် တောဆင်အုပ်ကြီးကို ပစ်ခတ်ရသည့်အလုပ်မှာ ဘေးအန္တရာယ်များပြားလှ၏။ မကျွမ်းကျင်သည့် သေနတ်သမား ပါရှိခဲ့လျှင် ထိုမှန်ကိုယ်





အတွက် အကျိုးမထွက်စေဘဲ ပြဿနာသာပေါ်နိုင်သည်ကြောင့် မောင်နာစူးတို့ကို မခေါ်ယူခဲ့ခြင်း ဖြစ်ပေသည်။

"ဟေ့ . . . စံရတို့၊ သာညွန့်တို့၊ ကိုယ့်ဆင်နဲ့ တောဆင် ချက်ချင်းခွဲလို့ရပါ့မလား။ ခုအသံတွေဟာ ဆင်အုပ်ချင်းရောပြီး သတ်နေကြတဲ့ပုံပဲ"

ဦးဘိုးဟန်၏အမေးကို ဆင်အုပ် ကိုကျော်အေးက ချက်ချင်းပင် . . .

"လက်နှိပ်ဓာတ်မီးတွေနဲ့ဟာပဲဗျာ . . . ပြီးတော့ တောဆင်က လက်မှာ 'ထူး'မပါဘူး။ ကျုပ်တို့ကိုယ်တိုင်က ဆရာဟန်ရဲ့ဘေးကနေပြီး လက်ညှိုးနှင့်ထိုးပြီး ပြပါ့မယ်"

သစ်ပင်တွေ ကျိုးပဲ့သံ၊ ဆင်တွေ၏ တရူးရူးအော်ဟစ်သံများသည် ပိုမိုနီးကပ်၍ ကြားရပါတော့သည်။ အသံတွေထွက်လာပုံကြည့်ရခြင်းအားဖြင့် တစ်ဖက် တောဆင်တွေက ဖိ၍လိုက်နေသည်ကြောင့် အိမ်ဆင် သို့မဟုတ် ဆင်ယဉ်အုပ်က ဆုတ်ခံခံရင်း နောက်သို့ဆုတ်နေရပုံ ပေါ်လွင်နေပါသည်။ အကြောင်းမှာ တဟူးဟူး တကျစ်ကျစ်နှင့် အော်ရင်း ကျွန်တော်တို့ချိတက်ရာဘက်သို့ နီး၍ကပ်၍လာသော ဆင်များအသံနောက်မှ တစ်တောလုံး တုန်ဟည်းလာအောင် အော်ဟစ်သည့် ဆင်တော်တော်များများ၏ကြွေးကြော်သံတွေကို ကြားမိသောကြောင့်ပင်တည်း။

"ဒီက ဖြတ်တက်ကြရအောင်၊ နီးတယ်"

ကိုကျော်အေးသည် သူ၏လက်တွင်းမှ ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးကြီးနှင့် ရှေ့ဆုံးမှထိုး၍ လမ်းပြကာ ခေါင်ငင်နေသည်။ ဖွက်ပေါက်စပြုနေသော မြက်ခင်းထူထူကြားမှ ကျွန်တော်တို့သည် ဖြတ်လျက် အပြင်းချိတက်ခဲ့သည်။

"ကျန်တဲ့ခာတ်မီးတွေ ထိုးကြစမ်းဗျာ . . . ခပ်မြန်မြန် . . . ဆင်အုပ်နဲ့နီးလာပြီ"

ကိုကျော်အေး၏သတိပေးသံအဆုံးတွင် ဝင်းခနဲ၊ လက်ခနဲ၊ လက်နှိပ်ဓာတ်မီးရော ခေါင်းစည်းမီးတွေပါ ထိန်ထိန်လင်း၍ မှိုးရွာငယ်တွင် ပေါ်ထွက်လာလေသည်။ ဆင်များ၏အော်သံများသည် ရုတ်တရက် ရပ်သွားသည်။ အတန်ကြာမှ ကျွန်တော်တို့ဘက်သို့ အနီးဆုံးရောက်နေသော ဒိမ်ဆင်တွေက တအားအော်ဟစ်ကြွေးကြော်လိုက်သည်။ အမှန်မှာ လူနံ့ရ၍လည်းကောင်း၊ မီးရောင်တွေ တထိန်ထိန်နှင့်တက်လာကြသည့် သူတို့၏သခင် ဆင်ဦးစီးတွေ တက်လာသည်ကို သိရှိကြသည်နှင့်တစ်ပြိုင်နက်တည်း ဒိမ်ဆင်တွေက တအားတက်ကာ စစ်ကြွေးကြော်သံမျိုးနှင့် အော်ဟစ်ခြင်းဖြစ်သည်။

"ဟဲ့ . . . ရန်အောင်ကြီး၊ လုပ်ပေး . . . ညိုမ . . . စွယ်ရှည်တို့ ချပါတော့လားကွ၊ ဘာတဲ့တုန်း"

ဆင်ဦးစီးများသည် လက်နှိပ်ဓာတ်မီးတွေကို အနှံ့အပြားထိုးကာ ညာသံပေးလိုက်ကြသည်။ ဆင်တွေကလည်း ချက်ချင်း လူတွေ၏အားပေးသံအဆုံး၌ တစ်ခဲနက် တကျစ်ကျစ် အံသွားကြိတ်သံကြီးများ အစချီ၍ တဝူးဝူးအော်မြည်လိုက်ကြသည်။ မိနစ်ပိုင်းအတွင်း၌ ကျွန်တော်တို့ရှေ့မှာက သေနတ်သမားတွေနှင့် ကိုကျော်အေး၊ ဦးမင်းခင်တို့လူသိုက်သည် ဒိမ်ဆင်တွေ၏အလယ်ဗဟိုကြောင်းထဲသို့ ချည်းနင်းဝင်ရောက်ခဲ့မိကြသည်။ ရှေ့ဦးမှာ ဆင်ကလေးများနှင့် ဆင်မကြီးတွေကို စတင်၍တွေ့လိုက်ရသည်။ ထိုနောက်မှ အသက်အရွယ်ကြီးသော ဆင်အိုကြီးများသည် သမင်လည်ပြန် နောက်ပိုင်းသို့ ကြည့်ကာကြည့်ကာနှင့် ဆုတ်ခွာ၍လာသည်ကို မြင်ကြသည်။ ဆင်ပေါက်ကလေးများကလည်း ကျွန်တော်တို့ဘက်သို့ ဖင်တွေပေး၍ ဦးခေါင်းများက နောက်ပိုင်း





ဆီသို့ တည့်တည့်လှည့်ကာ နောက်ပြန်ဆုတ်ခွာနေသည်ကို တွေ့မိ၏။ မကြာမီ ကျွန်တော်တို့လက်နှိပ်ဓာတ်မီးရောင်များအောက်၌ ဒိမ်ဆင်တွေ၏ နောက်ဆုံးခွတပ်များဖြစ်သည့် စွယ်ဆင်ကြီးများနှင့် ဆင်ပေါက်များ၏ အကြိတ်အနယ် ခုခံတိုက်ခိုက်နေသော စစ်ပွဲကို တွေ့လိုက်ရသည်ကြောင့် ဂရုတစိုက် လှေလာကြည့်ရှုမိသည်။

ဆင်ယဉ် လေးကောင်ငါးကောင်ခန့်ကို တောဆင်နှင့်တူသည့် ဆင်ကြီးတစ်အုပ်က ဘေးမှညှပ်၍ပန်း၍ ဝိုင်းရံကာ ထိုးနှက်နေသည်။ ဒိမ်ဆင်ကြီးလေးကောင်ကို ဘေးချင်းယှဉ်ကာ ၎င်းတို့အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေသော တောဆင်ကြီးများကို ကြံ့ကြံ့ခံ ထိုးသတ်နေကြသည်။ တစ်ချီတစ်ချီ နှာမောင်းရိုက်ခတ်သံတွေရော၊ သံကြိုးသံတွေပါ ချွင်ခနဲ ဖြောင်းခနဲ ပေါ်ထွက်လာချေသည်။ သို့ရာတွင် အားကြီးသော အဆမတန် ကွာခြားနေသော ဒိမ်ဆင်လေးကောင်သည် နောက်သို့ ဆင့်ကာဆင့်ကာ ဆုတ်၍ပေးနေရသလောက် သူတို့၏ဘေးမှ ကပ်ညှပ်၍ တိုက်ခိုက်နင်းချေနေသော တောဆင်ကြီးများ၏ ဒဏ်ကို မရှုမလှခံနေရှာသည်။

"ပစ်ချို့ . . . ဘေးကပန်းပြီး ကျုပ်တို့ဆင်ကို ခေါင်းဆောင်နေတဲ့ အကောင်တွေဟာ တောဆင်တွေပဲ"

ကိုကျော်အေးသည် အရေးတကြီးပြောလိုက်သည်။ ထချို့သော တောဆင်များသည် ကျွန်တော်တို့မီးရောင်တွေကို ပေ၍ကြည့်ကာ ဒိမ်ဆင်တွေကို ထားခဲ့ပြီး၊ ကျွန်တော်တို့ရှိရာသို့ တက်၍လိုက်၍လာကြလေပြီတကား။

ဦးဘိုးဟန်သည် ဒိမ်ဆင်ကြီးတစ်ကောင်ကို စီး၍ထိုးသတ်နေသော အရပ်မြင့်မားလှသည့် အစွယ်ကြီးတဖွေးဖွေးနှင့် တောဆင်

ကြီး၏ ဦးကင်းကို ချိန်၍ပစ်ခတ်လိုက်သည့် ကျွန်တော်၏နိုင်ဖယ်မှ ကျွန်တော်တို့ဆီသို့ ရဲဝံ့စွာ ပန်း၍တက်လာသော တောဆင်ကြီး၏ ဦးကင်းချိုင့်ဝှမ်းကို ကျကျနန ချိန်ကာ မောင်းဖြုတ်ချလိုက်သည်။ ကိုဘိုးရဲ၏ နိုင်ဖယ်ကြီးသည် ဒိန်းခနဲ မြည်ဟည်းသွားပြီးနောက်၊ အိမ်ဆင်တွေကို ဓိကာသတ်နေသည်။ တောဆင်အုပ်ထဲမှ ဆင်ကြီး တစ်ကောင်ကို ထိမှန်သွားကြောင်း မီးရောင်ဖအောက်တွင် ထင်ရှားစွာ တွေ့လိုက်ရသည်။

စက္ကန့်ပိုင်းအတွင်း၌ တောဆင်ပေါက်ကြီးသုံးကောင်သည် ဖျတ်ခနဲ မြေပေါ်သို့ ဝပ်၍ကျသွားပါသည်။ အိမ်ဆင်ကြီးလေးကောင် သည် သေနတ်သံတွေကြောင့် တအားဆက်၍လာကြသည့်ပမာ သူတို့ အနားမှာ ကပ်နေသည့် တောဆင်ကြီးများကို ပြန်၍ဖိ၍ ထိုးသတ်လိုက် ကြသည်။ တောဆင်တချို့သည် သေနတ်သံတွေအဆုံး၌ လန့်ဖျပ်သွား သည့်ပမာ နောက်သို့ ဆုတ်ခွာလိုက်ကြသည်။ ခပ်ဝေးဝေး တောဆင် ကောင်ကြီး ခြောက်ကောင်လောက်သာ အိမ်ဆင်တွေနှင့် ယှဉ်ပြိုင်၍ သတ်ဖြတ်နေနေတုန်းပင်။

ကျွန်တော်တို့၏ ဒုတိယအကြိမ်ပိုင်း၌ ပစ်ခတ်သံများအဆုံး တွင် အိမ်ဆင်တွေကို ဝိုင်းရံကာ ထိုးသတ်နေသော တောဆင်ကြီး သုံးကောင်သည် ဘေးသို့ယိုင်ကာ ကျသွားပြန်ပါသည်။ ကျွန်တော်တို့ ချက်ချင်းပင် နှစ်လုံးပြူးနိုင်ဖယ်ကြီး၏ခါးကို ချိုး၍ချလိုက်ရာ ပြောင်းကန် ပစ်ပြီးသား ကျည်ဆန်ခွံသည် ပြောင်းနှစ်ဘက်မှ ခုန်၍စင်၍ ထွက်သွား ပါသည်။ ဘယ်ဘက်လက်မှ လက်ညှိုးနှင့် လက်ခလယ်ကြား၊ လက် ခလယ်နှင့် လက်သူကြွယ်ကြား၌ အရန်သင့်ညှပ်ထားသော သံဖော် ထိပ်ဖူးတပ် ကျည်ဆန်ကြီးနှစ်တောင့်ကို ချက်ချင်းယူကာ နှစ်လုံးပြူး နိုင်ဖယ် ပြောင်းနှစ်လုံးထဲသို့ ထည့်ပြီး ခါးကို ပြန်၍ဆောင်လိုက်သည်။





မောင်းတင်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း မ,၍တင်လိုက်ပြီးနောက် ရှေ့သို့ တန်း၍တက်လိုက်ကြသည်။

တောဆင်အုပ်များသည် တပ်ဆုပ်စပြုလေပြီ။ အိမ်ဆင်များ သည် မူလပထမ အနိုင်ကျင့် အကိုက်ခံရသော အိမ်ခံခွေးပမာ၊ ယခု အခါ၌ သခင်တွေက လာရောက်ကူညီသည့်အခါမျိုး၌ မိမိတို့နယ်မြေ သို့ လာရောက်ကျူးကျော်စော်ကားသော ခွေးကို ပြန်လှန်၍ အတင်း မလွှတ်တမ်း လိုက်ဆွဲနေသည့်ပမာ ဆုတ်ခွာပြေးရန် ဦးတည်နေသော တောဆင်ကြီးများကို အမီလိုက်၍ မလွှတ်တမ်း အိမ်ဆင်တွေက ထိုးသတ်နေပါတော့သည်။ ကျွန်တော်တို့အဖို့ အိမ်ဆင်နှင့် တောဆင် ဗလုံးဗထွေး ထိုးသတ်နေမှုကြောင့် ပစ်ခွင့်ကောင်းကောင်းမရပါ။ ဂရုတစိုက် ခွဲခြား၍ကြည့်လိုက်ကြရပြီး ဆင်ချင်းကွဲမှ တောဆင်ကို ပေ သုံးဆယ်ကွာမှ ကပ်၍ မိမိရရ ပစ်သတ်လိုက်ကြရသည်။ မကြာမီ မိနစ်ပိုင်းအတွင်း၌ တောဆင်များ၏ အလန့်တကြား တပ်ပျက်၍ ပြေးလွှားသံများသည် တစ်တောလုံး တုန်လှုပ်နေတော့သည်။

အိမ်ဆင်တွေသည် သွေးရဲရဲ သံရဲရဲနှင့် အတော်ခံလိုက်ရ ကြောင်းကို ကျွန်တော်တို့ကိုယ်တိုင် တွေ့မြင်နေရသည်။ ဆင်ဦးစီး များသည် မိမိတို့၏အသံကို ကျယ်လောင်စွာပေး၍ စုတ်တသပ်သပ်နှင့် သခင်မှန်း သတိရစေရန် ခေါ်ငင်ပြီးမှ ဆင်တွေအနားကို ချဉ်းကပ် နိုင်ကြသည်။ တောဆင်များ၏ အစွယ်ရာကြီးများမှ တစိမ့်စိမ့်ယိုထွက် နေသော သွေးများကို အမြန်ဆုံးတိတ်စေရန် ဦးဘိုးဟန်နှင့် ကိုဘိုးရဲ တို့သည် စခန်းသို့ ချက်ချင်းပြန်ကာ မစ္စတာနီတိုးနှင့် ဂျပန်တပ်ကြပ်ကြီး တို့ ဆေးထိုးကိရိယာတွေနှင့်အတူ ခေါ်ယူခဲ့ပြီး၊ ဒဏ်ရာတွေရနေသော အိမ်ဆင်ကြီးများကို ချက်ချင်းသွေးတိတ်စေရန် ဆေးထိုးအပ်အရှည်ကြီး များနှင့် တပ်ဆင်၍ ဆေးထိုးကုသကြသည့် ဒဏ်ရာကြီးများကိုလည်း

တင်ချာ၊ ဆေးဝါးရည်များဖြင့် ဝါဂွမ်းအလိပ်လိုက်စိမ်ကာ အနာပေါက်ကြီးတွေထဲတွင် ထိုးသိပ်ကာ ပလာစတာများဖြင့်ကပ်လျက် ကုသနေကြသည်။

"လူအကူ အရင်ရောက်လို့ နို့မို့ရင် . . . ဟောဒီလေးကောင်ဟာ မုချသေပြီးသားပဲ"

ဆင်အုပ်ကြီးဦးမင်းဒင်သည် ဒဏ်ရာတွေနဲ့ ဆေးထိုးနေသော အိမ်ဆင်ကြီးလေးကောင်ကို ကြည့်လျက် ပြောလိုက်သည်တွင် . . .

"တကယ့်မိုးထဲလေထဲမှာဗျာ . . . ဘယ်ကနေပြီး ဘယ်လိုလာကြတယ်မသိဘူး၊ တောဆင်တွေ၊ သူတို့အကောင်တွေ ငါးဆယ်ထက် မနည်းဘူးဗျ"

ဦးဘိုးဟန်သည် တုံးလုံးပက်လက်နှင့် ကျဆုံးကျန်ရစ်ခဲ့သော တောဆင်ကြီးများကို တစ်ချက်လှမ်း၍ကြည့်ပြီး ပြောပြန်ပါသည်။

ကိုဘိုးရံသည် မိုးရွာကြီးထဲမှာပင် ကျဆုံးနေသော တောဆင်ကြီးများကို သူ၏တံတောင်နှင့် လိုက်၍တိုင်းထွာနေလေသည်။ ပြီးမှ တစ်ချက်ရယ်လိုက်ပြီး . . .

"ရိက္ခာတော့ပြတ်ပြီလို့ တောက်မေ့တာ၊ အချိန်ပီ ရိက္ခာလာပို့တဲ့အကောင်တွေက ရှိသေးတယ်၊ အစွယ်တွေလဲ မခေပါဘူး၊ တစ်ချောင်း ငါးပိဿာထက် မအောက်ဘူးဗျ၊ ဟောဒီအစွယ်ကြီးဆိုရင် ကိုးပိဿာ အသာရှိရမယ်"

မိုးကား တဟဲဟဲနှင့် မစဲတန်း အကြီးအကျယ်ရွာသွန်းလျက်လေကလည်း ဟိုမှဒီမှပင့်ကာ ပိတ်၍တိုက်ခတ်နေတော့၏။ ကျွန်တော်တို့တစ်ကိုယ်လုံးလည်း ရွဲရွဲစိုကာ မေးချင်းရိုက်ခမန်း အေး၍ချမ်း၍လာပါတော့သတည်း။

❖





# မမြင်ရသော ရန်ငြိုး

ဖြစ်ကတတ်ဆန်း တောင့်ကပ်ပျောဖက်တွေ ခုတ်၍ မိုးကာတဲ ယာယီတဲတန်းကြီး၏အောက်၌ ကျပ်တင်ထားသော ဆင်သားတုံးကြီးများသည် ကြောက်ခမန်းလန့်ခမန်း . . . ထိုတောင်မှ တဝုန်းဝုန်းတောက်နေသော မီးဖိုကြီးများနှင့် ချွေးတွေပြန်နေအောင် အလုပ်ကြမ်းလုပ်နေသော ကူလီမျာ းနှင့် ဆင်သမားများ၏သဏ္ဍာန်မှာလည်း သရုပ်ပါလှတော့၏။

အပြင်လောက၌ မိုးတွေလေတွေကား တဝုန်းဝုန်းတိုက်ခတ်ရွာသွန်း၍ ကောင်းနေတော့၏။ ကျွန်တော်တို့အဖို့ ရေချိုးရေသန့်ကို သောက်သုံးရဖို့အရေးအတွက် မိုးရေတွေ လို၏။ ကျွန်တော့်မှာ သံပုံးများဖြင့် ခံယူ၍ထားရပါသည်။ တဝေါဝေါစီးဆင်းနေသော ချောင်းကြားမှ ရေများသည် ရွှံ့နှစ်များနှင့် ရောနှောကာ ရေညစ်များဖြစ်နေသောကြောင့်တည်း။ မစ္စတာနီတိုးသည် နေ့စဉ်ပင် ဒဏ်ရာရရှိသွားသော ဆင်ကြီးလေးကောင်ကို ဆေးဝါးကုသ၍ပေးခဲ့ရင်း သုံးရက်မြောက်သောနေ့ နံနက်သို့ ဆိုက်ရောက်ခဲ့ပါပြီ။ သို့ရာတွင် ရာသီဥတုအခြေအနေကား ဆိုးဝါးလျက်။ မိုးကား ရက်ရက်ရောရော သဲသဲမဲမဲ ရွာမြဲရွာနေပါတော့သည်။

"တကတဲဗျာ . . . မရွာတော့လဲ ခေါင်လိုက်တဲ့မိုး။ ရွာပြန်တော့လဲ တစ်ချက်မှမလင်းဘူး၊ ကြောက်စရာ့ချောင်းဖျားဒေသက မိုးပဲ"

ဦးဘိုးဟန်သည် နှစ်လုံးပြူးရိုင်ဖယ်ကြီးများကို တိုက်ချွတ်နေရာမှ မိုးကို မှတ်ချက်ချ၍ ပြောလိုက်ပါသည်။

"ဟုတ်တယ် အရီးဟန်၊ ကြာရင် လူတွေ ဖျားနာကုန်မှာစိုးရတယ်၊ အအေးကလဲ မိချင်ချင်ဗျ၊ ဖြုန်းခနဲ ပူရာက ဖြုန်းခနဲ အေးလိုက်

တော့ တော်တော်တန်တန်လူတွေ ဒုက္ခရောက်ကုန်တာပဲ၊ ဟိုနေ့က အရက် ကယ်လို့၊ နို့မို့ရင် ကုလီရော၊ ဆင်သမားတွေရော အတုံးအရုံး ဖြစ်မှာ မြင်မိသေးတယ်"

"ခုနေ ဟိုဘက်ကမ်းကိုကူးရင် မဖြစ်ဘူးလား ဦးလေး"

ရဲဘော်ကျော်လှိုင်သည် ဝင်ရောက်၍မေးလိုက်သည်ကြောင့်-

"သတ္တိရှိရင် မင်း ကူးကြည့်ပါလား၊ ချောင်းဖျားရေအကြောင်း ဒီရဲဘော် နားမလည်သေးဘူးကိုး၊ အားကြီး ရေစီးသန်တယ် မောင်ရဲ့၊ ခိုင်ခနဲ ဝေါခနဲ ပါသွားပြီသာမှတ်"

မကြာမီ ကျွန်တော်တို့နှင့် မစ္စတာနိုမူရတို့ အဖွဲ့ဝင်များသည် မိုးရွာထဲတွင်ပင် အရေးပေါ်ဆွေးနွေးပွဲ ကျင်းပကြပါသည်။ ငါးလိုက်ချောင်း ဆုံးပြီဖြစ်၍ ကျွန်တော်တို့၏ လိုလားချက်ဖြစ်သည့် သစ်တွေ အားလုံးလည်း လေးရက်တိုင်တိုင် ရွာချသော မိုးအားကြောင့် ချောင်းထဲ၌ ပါသွားကုန်ပြီဖြစ်သဖြင့် ပျဉ်းမနားသို့ ပြန်လည်ဆုတ်ခွာကြရန် ဖြစ်သည့် ပြန်လမ်းအတွက် ရွေးချယ်ကြရာ၌ ငါးလိုက်ချောင်းအတိုင်း ပြန်သင့်မသင့် တင်ပြဆွေးနွေးကြရာ၌ ငါးလိုက်ချောင်းအတိုင်း ပြန်လျှင် လာခဲ့ရသည့် ရက်ပိုင်းထက် ပြန်ဆုတ်ရေးခရီးမှာ တစ်ဆ ရက်တိုး၍ ကြာမည့်အရေးရှိကြောင်း ဦးဘိုးဟန်နှင့် ကိုဘိုးရုံတို့က သတိပေးသည်။ ထို့ကြောင့် ဝေးဆုံးလဲဆုံးစခန်းမှ ဘုရားတောင်ပို့ဘက်ရွာသို့တစ်ဆင့်၊ ရင်းမှ တောင်ညိုသို့တစ်ဆင့်၊ တောင်ညိုမှ မင်းလမ်းမအတိုင်း ပျဉ်းမနား သို့ ပြန်လည်ဆုတ်ခွာကြရန် သဘောတူကြသည်။ အဓိကအရေးအကြီး ဆုံးမှာ ကျွန်တော်တို့ချီတက်ရေးအဖွဲ့ဝင်များသည် ငါးလိုက်ချောင်း အနောက်ဘက်ကမ်းပေါ်၌ စခန်းချနေရာမှ ချောင်းအရှေ့ဘက်သို့ ပြန်ကူးကြရန် အခက်ဖြစ်ပေသည်။ သို့ရာတွင် ချောင်းထဲ၌ ရေတွေ တဝေါဝေါ အင်တိုက်အားတိုက်ကျနေတုန်းဖြစ်၍၊ လူမပြောနှင့်၊ ဆင်ပင်





ဖြတ်ကူးရန် မဝံ့ချေ။ ငါးလိုက်ချောင်းဖျားဒေသသည် တောင်ပေါ် ဒေသ၌ ချောင်းဖျားခံခဲ့ရာ ဒေါသဖြစ်သည်ကြောင့် ရေကျလျက်၊ ချောက် ဖောက်ထိုးကျသလောက် ရေစီးကလည်း ဝါးလုံးထိုးလွှတ်သလို မြန်ပြီး၊ ရေအားကလည်း သန်လှပေ၏။ ထို့ကြောင့် လူ၏ခါးလောက် ရေအနက် ကို ဖြတ်ကူးမိလျှင် ရေစီးအားကြောင့် ထိန်းမရသိမ်းမရဘဲ မျောပါ သွားမည်မှာ အထူးဖော်ပြရန်မလိုပေ။

လေအားမိုးအားနှင့် ဖိ၍ရွာသော မိုးရက် သုံးရက်လွန်မြောက် သော နောက်တစ်နေ့၌ ဦးဘိုးဟန်သည် ချောင်းဆိပ်မှ သွားရောက်၍ ရေအခြေအနေကို လေ့လာကြသည်။

"မိုးရေ့ကို တစ်ရက်နှစ်ရက် အလွန်ဆုံးရွာမယ်၊ ဒီထက်တိုးပြီး မရွာနိုင်ပါဘူး၊ ဒါကြောင့် မိုးတိတ်ပြီး ညနေခင်းဆိုရင် ချောင်းဖျားဒေသ ထုံးစံအတိုင်း ရေအကျနည်းသွားမယ်၊ အဲဒီအချိန်ကို အခွင့်ကောင်း ယူပြီး ကူးကြရမယ်"

ကျွန်တော့်အား သတိပေးပြီး ဆင်သမားများသို့ ကုန်များ၊ စက်ကိရိယာများ ပြင်ဆင်ကြရန် အချက်ပေးလိုက်သည်။ အိမ်ဆင်ကြီး လေးကောင်၏ဒဏ်ရာမှာလည်း မစ္စတာနိတိုးတို့၏ ပြုစုကုသမှုကြောင့် ဒဏ်ရာတွေ အတော်သက်သာလာကြပြီး အပြန်အတွက် ခိုက္ခာများ တင်ရန် လျော့ပါးသွားသည်ကြောင့် ဖော်ပြပါဒဏ်ရာရရှိသော ဆင်ကြီး လေးကောင်အတွက် ဝန်များကို တခြားဆင်များပေါ်သို့ လွှဲပြောင်း၍ တင်ဆောင်ကြရန် စီစဉ်လိုက်ကြပါသည်။

ဦးဘိုးဟန်၏တွက်ကိန်းကား မှန်ပေသည်။ နှစ်ရက်လွန် မြောက်သော နံနက်၌ မိုးကင်းစင်တိတ်ခဲ့လေပြီတကား။ ဦးဘိုးဟန်နှင့် ကိုဘိုးရုံတို့သည် ဆင်သမားများကို ချက်ချင်းပြင်ဆင်ခိုင်းကြသည်။

ထမင်းဟင်းများကို တစ်လုပ်စာအဖို့ ချက်၍၊ ဖက်များဖြင့် စနစ်တကျ ထုပ်၍ ပြင်ဆင်ခိုင်းလိုက်သည်။

ကျွန်တော်၊ ဦးဘိုးဟန်တို့သည် ချောင်းထိပ်မှရပ်လျက် အကျနေးသည့်ချောင်းရေကို လေ့လာစိစစ်နေကြသည်။ ထိုစဉ်တွင် မစ္စတာနီမူရတို့ ဂျပန်အဖွဲ့ဝင်များသည် ကျွန်တော်တို့ စုပြုံရပ်နေရာသို့ ရောက်ရှိ၍လာကြသည်။ မစ္စတာနီတိုးသည် အရှေ့ဘက်လမ်းသို့အရောက် ခိုတက်ရေးအတွက် ချောင်းကိုဖြတ်၍ကူးရန် အချိန်သင့်ကြောင်း ပြောသည်နှင့် ကျွန်တော်က ညနေခင်းလောက်မှကူးရန်၊ ယခုဖြတ်ကူးလျှင် ရေစီးသည် သန်နေသေးကြောင်း ပြောပြရာတွင် မစ္စတာနီတိုးသည် အကျီ ဘောင်းဘီများ ချွတ်၍ လံကွတ်တီကလေးနှင့်၊ တစ်ဖန် ချောင်းကမ်းပါးသို့ ကူးဖြတ်၍ စမ်းသပ်လိုကြောင်း ပြောပြပါသည်။

ကျွန်တော်သည် ဦးဘိုးဟန်နှင့် ကိုဘိုးရဲတို့အား မျက်စပစ်၍ ပြရင်း နွယ်ကြိုးကြီးများကို ချောင်းကမ်းပါးသုံးလေးနေရာမှ တန်း၍ ရေထဲသို့ချကာ အရေးရှိလျှင် မစ္စတာနီတိုးအား ကယ်တင်ရန်အတွက် အသင့်ပြင်ခိုင်းလိုက်သည်။ ပြုလုပ်ထားသော လှေကားထစ်များမှ မစ္စတာနီတိုးသည် ချောင်းထဲသို့ဆင်းကာ ချောင်း ပေ နှစ်ရာခန့်အကျယ်ရှိသည့် ယစ်ဖက်ကမ်းဆီသို့ လက်ပစ်ကူးလိုက်ပါသည်။ မစ္စတာနီတိုးသည် ချောင်းရေကမ်းစပ်မှ ဆယ်ပေခန့်အရောက်တွင် ဝေါခနဲ ရေစီးနောက်သို့ တောက်လျှောက်ပါရှိသွားပါသည်။ မည်သို့မျှပင် ကူးခတ်နေသော မစ္စတာနီတိုး၏ကြိုးစားမှုမှာ လုံးဝအချည်းနှီးဖြစ်နေသလောက်၊ ရေစီးကြောထဲ၌ မစ္စတာနီတိုး၏ ခါးအထက်ပိုင်းသည် တဘုတ်ဘုတ်နှင့် မျောကာပါနေလေပြီ။

"လုပ်ကြပါဟေ့ . . . ကြိုးတန်းနွယ်တန်းတွေ ပစ်ပေး . . .၊ အောက်ဆိပ်ကဆီးပြီး နွယ်တန်းပစ်ပေး"





တစ်ချောင်းလုံး ဆူညံစွာ ဆင်သမားတွေရော၊ အလုပ်သမားတွေရော အော်ဟစ်ပြောဆိုကြသည်။ မစ္စတာနိုမူရနှင့် မေဂျာနာဂူးတို့ ဂျပန်တစ်သိုက်မှာ မျက်စိမျက်နှာတွေပျက်ကာ မစ္စတာနီတိုး၏အသက်ကို အချိန်မီ ကယ်ဆယ်ရေးအတွက် ပြာလောင်ခတ်နေကြပါသည်။ မကြာမီ နွယ်တန်းတစ်ချောင်းကို မစ္စတာနီတိုးသည် လက်က ဆုပ်မိ၍ တစ်လှမ်းချင်းဆွဲကာ ကမ်းခြေသို့ မနည်းကုတ်ကပ်ရတော့သည်။ ခြေကုန်လက်ပန်းကျနေသော မစ္စတာနီတိုးကို ကူလီများသည် မနည်းကူ၍ ကမ်းပေါ်သို့ တင်ခဲ့ကြရသည်။

"ရေအပေါ်ယံကြည့်တော့ သိပ်မသန်ဘူးလိုလိုနဲ့ ရေထဲကျမှ ဗြော် . . . ရေစီးဟာ ကြောက်စရာကောင်းလောက်အောင် သန်ကြောင်းတွေ့ရတယ်၊ လူမပြောနဲ့၊ ဆင်လဲ ခုလိုရေမျိုးဖြစ်ရင် ပါသွားမှာမုချပဲ"

မစ္စတာနီတိုးသည် မောပန်းစွာဖြင့် ဝန်ခံပြောဆိုလိုက်ပါသည်။

ညနေ ငါးနာရီခန့်တွင် ချောင်းရေသည် သိသိသာသာကြီး လျော့ပါးသွားပါသည်။ ရေအနက်မှာ ယခင်က ကာလ၏ လေးပုံတစ်ပုံခန့်သာ ကျန်တော့သည်။ ဦးဘိုးဟန်သည် ချောင်းကမ်းပါးပေါ်မှနေ၍ ရေစီးထဲသို့ ဝါးလုံးခြောက်တစ်လုံးကို ထိုးချလိုက်သည်။ ဝါးလုံးခြောက်သည် ရေပြင်ထဲတွင် မှန်မှန်မျောနေလေသည်။

"ခက်ခက်ခဲခဲကူးရင်တော့ ဖြစ်မယ်၊ အကောင်းဆုံးက မနက်မှစောစော ဖြတ်ကူးကြရအောင်၊ စိတ်ချလက်ချ ပို့ကောင်းမယ်"

ဦးဘိုးဟန်က အကြံပေးလိုက်သည်။ မိုးသားတွေ ကင်းစင်သော ညဦးတွင် ကျွန်တော်တို့သည် တော်တော်နှင့်အိပ်၍မပျော်ကြဘဲ နံနက်စောစော အချိန်မီ တစ်ဖက်ကမ်းသို့အရောက် ကူးနိုင်ကြရေးအတွက် စည်းဝါးရိုက်ကာ ပြင်ဆင်စရာတွေ ပြင်ဆင်နေကြရင်း၊ ဝိုင်းဖွဲ့ကာ ထွေရာလေးပါး ပြောဆိုနေကြသည်။ အိမ်ဆင်များ၏အခြေအနေ

မှာ သိသိသာသာကြီး ကောင်းမွန်လာသလောက် ဒဏ်ရာရရှိခဲ့သော ဆင်ကြီးလေးကောင်မှာလည်း အစာတွေ စားလာသလောက် ဆုတ်ခွာရေးအတွက် စိုးရိမ်စရာမရှိတော့ပါ။

စခန်းတစ်ပိုက်ကို စနစ်တကျ ကင်းတွေလှည့်ရင်း စခန်း၏ လုံခြုံရေးအတွက်ပါ စနစ်တကျ လုပ်ဆောင်နေကြသော ကင်းသမား၏ စကားပြောသံများကို နားထောင်နေရင်း ချီတက်ရေးအဖွဲ့ဝင်များသည် စိတ်ချလက်ချ အိပ်စက်အနားယူနိုင်ကြပါတော့သည်။

ဝေလီဝေလင်းအချိန်တွင် ကျွန်တော်တို့အားလုံး ချောင်းတစ်ဖက်သို့ကူးရန် ပစ္စည်းတွေ အဆင်သင့်ဖြင့် ချောင်းထိပ်၌ တန်းစီနေကြပါသည်။ ရှေ့ဦးစွာ အရပ်အမောင်းမြင့်မားသော ဆင်ကြီးနှစ်ကောင်ကို ပစ္စည်းဝန်မပါဘဲ ချောင်းတစ်ဖက်ကို ရေပြင်ကျယ်ရာမှ ဖြတ်၍ ကူးခိုင်းကြည့်သည်။ ချောင်းရေအနက်မှာ ဆင်များ၏ ဝမ်းဗိုက်အထက် မရောက်ဘဲ တိမ်နေသော်လည်း၊ အောက်ခံသဲပွက်များ၏ ယက်ကန်မှုကြောင့် ဆင်နှစ်ကောင်သည် အနည်းငယ် ကြန့်ကြာစွာဖြင့် တစ်ဖက်ကမ်းသို့ ကူးခဲ့ပေသည်။ မကြာမီ ပစ္စည်းတွေတင်ထားသော ဆင်များသည် ထိုနေရာ ရေပြင်ကျယ်သော ဆိပ်ကမ်းမှခတ်၍ ချောင်းတစ်ဖက်သို့ တစ်သုတ်ပြီးတစ်သုတ် ကူးဖြတ်ကြလေသည်။ မိကျွဲမိုးကာတဲ စသည့် လေးလံသောဝန်များကို တစ်ရစ်စီ တစ်ပတ်စီ အခေါက်ခေါက်သယ်ဆောင်၍ ချောင်းအရှေ့ဘက်ကမ်းသို့ ကူး၍ပို့ခဲ့သည်။ နောက်တစ်နာရီခန့်အကြာတွင် လူရော၊ ပစ္စည်းအစုံပါ အရှေ့ဘက်ကမ်းသို့ ရောက်ရှိခဲ့ကြပါသည်။ ပစ္စည်းနှင့်ဝန်ပါသော ကီနိယာများကို ဆင်များပေါ်၌ မျှတအောင် စနစ်တကျ တင်ဆောင်ခဲ့ပြီး၊ ဒဏ်ရာရရှိသော ဆင်ကြီးလေးကောင်အပေါ်၌ ဆင်ဦးစီးမှတစ်ပါး အခြားပစ္စည်းတစ်စုံတစ်ရာ မတင်ကြဘဲ၊ အစီအစဉ်အရ ဘုရားတောင်





ရွာဆီသို့ မှန်း၍၊ တောကြားမှဖြတ်၍ စတင်ကာ ဆုတ်ခွာခဲ့ကြသည်။ ချီတက်ရန် တာစူမိသော ဆင်များသည် ချီတက်လျှင်တက်ချင်း တစ်စုံတစ်ရာ အနှာရသည်ကြောင့် နှာမောင်းတွေ တထော်ထော်နှင့် တစ်ကောင်နှင့်တစ်ကောင် အော်ဟစ်၍ သတိပေးနေကြသည်။ နားရွက်ကြီးတွေကလည်း ပေ၍ရပ်ကာ မကြာခဏ နောက်ပိုင်းဆီသို့ သမင်လည်ပြန် လှည့်ကာလှန်ကာ ကြည့်နေကြသည်။

“ဆင်တွေကြည့်ရတာ အကဲမရဘူး ဗိုလ်မှူး၊ နောက်ပိုင်းက မလုံဘူး၊ ဒါကြောင့် ကျုပ်တို့ နောက်ဆုံးက လိုက်ကြည့်ရအောင်၊ သူတို့ ရှေ့တက်ပြီး လွှတ်လိုက်ဗျာ”

ဦးဘိုးဟန်သည် ကျွန်တော့်ကို ခေါ်ယူ၍ ဆင်တွေကို ရှေ့ကတက်ခိုင်းလိုက်သည်။ ကူလီများကို ဆင်များ၏ဘေးမှ ပန်း၍လိုက်ပါစေပါသည်။ ဆင်တွေသည် ရှေ့သို့ ခပ်သုတ်သုတ်တက်၍သွားကြပြီး၊ တစ်ကောင်နဲ့တစ်ကောင် အော်ဟစ်သံများသည် တောလုံးဆူလျက်ရှိနေသည်။

“ယောင်ယောင်အအနဲ့ တို့နောက် လိုက်မလာကြနဲ့နော်၊ ဘာကောင်ဖြစ်ဖြစ် အသေချည့်ဖြစ်သွားမယ်”

ကိုဘိုးရဲသည် ဆင်တွေ၏လှုပ်ရှားမှုကိုကြည့်ကာ ကျွန်တော်တို့နောက်မှ လိုက်လာသော အမည်မဖော်နိုင်သည့် ရန်သူကို ရည်စူး၍ ကြိမ်းဝါးပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

နှစ်နာရီခန့် ခရီးပေါက်ရောက်မိသောအခါ ကျွန်တော်တို့ အောက်ဆုံး အရန်တပ်ဖွဲ့ပါဝင်သူအားလုံး၏နား၌ ‘ဩခနဲ’ ‘ဩခနဲ’ လေချွန်သံကြီးမျိုးကို ဆက်တိုက်ကြားရလေသည်။ လေချွန်သံဆိုရာ၌ အသံရှည်မဟုတ်ဘဲ အသံပြတ်သဘောမျိုး၊ ကြီးမားသောအသံကြီးမျိုး ထွက်ပေါ်လာခြင်းကို ဆိုလိုပါသည်။

"တစ်ပွဲတစ်လမ်းတော့ စမ်းကြရဦးမှာပဲ ဗိုလ်မှူး၊ ရန်သူတော့ ပေါ်နေပြီ၊ ဆင်တွေကြောက်ရတဲ့ရန်သူဟာ ဘာလဲတဲ့၊ သတိတော့ အလစ်မပေးကြနဲ့၊ မောင်ဘိုးရဲ့ ဦးနှု . . . အရင်မြင်ရင် အရင်ဦးအောင် ပစ်ထည့်ကြရို့."

ကျွန်တော်တို့ရှေ့မှ ဆင်များသည် ထိုလေချွန်သံကြီး ထွက်ပေါ်၍လာသည်တွင် ဆောက်တည်ရာမရအောင် အပြေးကလေး ရှေ့သို့ပြေးတက်ကြသည်။ ၎င်းတို့ကျောပေါ်မှ ဝန်စည်စလယ်ပစ္စည်းများ မကျန်ရစ်အောင်ပင် ဆင်ဦးစီးလုပ်သူက ငေါက်ငန်း၍ထိန်းသိမ်းထားလိုက်ကြရပါသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကျွန်တော်တို့ချီတက်နေရာ ဆင်အုပ်၏ ညာဘက်တောထဲမှ ရှိခနဲ နီးကပ်စွာ ထွက်ပေါ်လာသော အသံကြီးသည် ရုတ်တရက် ပေါ်ထွက်လာတော့သည်။ ထိုအသံကြီးကို ကြားရသည်နှင့်တစ်ပြိုင်နက်တည်း ဆင်များသည် ဆောက်တည်ရာ မရစတမ်း ချွန်းအုပ်မခံတော့ဘဲ ခြေဦးတည့်ရာသို့ စွတ်၍ တဝုန်းဝုန်း ကဆုန်ချကာ ပြေးလွှားကြပါသည်။ ကျွန်တော်နှင့် ဦးဘိုးဟန်တို့လူသိုက်သည် ဆင်ပစ်နိုင်ဖယ်ကြီးတွေကို အသင့်ပြင်ကာ ဖော်ပြပါ အသံကြီး ထွက်ပေါ်လာရာဆီသို့ မှန်း၍ကြည့်လိုက်ကြသည်။ လေးငါးမိနစ်ခန့် တွင် ကျွန်တော်တို့အဖို့ ထူးထူးခြားခြား တစ်စုံတစ်ရာမမြင်ကြရပါ။

သို့ရာတွင် မကြာမတင်ကာလတွင် ဆယ်ပေခန့် မြင့်မားသော အင်ပင်ပေါက်များ၏အပေါ်မှ တစ်စုံတစ်ရာသောသတ္တဝါကြီးတစ်ခု သည် ဝဲကာယိမ်းကာ လှုပ်ရှား၍ မားမားကြီးပေါ်ထွက်၍လာပါသည်။ မူလပထမတွင် ကျွန်တော်တို့လူစုသည် ရုတ်တရက် ပေါ်ထွက်လာသော သတ္တဝါကြီးကို မည်သို့မျှ ကွဲကွဲပြားပြားမသိရ၍ ရေးကြီးသုတ်ပျာနှင့် လှမ်းလျှက် စုပြုံကာ ကြည့်နေလိုက်ကြသည်။ ကျွန်တော်တို့ချီတက်ရာ





ညာဘက် လေးဆယ်ဒီဂရီလောက်ဆီမှ ကိုက်နှစ်ရာအတွင်း၌ ကပ်၍ ပေါ်ထွက်လာသော ဖော်ပြပါသတ္တဝါကြီးသည် တစ်ချက်ငုတ်လျှိုး၍ အင်ပင်ပေါက်တွေအောက်၌ ပျောက်ကာသွားပြန်ပါသည်။ ဆင်တွေလည်း တဝုန်းဝုန်း ရှေ့တည့်တည့်သို့ စုပြုံကာ ပြေးရှောင်နေကြသည်။ ဆင်ဦးစီးများ၏ အော်ဟစ်၍ ပေါက်သံ၊ ထိန်းသိမ်းသံများသည် သစ်ပင်ချုံပုတ်များကို တိုးသံများနှင့်အတူ ပြိုင်၍ပေါ်ထွက်လာပါသည်။

မိနစ်ပိုင်းအတွင်း၌ ချီတက်ရေးအဖွဲ့၏ ညာဘက်ကျကျ ကိုက်ခုနစ်ဆယ်ခန့်သာဝေးသော အင်ပင်တောကလေးထဲမှ 'ဝှော' ဟူသော ချိုတိုးသံကြီးအဆုံးတွင် အင်ပင်တွေ၏အပေါ်၌ ရုတ်တရက် ထိုး၍ ထွက်ပေါ်လာသော ရှည်မျောမျောသတ္တဝါကြီးကို စတင်ကာ တွေ့လိုက်ရပါသည်။

"မြွေကြီးဟ . . . မြွေကြီး။ တို့နောက်က လိုက်လာတာဟေ့"

ဆင်အမားတစ်ဦး၏ အလန့်တကြား အော်ဟစ်သံသည် ရုတ်တရက် ထွက်ပေါ်၍လာခဲ့သည်။ မှန်ပေသည်။ ယိမ်းထိုးနေအောင် ဒေါသခက်ထန်စွာဖြင့် ကြီးမားလှသော ပါးပျဉ်းကြီးထနေသော မြွေကြီး တစ်ကောင်၏ခေါင်းပိုင်းကို ကွဲကွဲပြားပြား ယခုမှ ကျွန်တော်တို့ တွေ့ရှိလိုက်ကြသည်။ "ပြောမယုံ ကြုံမှသိသည်" ဟူသော စကားသည် ယခုမှပင် အတိအကျ မှန်နေပေသည်။ ဤမျှလောက် ကြီးမားသော ပါးပျဉ်းကြီးနှင့် မြွေကြီးမျိုးကို ကျွန်တော့်တစ်သက်တာတွင် ပထမဆုံး တွေ့ရှိလိုက်ရသည့် မာန်သွင်းနေသော ပါးစပ်ပြဲကြီးထဲမှာ နေရောင်နှင့်ဟပ်နေသော အစွယ်ကြီးလေးချောင်းမှာလည်း ချွန်တက်ကောက်ချိတ်၍ နေသည်ကို ပြတ်ပြတ်သားသား တွေ့နေရပေသည်။ ကျွန်တော်တို့ ရှိရာသို့ လိုက်လံကာ ခေါင်းကြီးကို စောင်းကာငဲ့ကာကြည့်လျှက် ပါးစပ်

ကလည်း ဒေါသထွက်သော နှိုခနဲ မြည်ဟည်း၍ထွက်လာသည့် အသံကြီးမှာလည်း ကြားရသူများအဖို့ ကြက်သီးထစေပါသည်။

ဦးဘိုးဟန်၏ ရှိုင်ဖယ်ပြောင်းဝသည် အင်ပင်တွေပေါ်၌ ထင်ရှားစွာ ပေါ်ထွက်နေသော ဧရာမပါးပျဉ်းကြီးဆီသို့ တန်း၍ချိန်လိုက်သည်တွင် ကျွန်တော်ကလည်း • ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်ကြီးနှင့် မြွေကြီး၏ပါးပျဉ်းအလယ်တည့်တည့်သို့ လှမ်းကာချိန်လိုက်ပြီး ပစ်ခတ်လိုက်သည့် သေနတ်သံတွေသည် တညီတညွတ်တည်းလိုပင် ဟိန်း၍ ညံ၍ ထွက်သွားကြသည်။

ခွက်နေအောင်ထနေသော မြွေကြီး၏ ပါးပျဉ်းကြီးသည် ဆင်ပစ်ရိုင်ဖယ်နှစ်ချက် စုပေါင်း၍ထိမှန်စဉ် ဒဏ်ချက်ကြောင့် နောက်သို့ အနည်းငယ်လှန်၍သွားပြီး ဒေါသတကြီးနှင့် ချက်ချင်းပင် မြင့်မားစွာသော ပါးပျဉ်းကြီးကိုထ၍ ဝေါခနဲ ရှေ့သို့ တအားထိုးထားလိုက်တော့သည်။ အင်ပင်ကလေးတွေသည် ကွေးကာညွှတ်လာ၏။ အချို့အပင်ကလေးများသည် အမြစ်မှ ပြတ်၍ပြုတ်၍ထွက်ပါသွားသည်ကို ကျွန်တော်တို့လူသိုက်က လှမ်း၍မြင်လိုက်ပါသည်။ မြွေကြီးသည် နောက်တစ်ဖန် ကျွန်တော်တို့နှင့် ကိုက်သုံးဆယ်ခန့်သို့အရောက်တွင် ကျွန်တော်တို့လူတစ်စုကို အပြီးပေါက်သတ်ရန်အတွက် တစ်ဟုန်တည်း ပါးပျဉ်းကြီးကို ထောင်၍ထလိုက်သည်။ ဤအခွင့်အရေးကောင်းကို တမင်တကာစောင့်မျှော်နေသော မုဆိုးကြီး ဦးဘိုးဟန်နှင့် ဇိုလ်မှူးတာရာ၊ ကိုဘိုးရဲတို့ သေနတ်သမားသုံးဦးက လမ်းမှခွေးတန်းပင် မြွေကြီး၏ ပါးပျဉ်းလည်တိုင်ဆီသို့ ချိန်ကာချိန်ကာ ဆင့်၍၊ တစ်တောလုံးညံနေအောင် ရိုင်ဖယ်များနှင့် မရပ်မနား ပစ်ခတ်၍ချလိုက်သည်။

ဘေးသို့ညွှတ်ကာ လှန်၍ကျသွားသော ပါးပျဉ်းကြီးနှင့် နောက်ပိုင်းမှ တတ်နိုင်သလောက် ရှည်လျားသောကိုယ်လုံးကြီးသည်





နီးရာစပ်ရာသစ်ပင်များကို လိမ်ကာညှစ်ကာဖြင့် ရစ်ပတ်၍ ဆွဲရမ်းလူးလိမ့်နေသော မြွေကြီး၏အသည်းထိပ်စရာသဏ္ဌာန်များကို ကျွန်တော်တို့ သေနတ်သမားသုံးဦးသည် တွေ့မြင်ရသလောက် ချက်ကောင်းပေါ်တိုင်း ဆင်ပစ်ရိုင်ဖယ်ကြီးများ၏ မြွေကြီး၏ဦးနှောက်နေရာနှင့် မျက်လုံးများ၊ ခြေရာများ နှိပ်၍၊ တလစပ် ပစ်ခတ်သတ်ဖြတ်လိုက်ကြသည်။

ဝါးရုံပင်များနှင့် သစ်ပင်များသည် မြွေကြီးကိုယ်လုံးနှင့် အမြီးများရင်း၏ ရိုက်ပုတ်သည့်ဒဏ်ချက်ကြောင့် လိမ့်စဉ်ကာ အချို့အပင်များသည် ခါးလယ်မှပြတ်၍ လွင့်ပါသွားလေသည်။ တစ်ချို့တစ်ချို့တွင် ခေါင်းကြီးက သွေးတွေအရဲသားဖြင့် ပြန်၍ထရန် အားယူလိုက်သည်၌ ကျွန်တော်တို့၏လက်တွင်းမှ ရိုင်ဖယ်များက ဆင့်ကာဆင့်ကာ ဖိ၍ ပစ်ခတ်လိုက်ကြပြန်သည်။ သစ်ကိုင်းကျိုးများ၊ သစ်ပင်ပြတ်များနှင့် မြွေကြီး၏ကိုယ်လုံးကြီးသည် ရောထွေးရှုပ်ယှက်ခတ်နေတော့သည်။ သွေးတွေကလည်း ချောင်းကလေးပမာ နေရာအနှံ့အပြားစီးလျက် ချုံပုတ်များကိုပင် ပက်ဖျန်းပေးနေရတော့သည်။

ပြောင်းတွေ အနည်းငယ်ပူလာသော ဆင်ပစ်ရိုင်ဖယ်ကြီးများကို ဖျည်ဆန့်အပြည့်ထည့်ကာ အသင့်ပြင်ထားသော ကျွန်တော်တို့ သေနတ်သမားသုံးဦးသည် ငြိမ်ကျသွားသည့် မြွေကြီးကို မလွှတ်တမ်း ကြည့်ကာ ငြိမ်ငြိမ်သက်သက် ခြေစုံရပ်လျက် အနည်းငယ် အသက်ရှူမှားနေကြပါသည်။ နဖူးမှ ယိုစီးလာသော ချွေးပေါက်များကို ဦးဘိုးဟန်သည် ပဝါဖြူကလေးနှင့်သုတ်ရင်း . . .

"တကယ့်ကြောက်စရာကောင်းတဲ့အကောင်ကြီးဗျို့၊ အတော်အသက်ပြင်းသား။ ဆင်ပစ်ရိုင်ဖယ်ကြီးတွေနဲ့ တစ်ယောက် ခြောက်ချက်ခုနစ်ချက်စီ ချက်ကောင်းမှန်တာတောင် မကျချင်ဘူး"

ကိုဘိုးရဲသည် မြွေကြီး၏ခေါင်းနားသို့ နီးကပ်စွာဖြင့် တစ်လှမ်းလှမ်းတက်၍ လေ့လာကြည့်ရှုနေသည်။ ပြီးလျှင် နှာခေါင်းပိတ်၍ . . .

"ဘာကောင်ကြီးလဲမသိဘူး၊ အားကြီးနံတယ်၊ အကျိုးနည်းဗျာ" အော်ဟစ်၍ပြောလျှင် ပြီးနောက် . . .

"မြွေထီးကြီး . . . ငန်းဦးကွက်ကြီးမှ အစစ်ဗျာ၊ ကြည့်ပါလား ဦးနဖူးမှာ အမှတ်အသားအဖြူကွက်ကြီးနဲ့"

"ဟာ . . . ဒါဖြင့်ရင် သူ့မယား မြွေကြီးကို တို့ပစ်သတ်ပြီး ဥတွေပါ ဖျက်ဆီးခဲ့လို့ တို့နောက်ကို လိုက်ပြီးသတ်ဖို့ လိုက်လာတဲ့ ငန်းဦးကွက်အထီးကြီးဖြစ်မှာပေါ့ မောင်ဘိုးရဲ"

ဦးဘိုးဟန်သည် အရေးတကြီးပြောလိုက်သည်။

ကျွန်တော့်အနေဖြင့် အတော်စိတ်ချမ်းသာသွားပါတော့၏။ ငန်းဦးကွက်အမကြီးကို ကျွန်တော်တို့အား ရန်မူသဖြင့် မလွှဲမကင်းသာ၍ ပစ်ခတ်ခဲ့ရသဖြင့် ကျန်ရစ်သူ ငန်းထီးအတွက် စိတ်တထင့်ထင့်နှင့်ရှိခဲ့ရာ၊ ယခုမှပင် သူ၏မယားအတွက် လိုက်လံတိုက်ခိုက်ရန်မူခဲ့သူ ငန်းဦးကွက်အထီးကြီးအား ကိစ္စပြီးလိုက်ရခြင်းကြောင့် နောက်ထပ်ရန်အန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်စရာမရှိနိုင်တော့ချေ။

ကျွန်တော်တို့သုံးဦးနှင့်တကွ ဆင်သမားတွေရော၊ ကျန်ရစ်ခဲ့သည့် ကုလီအလုပ်ကြမ်းသမားတွေပါ ဝိုင်းအုံ၍ ငန်းထီးကြီးကို နီးနီးကပ်ကပ် လေ့လာကြည့်ရှုကြပါသည်။ အမှန်ကလည်း ငန်းထီးကြီးသည် ညီတော်အတော်နံနေသည်ကို သတိပြုမိသည်။ ကျွန်တော်တို့နောက်မှ မစ္စတာနီမူရနှင့် ဂျပန်အဖွဲ့ဝင်များသည်လည်း ပြန်လည်ဆိုက်ရောက်လာကြပြီး တုန်လှုပ်စွာဖြင့် ဝိုင်းရံ၍ ကြည့်ရှုကြပြန်သည်။ ထုံးစံအတိုင်း မစ္စတာနီမူရသည် ငန်းထီးကြီး၏လည်ပင်းအောက်အရစ်မှစ၍ သံမဏိပေကြိုးနှင့်ထုတ်၍ တိုင်းထွာကြည့်လိုက်ပြန်သည်။ ဂဏန်းကွက်မှာ





နှစ်ပေနှင့် ရှစ်လက်မကျော် တုတ်ခိုင်နေပြီး၊ ဦးခေါင်းထိပ်မှ အမြီးစွန်းအထိ အရှည်မှာ သုံးဆယ့်နှစ်ပေ ရှည်လျားနေသည်ကို တွေ့ရတော့သည်။

"ဟေ့ . . . ဆင်တွေကို မြန်မြန်ပြန်စုကြဟေ့၊ တို့တစ်တွေ ဒီလိုနေလို့မဖြစ်ဘူး၊ ဆင်တွေ ပြေးသွားစဉ်က ကျကျန်ခဲ့တဲ့ ပစ္စည်းတွေ လိုက်ပြီးကောက်ကြ၊ စုကြရအောင်"

ဦးဘိုးဟန်သည် အရေးတကြီးပြောဆိုနေစဉ်တွင် ဆင်အုပ်ကိုကျော်အေးနှင့် ဆင်အုပ်ဦးမင်းခင်တို့လူစုသည် ဆင်တွေနှင့် အရေးတကြီး ပြန်လည်လာကြသည်။

"တချို့ဆင်တွေတော့ ချွန်းအုပ်လို့မရတော့ဘူး၊ ဆွဲမိဆွဲရာ ပြေးတုန်းပဲ၊ လမ်းပေါ်မှာ ကျကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေ၊ အိပ်ရာလိပ်တွေကို ကျုပ်တို့ တွေ့သမျှတော့ သိမ်းကျုံးကောက်ယူခဲ့ပြီးပြီ၊ ကျန်တာတွေ လူစုခွဲပြီး လိုက်ရှာကြရအောင်"

မကြာမီ ဦးဘိုးဟန်၊ ကိုဘိုးရဲ၊ ကိုကျော်အေးနှင့် ဦးမင်းခင်တို့သည် လေးစုခွဲ၍ ကစဉ့်ကလျားပြေးလွှားခဲ့သည့် ဆင်များ၏ခြေရာကို ခံယူရာ၊ ဆင်တွေ စုစည်းရင်း ကျကျန်ရစ်ခဲ့သော ပစ္စည်းတွေကို လိုက်လံစုဆောင်းထိန်းသိမ်းရင်း ထွက်ခွာသွားကြပါသည်။

"ကျွန်တော်တို့ ခုလို အန္တရာယ်တွေကြီးမားမှန်းသိရင် ဒီလိုခန်းကို အရောက်မလာခဲ့ပါဘူး ဗိုလ်မှူးကြီး၊ တကယ်လို့သာ ကျွန်တော်တို့ ဂျပန်အမျိုးသားချည့်ပဲ၊ ဗိုလ်မှူးကြီးတို့လို တောတောင်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေမပါဘဲ လာခဲ့ရင်၊ ပြန်လမ်းမရှိဘူးဆိုတာ မမှိတ်မသုန်ယုံကြည်မိပါတော့တယ်ခင်ဗျာ၊ စစ်တိုက်ရတာထက် ခက်ခဲပြီး၊ အန္တရာယ်များပြားလှပါတယ်"

အရှင်ကြီးစီးတဲ့ စီးတော်မြွေတွေ သတ်လို့ နတ်မကြိုက်ဘဲ မိုးကြီးလေကြီး ဆင်ပြီး ဖမ်းစားတာလို့ ကျုပ် ယူဆမိတယ်၊ ဒါကြောင့် ခုလဲ ကျုပ်တို့ နောက်ကို အရှင်ကြီးရဲ့စီးပေါ်မြွေကြီးနဲ့ လိုက်တိုက်လို့ မနည်းထွက်ပြေး ခဲ့ရတယ်မဟုတ်လား"

သူတို့နှစ်ယောက် ပြောဆိုနေကြသည့် စကားများအနက် စိတ်ဓာတ်တွေ ကျဆင်းစပြုကြောင်းကို အခိုင်အလုံ တွေ့ရှိရပါပြီ၊ ထို့ကြောင့် ကျွန်တော်သည် ချက်ချင်းပင် သူတို့လူအုပ်ထဲသို့ ရောနှောကာ . . .

"မြွေမကြီးသတ်ပစ်လို့ မြွေထီးကြီးက အနှံ့ခံပြီး လိုက်လာတာပါ၊ တိစ္ဆမရှိပါဘူး၊ နှစ်ယောက်စလုံး ကျုပ်တို့လက်ချက်ကြောင့် ကိစ္စချောသွားပြီဟာ၊ ဘာမှ တောထင်တောင်ထင်မရှိကြနဲ့၊ နတ်မြွေဆိုရင် ဘာလို့သေနတ်မပြီးသလဲဗျာ၊ နတ်ကိုယ်တိုင် ကျုပ်တို့ကို လိုက်တိုက်ပါလား၊ အလကားနတ် . . . ဆင်ပစ်ရိုင်ဖယ်ကျည်ဆန်ကြောက်လို့ အဝေးက ရှောင်ပြေးတဲ့နတ်၊ တန်ခိုးမရှိတဲ့နတ်ပါဗျာ၊ ဘာမှမကြောက်ကြနဲ့၊ ကျုပ်တို့ ဦးဘိုးဟန်တို့၊ ကိုဘိုးရဲတို့ သုံးဦးပေါင်းမိရင် ဘာကောင်ကြီးလာလာ နောက်မဆုတ်တမ်း ရင်ဆိုင်တိုးဝံ့တယ်၊ ကြားရဲ့လား . . . ကျုပ်တို့အသက်တွေ မသေပြီးမှ ခင်ဗျားတို့အသက်တွေ သေရမှာပါဗျာ"

အားပေးစကားပြောရင်း အကြောက်ပြေ နတ်ဆန့်ကျင်ရေးစကားတွေသုံးလိုက်မှ ကုလီတွေသည် မိုးခွဲနေသော မျက်နှာတွေနှင့် ပြုံးဖော်ရယ်ဖော်ရတော့၏။

"ဟုတ်ပါတယ် မှန်းစံတင့်ရာ . . . အလကားကြောက်နေရင် မှာရာကျမှာပေါ့၊ ဝိုလ်မှူးကြီးတို့ အရှိသားဟာကို၊ တို့တစ်တွေ တွေ့ကရာ အဓိပ္ပာယ်မရှိ ကြောက်နေရင် ရယ်စရာဖြစ်နေတော့မယ်"





အချင်းချင်းအားပေး၍ ကုလီတွေ စိတ်ဓာတ်တက်ကြွလာကြပြန်ပါသည်။ ခရီးကား သုံးလေးမိုင်ခန့် ပေါက်ခဲ့ကြပါပြီ၊ သို့ရာတွင် ရှေ့ဆုံးမှ ဆင်များသည် ရုတ်တရက် ရပ်တန့်သွားသည်ကြောင့် လှမ်း၍ "ဘာလဲဟေ့"ဟု ဦးဘိုးဟန်သည် ဟစ်ကာမေးလိုက်သည်၌ . . .

ကိုကျော်အေးသည် ချက်ချင်းပင် . . .

"လမ်းမှားနေလို့တဲ့ ဝိုလ်မှူး"

"လုပ်ကွာ . . . မင်းတို့ဟာက လမ်းပြနှစ်ယောက်ကို မေးလေကွာ"

"ဆရာဟန်ရေ . . . သူတို့ကိုယ်တိုင်က မျက်စိလည်ပြီး လမ်းမှားနေကြတာဗျ"

ကျွန်တော်တို့သုံးဦးသားသည် ဆင်တွေဘေးမှ ပွတ်၍ ရှေ့သို့ တက်ခဲ့ပြီး၊ မျက်စိမျက်နှာပျက်နေသော လမ်းပြနှစ်ဦးနှင့် ကိုကျော်အေး တို့လူစုကို . . .

"စောစောက ပြောကြရောပေါ့ကွာ . . . မင်းတို့ဟာ . . . ခု ဘယ်လောက်ခရီးရောက်ခဲ့ပြီလဲ"

ဦးဘိုးဟန်သည် အပြစ်တင်လိုက်သည်တွင် . . .

"ခုလို တစ်ခါမှမဖြစ်ဖူးဘူး ဆရာဟန်၊ ကျွန်တော်တို့ ဒီချောင်းများကို ခါတိုင်းဖြတ်တက်ရင် ဘုရားတောင်ကို နံနက်ချင်းရောက်နေကျဗျ၊ ခု ဘယ်လိုဖြစ်သွားသလဲ မသိရဘူး၊ ခါတိုင်းရောက်နေကျ မရမ်းခုန်ကွေ့တောင် မရောက်တော့မှ သေသေချာချာ ပြန်ကြည့်ကြတော့မှ မျက်စိလယ်လာမှန်း သိတော့တာပဲ"

"ကိုင်း . . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ရှေ့ဆက်သွားရင် ပိုပြီးလမ်းမှားမယ်၊ တစ်ဆိတ် ဝိုလ်မှူးခင်ဗျာ . . . အိမ်မြှောင်ထုတ်ကြည့်စမ်းဗျာ၊ ခု ကျုပ်တို့ ဦးတည်နေတာ အရှေ့လား၊ အနောက်လား၊

မှန်းစမ်း . . . ကျုပ်တို့သွားနေတာ အရှေ့ထောင့်ကျကျ ဖြစ်ရမယ် ဒီဆီမှာ ဘုရားတောင်ရွာ ရှိလေရဲ့"

ဦးဘိုးဟန်သည် လက်ညှိုးနှင့်မှန်းကာ ဘုရားတောင်ရွာဆီသို့ ညွှန်ပြလိုက်သည်။

ကျွန်တော်သည် တောဝတ်ရှပ်အင်္ကျီအိတ်ထဲမှ ကွန်ပတ်(သ်) ကို ထုတ်၍ ကြည့်လိုက်သည်တွင် ကျွန်တော်တို့ ဦးဆောင်၍သွားနေရာမှ အရှေ့တည့်တည့်သို့ ညွှန်းနေကြောင်းကိုပါ သိရှိရလေသည်။

"အရှေ့တည့်တည့်ကြီး အဘိုးကြီး"

"အဲ . . . ခုမှ တလွဲမှန်းသိရတာပဲ၊ အရေးထဲမှာ မိုးကလဲ ရွာပြန်ပြီလေ၊ နေရိပ်နေစကလေးတွေမှ မမြင်ရမသိရတော့ ပိုဆိုးတာပေါ့"

"ဆင်တွေ ခဏရပ်ကြစမ်းဗျာ . . . လူချည့် တစ်မိုင်လောက် လျှောက်ကြည့်ရအောင်၊ လမ်းတွေ့ပုံပေါ်မှ ဆင်တွေ ပြန်ခေါ်ကြတာပေါ့ လာဗျို့ . . . အနိုးဟန်"

စိတ်မြန်ကိုယ်မြန်နှင့် ကိုဘိုးရဲသည် ဦးဘိုးဟန်နှင့် ကိုကျော်အေးတို့ကို ခေါ်ယူ၍ ကျွန်တော်တို့လူစုအား ဆင်များနှင့်ချန်၍ထားခဲ့ပြီး လမ်းစအရှာထွက်ခွာသွားကြပြန်သည်။ မိုးတွေကလည်း လေပါဆင့်၍ တဝုန်းဝုန်းရွာချလာပြန်တော့၏။ နီးရာသစ်ပင်ရိပ်တွင် ကျွန်တော်တို့၏ ကုလီတွေပါ ခိုကပ်၍ ခေတ္တအနားယူလိုက်ရပါသည်။ မိနစ်လေးဆယ်ကျော်မှ ဦးဘိုးဟန်တို့လူစု မောကြီးပန်းကြီးနှင့် ပြန်လာသည်။ ရောက်မဆိုက်မီ . . .

"လမ်းရှာလို့မတွေ့ဘူး ဗိုလ်မှူး၊ ရှေ့ဆက်သွားလေလေ လမ်းစပျောက်လေလေပဲ၊ ရှေ့နှစ်မိုင်ဆိုရင် တောင်ကြောကြီးတစ်ကြော





ခံနေလေရဲ့၊ ကျုပ်တို့ တိုင်ပင်ကြမှဖြစ်မယ်၊ ဘယ်နေရာ ဘယ်စခန်းတွေကိုများ ကျုပ်တို့ ရောက်နေတယ်ဆိုတာ"

ကျွန်တော်တို့လူကြီးပိုင်းသည် စုဝေး၍ အခြေအနေကို သုံးသပ်လေ့လာကြသည်။ ရှေ့တိုးသင့်မသင့် ဆွေးနွေးကြသည်။ ချောင်းများခေသည့် ကျွမ်းကျင်သူများ၊ ကုလီများထဲမှ ခေါင်းခေါက်ခေါ်ယူ၍ ခရီးလမ်းပန်းအကြောင်း ဆွေးနွေးကြသည်။ မည်သူမျှ တိတိကျကျ ပြတ်ပြတ်သားသား အဖြေကို မပေးနိုင်ကြချေ။ နောက်ဆုံးတွင် ဦးဘိုးဟန်သည် ထ၍ . . .

"ဒီလိုလုပ်ကြမယ်ဗျာ . . . ရှေ့တိုးရင် ခရီးလမ်းမသာမှန်းတော့ ကျုပ်ကိုယ်တိုင် လိုက်ကြည့်ခဲ့လို့ သိရပြီ၊ ဒါကြောင့် ရှေ့တည့်တည့် မသွားတော့ဘဲ ညာဘက် ခပ်ပြေပြေတောင်လျှောအတိုင်း ဆက်တိုက်သွားကြရအောင်၊ တောင်မြင်ရာ တက်လေလေ၊ ကျုပ်တို့ မြေပြန့်နဲ့ဝေးပြီး၊ ရွာတွေနဲ့ ဝေးမှာပဲ"

"ကောင်းတယ် ဆရာဟန်"

ဦးမင်းဒင်သည် ထောက်ခံပြောဆိုလိုက်သည်တွင် ဦးဘိုးဟန်၏ မြေခပ်ပြေပြေတောင်လျှောအတိုင်း ဆက်လိုက်သွားကြရန် ဆုံးဖြတ်သဘောတူလိုက်ပြီး ဆင်တွေကို ညာဘက်သို့ကွေ့၍ တောင်လျှောအတိုင်း မောင်းလိုက်ကြသည်။ သွားရတက်ရသည်မှာ အဆင်ပြေ၍လာသည်ထင်မိသည်။ သို့ရာတွင် ညနေ နှစ်နာရီသာ ထိုးခဲ့သော်လည်း ရွာအခြေအနေ၊ ယာခင်းအခြေအနေ တစ်စုံတစ်ရာ အားရလောက်အောင် မတွေ့မြင်ခဲ့ပါ။

"မဟန်သေးဘူး မောင်ဘိုးရဲ၊ တို့ ဒီလိုအတိုင်း ဆက်သွားရင် မိုးချုပ်လိမ့်မယ်၊ မြင့်မြင့်ထင်ထင် စခန်းကောင်းကောင်းအကွက်မှာ ဒီည စခန်းချကြရအောင်"

ဦးဘိုးဟန်သည် စိတ်ပျက်လာသည့်မျက်နှာဖြင့် ပြောလိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ အစိုးဟန်၊ ဒီတစ်ချီတော့ ရယ်လဲရယ်စရာပဲ၊ ရိုးမကြောပေါ်မှာ အိပ်ရာချည့်လုပ်လာတဲ့ ကျုပ်တို့တွေအဖို့ နှပ်ပစ်ခံခဲ့ပြီဗျ၊ ဘာတွေဖြစ်သလဲပဲ၊ တစ်ခါမှမျက်စိမလည်ဖူးပါဘူးဗျာ"

ကျွန်တော်တို့အဖို့ အခြားလုပ်စရာမရှိတော့သည်တွင် . . . ဦးဘိုးဟန်တို့ ရွေ့လျောလိုက်သည့် လွင်သာအင်တိုင်းဆန်ဆန်အကွက်တစ်ကွက်တွင် ဆင်တွေကို ရပ်နားကာ အမြင့်ဆုံးချုံတွေ ရှင်းလင်း၍ မိုးကာတဲကြီးတွေကို ဆောက်လုပ်ကြရပါသည်။ ရေအတွက်လည်း စခန်းသစ်၌ မနီးမဝေး တဝေါဝေါကျဆင်းနေသော မျှော်လင့်မပြုသည့် စမ်းချောင်းမှ အလွယ်တကူ သောက်ရေသုံးရေကို ရရှိခဲ့နိုင်ပါပြီ။

အဝတ်စိုများကို ချက်ချင်းချွတ်၍ အဝတ်ခြောက်များနှင့် လဲလှယ်ကာ မီးဖိုများတွင် မီးလှုံရင်း ဝမ်းထဲ နွေးသွားစေရန် လက်ဖက်ရည်ကြမ်း၊ ကော်ဖီပူပူများကို သောက်၍ အအေးဒဏ်ကို ခုခံကာကွယ်လိုက်ကြရပါသည်။ ဆင်သမား ကူလီများအဖို့၌လည်း မိုးကာတဲကြီးတွေထိုးကာ မိုးလုံလေလုံ အနားယူနိုင်ကြပါပြီ။ မိုးကာတဲအပြင်ဘက်၌ကား မိုးတွေသည် တဝေါဝေါ ပြင်းပြင်းထန်ထန် ရွာသွန်း၍ချနေတော့သည်၊ တိုးရပ်ကို မျှော်၍ကြည့်လိုက်တိုင်း ထိုတောနှင့်တောင်နှင့်သာ အဆုံးတွေ့ရသလောက် မိုးသားတွေကလည်း တောတွေတောင်တွေကို အဖက်ဖက်က ပိတ်ဖုံးကာဆီးနေလေသည်။

မီးဖိုတဲကြီးအဖြစ် သစ်အိမ်ဆောက်လုပ်ထားသော မိုးကာတဲကြီးအတွင်းမှ ညစာအတွက် ချက်ကြပြုတ်ကြသည့် ဖိုးသံခွက်သံတွေကလည်း ဝမ်းထဲ၌ဆာစပြုသည့် ကျွန်တော်တို့အား ပိုမို၍ အာဟာရကို စောင့်စားစေပါတော့သည်။ တချို့အလုပ်ကြမ်းသမားများသည် စခန်း





ဘေး ဝါးရုံတောကြီးအတွင်းမှ ဝါးတွေခုတ်၍ သဲပေါက်ကာ ကြမ်းခင်းများ ခင်းကာ၊ မိုးကာတဲကြီးအတွင်း၌ အောက်မှမြေကြီးအစိုဓာတ်အန္တရာယ်ကို ကာကွယ်ရန်အတွက် အရေးတကြီး ပြင်ဆင်နေပါသည်။

မှောင်စပြုသည်နှင့်တစ်ပြိုင်နက်တည်း တောတစ်ပြင်လုံးသည် သားကောင်တွေ၏အသံစုံဖြင့် ညံနေတော့၏။ တတိန်တိန်တစ်၍လာသော ဆင်များ၏အသံ၊ ထိုတတိန်တိန်တစ်၍ ပေါ်ထွက်လာသည့် အသံနှင့် ခပ်ဆင်ဆင်တူသည့် ကျားကြီးတွေ၏တစ်သံများကိုလည်း စခန်းနှင့် တစ်မိုင်အတွင်း လျှိုစွန်းတွေဆီမှ ကြားရပြန်သည်။ ဆင်၏တစ်သံနှင့် ကျားကြီးများ၏တစ်သံသည် ရုတ်တရက် အသံချင်းတူသလိုရှိသော်လည်း ဂရုတစိုက် နားထောင်ကြည့်လျှင် သိသိသာသာကြီးကွဲပြားလေသည်။ ဆင်တစ်သံသည် ရှည်၍၊ အသံသာယာသည်။ ကျားတစ်သံသည် မာ၍၊ အသံဆိုးပြီး၊ အသံအ,သည်။ ကျားကြီးများ၏အလေ့အကျင့်ကား တောတွင်းအချို့ ၎င်းတို့သားကောင်များ၏ အလေ့အကျင့်နှင့် အသံကို ပုံတူခိုး၍ အော်ဟစ်လေ့ရှိပြီး၊ သားကောင်များကအမျိုးအချင်းချင်းအထင်ရှိ၍ ကျားကြီးများ၏ ဟန်ဆောင်လာတတ်သည့် နေရာသို့ ပြေးလာသည့်အခါတွင် အပိုင်ကိုက်ဖမ်း၍ စားသောက်လေ့ရှိသည့် အသွင်ဆန်းတစ်ခုကို အမှတ်တရ ဖော်ပြအပ်ပါသည်။

သို့ရာတွင် ကျွန်တော်တို့လူစု အစိုးရိမ်ဆုံး တောဆင်များ၏အသံကား လုံးဝမကြားရ၍ စိတ်သက်သာရာရမိတော့သည်။ ဆင်များ၏စားကျက်တစ်ဝိုက်နှင့် ကျွန်တော်တို့စခန်းချရာ ဒေသတစ်ဝိုက်အတွင်း၌ တင်းများကို စနစ်တကျစောင့်ကြရန် စီစဉ်လိုက်သည်။ မိုးရွာထဲတွင် တင်းစောင့်ရသောတာဝန်မှာ အတော်ဝီရိယရှိနိုင်မှ တော်ရုံကျပေမည်။ မိုးက အေးအေး၊ တစ်နေ့လုံး ခရီးပန်းလာကြသူများကလည်း ဖြစ်သည့်

အတွက် သန်းခေါင်ယံ အိပ်မပျော်သွားစေရန် သတိကြီးစွာ ထားရလေသည်။ မကြာမီ ကျွန်တော်တို့ ရှုံးလုပ်ထားသော မိုးကာတဲသို့ ကိုကျော်အေးတို့လူစု ရောက်လာ၍ ဆင်သမားများထဲမှ ဆင်ဦးစီးနှစ်ယောက် ငှက်ဖျားတက်နေကြောင်း သတင်းပို့လာသည်။ ထို့ကြောင့် မစ္စတာနိုမူရတို့ဂျပန်အဖွဲ့သို့ ချက်ချင်းအကြောင်းကြားကာ ငှက်ဖျားတက်နေသော ဆင်သမားများဆီသို့ ထိုးဆေးကီရိယာများနှင့်အတူ မစ္စတာနိုမူရနှင့် တပ်ကြပ်ကြီးသည် တာဝန်ကျေပွန်စွာ လိုက်ပါသွားပြီး ဆေးထိုး၍ကုသနေကြသည်။

"ကျုပ်တို့ လမ်းများတာဟာ မိုးလေဝသ ပြင်းထန်မှုကြောင့်ပဲလား။ ဒါမှမဟုတ်ရင် မြေကြီးတွေ ထွက်အလိုက်မှာ လူတွေ စိတ်တွေ တယောင်ချောက်ချားဖြစ်ပြီး ထွက်မိထွက်ရာ ထွက်လာခဲ့ကြလို့ လမ်းတွေ မှားထားလား။ ခုအထိ စဉ်းစားလို့မရဘူး"

ဦးဘိုးဟန်သည် ဆေးပေါ့လိပ်ကြီးကိုဖွာရင်း ကျွန်တော့်ကို မေးလိုက်သည့်အတွက် . . .

"နှစ်ချက်စလုံးဖြစ်နိုင်တယ် ဦးဘိုးဟန်၊ မိုးတိတ်ရင် နက်ဖြန်မနက်ကစပြီး ကျုပ်တို့ ဒီအတိုင်းဆက်သွားကြမလား။ ဘယ်လိုလဲ . . . ရိက္ခာပြဿနာများ ပေါ်စရာရှိလား၊ တစ်ရွာရွာတွေ့ရရင် ကျေနပ်ပါပြီဗျာ"

"ကျုပ်လဲ ဒီအတွက် စဉ်းစားပြီးပါပြီ၊ ရိက္ခာအတွက်ကတော့ ဆယ်နှစ်ဝတာတော့ လုံလောက်ပါသေးတယ်၊ ဒီကြားမှာ ကြာလှရင် တစ်ရက်နှစ်ရက်ပေါ့၊ ရွာတွေတော့ တွေ့နိုင်ကောင်းပါရဲ့၊ မနက်ဖြန်မနက် ကျုပ်တို့ မြေလျှင် သုံးလေးမိုင်ထွက်ပြီး ကင်းထောက်ကြည့်ရမယ်၊ လမ်းစတွေ့မှ ဆင်တွေကို ပြန်ခေါ်မယ်၊ ကောင်းရဲ့လားဗိုလ်မှူး





"အဆင်သင့်သလိုစီမံပါ အဘိုးကြီး၊ ဆင်သမားတွေရော၊ လူကူလီတွေပါ စိတ်ဓာတ်ကျစပြုနေပြီမို့ ရွာတွေ မြန်မြန်ပြန်တွေ့မှ ကောင်းမယ်၊ ဖျားတဲ့လူလဲ များနေပြီဗျ"

ကျွန်တော်တို့နှစ်ဦးသား စကားပြော၍ တိုင်ပင်၍ ကောင်းနေသလောက်၊ အမှောင်ထုကလည်း လွှမ်းခြုံ၍လာတော့သည်။ မကြာမီ မောင်ကျော်လှိုင်နှင့် ကိုဘိုးရုံတို့သည် ထမင်းချိုင့်များ၊ ပန်းကန်များနှင့် မိုးကာတဲထဲသို့ ဝင်ရောက်လာပြီး၊ ညစာအတွက် ထမင်းဟင်း ခူးခတ်၍ ကျွေးမွေးကြသည်။ ညစာဆိုရာ၌ ယခုမှ တကယ်ပင် စစ်လေတော့သည်။ အချိန်မှာ ညဥ့်ကိုးနာရီထိုးနေသောကြောင့်တည်း။ ဝမ်းထဲက များစွာဆာလောင်နေသည်နှင့် ကျွန်တော်တို့လူကြီးတစ်သိုက်သည် ပူပူနွေးနွေးထမင်းများကို မဆိုင်းမတွပင် အဝစားသောက်လိုက်ကြသည်။

"အရိုးဟန်ရေ . . . ဒီနေရာလဲ ပိုးကောင်တွေထူတယ်ဗျ၊ ဒါကြောင့် ထမင်းလာပို့တာတောင် သေနတ်တွေကို မချရဲဘူး၊ ကျုပ်တို့ ရောက်စက ဒီစခန်းချမယ့်နေရာတစ်ဝိုက်မှာ ပိုးကောင် (ကျား)ခြေရာတွေ အသစ်ကြီးတွေ များများစားစားတွေ့ရတယ်၊ ဒါကြောင့် သတိအလစ်မပေးရဲဘူး"

"အေး . . . ကူလီတွေရော၊ ဆင်သမားတွေရော၊ တို့သေနတ်သမားတွေ မှူးပြီး အိပ်ကြရမယ်၊ လက်နှိပ်ဓာတ်မီးတွေနဲ့ နဖူးစည်းမီးတွေ အရန်သင့်ထုတ်ထားကြ . . . ရဲဘော်အောင်တင်"

ဦးဘိုးဟန်သည် လက်သုတ်ပဝါနှင့် လက်တွေကို သုတ်လျက် အစီအစဉ်များ ချမှတ်ပေးနေသည့် စခန်းတစ်ဝိုက်တွင် အောက်လင်းဓာတ်မီးရော၊ လက်ဆွဲမှန်အိမ်တွေပါ စုပေါင်းထွန်းညှိထားသော အလင်းရောင်တွေကြောင့် ထိန်ထိန်လင်းလျက်ရှိသလောက်၊ အပြင်လောက၌လည်း မှောင်မည်းမည်းဝယ် မိုးတွေက သွန်မှောက်ကာ ရွာချနေပါသည်။

ဦးဘိုးဟန်နှင့် ကျွန်တော်တို့က တစ်တွဲ၊ ရဲဘော်ကျော်လှိုင်နှင့် ကိုဘိုးရုံတို့က တစ်တွဲ၊ ဦးနုနှင့် ရဲဘော်အောင်တင်က တစ်တွဲ၊ တပ်ကြပ်ကြီးသန်းထွန်းနှင့် ကိုကျော်ဒေးတို့က တစ်တွဲ၊ ရဲဘော်အောင်ထွန်းနှင့် ဦးမင်းခင်တို့က တစ်တွဲ၊ ရှိုင်ဖယ်သေနတ်တွေ အသင့်ပေးအပ်လျက် စခန်း၏ပတ်ပတ်လည် အစွန်ကျကျ မိုးကာတဲများတွင် ကုလီများ၊ ဆင်သမားများ၏ လုံခြုံရေးအတွက် လူစုခွဲကာ သွားရောက်၍ နေရာယူပြီး တစ်လှည့်စီ ကင်းတွဲလျက် အိပ်ကြရန် ပြင်ဆင်ကြရပါသည်။

လေသံမိုးသံတွေကြားမှပင် ကင်းစောင့်သူစောင့်၊ အနားယူရင်း မီးဖိုတွေကို အလယ်ဗဟိုပြု၍ စကားပြောသူပြော၊ အိပ်သူအိပ်နှင့် စခန်းတစ်ခုလုံး ဆိတ်ငြိမ်စပြုလာသည်။ ကျွန်တော်တို့သည် ခရီးပန်းလာရသည့်အထဲတွင် ဆာဆာနှင့် ဝိုက်တင်းအောင် ညစာထမင်းတွေကို အဝအပြ စားခဲ့သည်ကြောင့် လိုက်ကင်းအလှည့်မကျမီ အခွင့်အရေးအရဆုံးတွင် • ၅၇၇ နှစ်လုံးပြူးရှိုင်ဖယ်ကြီးကို ကျည်ဆန်နှစ်တောင့်အသင့်ထည့်၍ ရှိုင်ဖယ်ကြီးကို လက်လှမ်းမီရာ အနီးတွင် ထောင်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့လေသည်။ မိုးကား ရွာလျက်၊ လေကလည်း အေးလာသလောက် ကျွန်တော်တို့အဖို့ အိပ်မောအကြီးအကျယ်ကျနေတော့၏။

"ဗိုလ်မှူး . . . ဗိုလ်မှူး . . . ထပေတော့၊ ကျုပ်တို့ အလှည့်ကင်းကျနေပြီဗျ"

ဦးဘိုးဟန်၏အသံကြီးနှင့် ကျွန်တော့်အား ပုတ်ကာလှုပ်ကာနှိုးနေသည့်အတွက် အညောင်းဆန့်ကာ အပျင်းတွေကို ဖယ်ထုတ်လိုက်ပြီး အိပ်ရာမှ အတင်းအားယူ၍ ထရန်ပြင်ဆင်လိုက်ရပါသည်။ တာဝန်ကား မပျက်မကွက် မနေ့းတမ်း ထမ်းဆောင်ရပေမည်။





ထိုအခိုက်တွင် ကျွန်တော်တို့တဲ၏အရှေ့ဘက် မိုးကာတဲဆီမှ တစ်ခဲနက် ငယ်သံပါအောင် အော်ဟစ်လိုက်သည့်အသံများကြောင့် စခန်းတွင်းရှိ တဲအသီးသီး၌ ကင်းစောင့်နေကြသူများအားလုံးသည် ချက်ချင်းပင် . . .

"ဘာလဲဟေ့ . . . ဘာလဲ" ဟု အပြန်အလှန် မေးမြန်းသံတွေ ထွက်ပေါ်လာသည်။ နောက်ဆက်တွဲတွင် . . .

"အမယ်လေး . . . လုပ်ကြပါဦး၊ ကယ်ကြပါဦး"ဟူသော မြန်မာတစ်ယောက်၏အော်ဟစ်သံကြောင့် ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် နဖူးတွင် ညှိကြည့်မီးတွေ တပ်ဆင်နေရာမှ ချက်ချင်းပင် ရှိုင်ဖယ်ကိုကောက်ကာ ဆွဲလိုက်ပြီး အသံကြားရာဘက်သို့ တအား ထွက်၍ပြေးတက်ခဲ့သည်။ မကြာမီပင် ဂျပန်ဘာသာဖြင့် . . .

"ဆိုးလား . . . ဆိုးလား" (ကျား . . . ကျား)ဟူသော အလန့်တကြားအော်သံတွေနှင့်အတူ ရှိုင်ဖယ်သုံးလေးချက်ဆင့်ကာ ပစ်ခတ်သည့် အသံတွေသည် တစ်ခဲနက် ထွက်ပေါ်၍ လာပြန်တော့၏။

အမှန်ဖြစ်ရပ်ကား မစ္စတာနိုမူရတို့နှင့် ဂျပန်တဲကြီးအတွင်း၌ လယ်ယာလုပ်ကိုင်နေသူ မြန်မာလူမျိုးတစ်ယောက်ကို ကျားတွေ့ဝင်၍ ဆွဲခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် နဖူးစည်းမီးများကို ဖွင့်ကာ မစ္စတာနိုမူရတို့ မိုးကာတဲဘက်သို့ အရလု၍ ပြေးတက်ခဲ့သည်။ စခန်းတစ်ခုလုံး၌ လူတွေ၏အော်ဟစ်သံ၊ လက်နှိပ်ဓာတ်မီးရောင်တွေ တဝင်းဝင်းနှင့် ဆူဆူညံညံဖြစ်နေကြပါပြီ။

❖

## သန်းခေါင်ယံမှ အော်သံကြီး

ကျွန်တော်၏နဖူးထိပ်မှ လင်းနေသောမီးရောင်သည် မစ္စတာနီမူရတို့၏ တဲအနောက်ကျကျတစ်လျှောက်သို့ လှည့်ကာ ရှာဖွေရင်းထိုး၍ကြည့်လိုက်သည်။ ဦးဘိုးဟန်၏နဖူးစည်းမီးကလည်း မစ္စတာနီမူရတို့၏ မိုးကာတဲအရှေ့မှဖြတ်၍ ထိုးကာထိုးကာ ရှာဖွေရင်း တုရိပ်ရိပ်တက်လာပါသည်။

မကြာမီ မိုးကာတဲနှင့် ပေ ရှစ်ဆယ်ခန့်အကွာရှိ တောစပ်အကြား တောပြုတ်ကလေးတွေအကြားတွင် လက်ခနဲ ဝင်းခနဲပေါ်ထွက်လာသော ကျားကြီး၏ညှို့မျက်လုံးနှစ်လုံးကို ကျွန်တော်တို့၏နဖူးစည်းမီးရောင်အောက်တွင် အရှင်းသား တွေ့မြင်ရပါသည်။ ထိုမှတစ်ဆင့် ပထမတွေ့မြင်ရသော ကျားကြီးတစ်ကောင်၏မျက်လုံးနှစ်လုံးအပြင် ညာဘက်ခပ်ကျကျ ဝါးနွယ်များအောက်၌ အလားတူ ကျားတစ်ကောင်၏ ညှို့မျက်လုံးနှစ်လုံးနှင့်တကွ မှောက်လဲကျနေသောလူတစ်ယောက်၏ သွေးရဲရဲသဏ္ဍာန်ကို စတင်၍တွေ့မြင်သည်တွင် ကျွန်မပေါ်သည် ချက်ချင်း ရိုင်ဖယ်ကြီးကို မ,၍ ပစ်ခတ်ရန် အသင့်ချိန်လိုက်သည်။ ထိုစဉ်တွင် ကျွန်တော်၏လက်ဝဲဘက် ပေ ငါးဆယ်လောက်မှာ မာန်ဖီ၍ ကျားဟိန်းသံကြီး ထွက်ပေါ်လာသည်ကြောင့် လူကိုကိုက်ချီသော ကျားကိုပစ်ရန် ချိန်နေရာမှ ချက်ချင်းပင် ကျွန်တော်နှင့် အနီးကပ်ဆုံး အန္တရာယ်ပြုရန် အသင့်ပြင်နေသည့် မာန်ဖီနေသောကျားတစ်ကောင်ဆီသို့ ဖျတ်ခနဲလှည့်ကာ ရှာဖွေရင်း ချိန်လိုက်သည်။ လောလောဆယ်အားဖြင့် ကျွန်တော်တို့နှင့် ရင်ဆိုင်ရမည့် ရန်သူမှာ ကျားသုံးကောင်ဖြစ်နေကြောင်း သတိပြုမိ၏။





ကျွန်တော့်ဆီသို့ မြေကြီးတွင် ကပ်၍ဝပ်လျက် မျက်တောင်မခတ်တမ်း စူးစူးစိုက်စိုက်ကြည့်နေသော ကျားတစ်ကောင်ကို စတင်၍တွေ့ရှိလိုက်ရသည်တွင် ·၇၇၇ နှစ်လုံးပြူးရိုင်ဖယ်ကြီးနှင့် ကျား၏နှာရောင်ရင်းဆီသို့ တည့်တည့်မတ်မတ် ချိန်လိုက်သည်။ အစာမာန်ခုကာ ကျွန်တော့်အား ခုန်၍အုပ်ရန် အသင့်ဖြစ်နေသော ကျားကိုကျွန်တော်၏နှစ်လုံးပြူးရိုင်ဖယ်၏ ညာဘက်ပြောင်းတွင်မှ ကျည်ဆန်နှင့်ဇွေဇွေချိန်၍ ပစ်လွှတ်လိုက်သည့် သေနတ်သံကြီးအဆုံး၌ ကျားကြီးသည် တစ်ပတ်ကျွမ်းပစ်ကာ မြေပေါ်သို့စင်၍ ကျသွားပြီး ဦးခေါင်းကြီးသည် မြေသို့စိုက်၍ ချာချာလည်နေတော့၏။ ပါးစပ်ကလည်း ဟိန်းရင်းမာန်ကြီးနေသလောက် တွေ့ကရာသစ်မြစ်တွေကို ဝါးဝါးကိုက်ဆွဲနေစဉ် ကျွန်တော်၏ဘယ်ဘက်ပြောင်းတွင်းမှ ကျည်ဆန်သည် ကျားကြီး၏ လက်ပြင်တည့်တည့်သို့ ပစ်ခတ်ချလိုက်ရာတွင် ကျားကြီးသည် ဘေးတိုက်ပစ်၍ကျသွားပြီး မလှုပ်တော့ချေ။ ဤတွင် ကျွန်တော်သည် နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ခါးချိုး၍ ပစ်ပြီးသားကျည်ဆန်အခွံနှစ်ခုကို ခုန်ထွက်စေပြီး ချက်ချင်းပင် ကျည်ဆန်အသစ်နှစ်တောင့်ကို ထည့်ကာ မောင်းတင်လိုက်ပြီး ဒုတိယပစ်ကွင်းကို ရှာဖွေလိုက်သည်။

ဦးဘိုးဟန်၏နှစ်လုံးပြူးရိုင်ဖယ်သည် ဆက်တိုက်နှစ်ချက်တိတိပေါ်ထွက်လာပြီး ဝါးနွယ်ကုပ်တောတောင်၌ ကိုက်ချီသွားသောလူနှင့်အတူ ရောက်ရှိနေသော ကျားကြီးသည် ၎င်းကိုက်ချီသွားသောလူ၏အနီး၌ဝပ်လျက် အသက်ပျောက်သွားလေသည်။

"အဲဒီဘက်ကို တစ်ကောင်တက်လာလေရဲ့ ဗိုလ်မှူး"

ဦးဘိုးဟန်၏အရေးတကြီးအော်ဟစ်၍ ပြောလိုက်သောအသံကြောင့် ကျွန်တော်၏ရှေ့တစ်လျှောက်တွင် ကျွန်တော်သည် ခေါင်းကိုဝဲယာလျှောက်၍လှမ်းရင်း ကြည့်ရှုလိုက်သည်။ ကျွန်တော်၏ဦးခေါင်း

လှည့်လိုက်တိုင်း နဖူးစည်းမီးရောင်သည် အရန်သင့်လိုက်ပါလာပြီး မြက်ပင်များနှင့် ချုံကလေးများတစ်လျှောက်သို့ သိမ်းကျုံး၍ မြင်ကွင်းကောင်းတွေအဖြစ် အလင်းရောင်ထိန်ထိန်နှင့် ဖော်ပြလိုက်ပါတော့သည်။ စက္ကန့်ပိုင်းအတွင်း၌ သုံးပေခွဲခန့် ရှည်လျားသော သက်ကယ်ပင်တွေနောက်မှ လှုပ်ရှားလာသော သဏ္ဍာန်တစ်ခုကို သက်ကယ်ပင်ရှည်များ ကြားကခံနေ၍ မသဲမကွဲမြင်လိုက်ရပါသည်။ ကျားတစ်ကောင်သည် သက်ကယ်ပင်တွေကို အကာအကွယ်ယူပြီး တစ်လှမ်းချင်း ကျွန်တော်ရှိရာဘက်သို့ တရွေ့ရွေ့တက်လာသည့်အခြေအနေသာ ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်နှင့် ကိုက်ငါးဆယ်ကျော်ကျော် ကလေးသာ ဝေးနေသော သက်ကယ်ပင်တွေဆီသို့ ကျွန်တော်သည် .၅၇၇ ဗို့ နှစ်လုံးပြူးရိုင်ဖယ်ကို မှန်း၍ ချိန်လိုက်သည်။ တရွေ့ရွေ့နှင့် လှုပ်ရှားရင်း တက်လာသောသဏ္ဍာန်၏ ဦးခေါင်းပိုင်းဆီသို့ ရိုင်ဖယ်ပြောင်းဝကို လိုက်၍ချိန်လိုက်သည်။ မကြာမီ သက်ကယ်ပင် ပေါ်များ၍ အမြင့်ဆုံးသောနေရာပိုင်းသို့ တရွေ့ရွေ့တက်လာသော ကျားကြီးရှေ့ပိုင်းသည် ဘွားခနဲ ပေါ်ထွက်လာပါသည်။

လင်းနေသော မျက်လုံးကျယ်ကြီးနှစ်လုံးသည် ကျွန်တော်၏ နဖူးစည်းမီးရောင်နှင့် ဆုံမိဟတ်မိကြရာတွင် ဝင်းခနဲ လက်ခနဲ ရောင်ပြန်တွေ ပေါ်ထွက်လာသလောက်၊ ကျားကြီး၏ပါးစပ်ကြီးကလည်း အဆမတန် ပြဲလာပြီး၊ တစ်တောလုံး တုန်သွားစေသည်။ ဟိန်းသံကြီးသည် တစ်ခဲနက် ပေါ်ထွက်လာပါသည်။ ပြဲနေသော ပါးစပ်ကြီးအတွင်းသည် ကြောက်ခမန်းလိလိ ဖြူဖွေးသလောက် ချွန်ထက်တုတ်ခိုင်နေသည့် အစွယ်ကြီးလေးချောင်းနှင့်တကွ အဝါရင့်ရောင်တွင် အဖြူကွက်ကလေးနှင့် အနက်ကျားစင်းတွေ ရောနှော၍ ပေါက်ရောက်နေသော ကျားကြီး၏ ရင့်ကျက်သောမျက်နှာကြီးနှင့် ကားတက်နေသော နှုတ်ခမ်း





မွေးရှည်ကြီးများမှာလည်း မြင်ရသူအဖို့ အသည်းအူတွေ တုန်လှုပ်ချောက်ချားသွားစေပါသည်။

နှစ်လုံးပြူးရိုင်ဖယ်၏ ရှေ့ချိန်သီးအနက်ကလေးသည် ကျားကြီး၏မျက်မှောင်နှစ်ခုကြားသို့အရောက်တွင် နောက်ချိန်သီးကလည်း ရှေ့ချိန်သီးအနက်ကလေး၏ထိပ်ပိုင်းကို ညီ၍အသွားတွင် ကျွန်တော်၏ ညာဘက်လက်ညှိုးက ရိုင်ဖယ်ကြီး၏ရှေ့မောင်းကွင်းကို ဖိ၍ ညှစ်ဆွဲဆွဲကာချလိုက်သည်။

.၅၇၇ ဗို့ နှစ်လုံးပြူးရိုင်ဖယ်၏ ကျည်ဆန်တစ်တောင့်လျှင် ယမ်းအား ဂရိမ် ခုနစ်ရာငါးဆယ် အလေးချိန်နှင့် တစ်စက္ကန့်လျှင် နှစ်ထောင့်ငါးဆယ်ပေ အမြန်ဆုံးနှင့် ဝက်အူရစ်တွေကို လှည့်ပတ်၍ ပွင့်ထွက်သွားသော ကျည်ဆန်အားသည် ညဥ့်၏တိတ်ဆိတ်ခြင်းကို တစ်ခဲနက် ဖြိုခွဲလိုက်ပြီး ပါးစပ်ပြဲပြဲကြီးနှင့် မာန်သွင်းကာ ကျွန်တော်တို့အလစ်တွင် ခုန်၍အပိုင်အုပ်ရန် အကွက်ကောင်းကို စောင့်နေသော ကျားကြီးသည် မီးရထားခေါင်းတွဲကြီးနှင့် အရှိန်ပြင်းပြင်း အတိုက်ခံလိုက်ရသလို နောက်သို့ လွင့်စင်ပြီး၊ တစ်ဖန် ရှေ့သို့ ယိမ်း၍စိုက်၍ ကျသွားပါသည်။ ဒုတိယပစ်ခတ်ရန်အတွက် အကွက်ကို ကျွန်တော်သည် စောင့်နေသော်လည်း ပစ်ခတ်ခွင့်ကား မကြုံတော့ပါ။ အကြောင်းမှာ ကျားကြီးသည် ရှေ့လက်နှစ်ဘက်ပေါ်သို့ ဝပ်ဆင်းကာ ခေါင်းငိုက်စိုက်ကျရင်း အသက်ပျောက်၍ ငြိမ်သက်သွားသောကြောင့်တည်း။

"လာကြဟေ့ . . . လူနာကို လာယူလှည့်ကြကွ၊ ရဲရဲသာ တက်ခဲ့ကြ"

ဦးဘိုးဟန်က နောက်သို့လှည့်ကာ ဟစ်၍ခေါ်ယူလိုက်သည်။

လက်နှိပ်ဓာတ်မီးရောင်တွေ တဝင်းဝင်းနှင့်လည်းကောင်း၊ လက်ဆွဲမှန်အိမ်တွေ အစီအရီနှင့် ရဲဘော်ကျော်လှိုင်နှင့် ကိုဘိုးရဲတို့

ဦးဆောင်၍ ဆင်သမားတွေ၊ ကူလီတွေက အအုပ်အသင်းဖွဲ့ကာ ကျွန်တော်တို့နောက်မှ ဆိုက်ရောက်လာကြပြီး၊ သွေးရဲရဲနှင့် ကျားချီသွားသောလူဆီသို့ ဝိုင်းအုံကာ သွားရောက်ကြသည်။

"အသက်တော့ ငွေ့ငွေ့ရှိသေးတယ်၊ သတိသာမရတာ"

ကိုဘိုးရဲသည် ကျားကိုက်ခံရသော လူနာ၏ရင်ဘတ်ကို နားနှင့်ကပ်၍ထောင်ရင်း ပြောလိုက်ပြီး၊ ဝိုင်းအုံ၍ပွေ့ချီကာ မိုးကာတဲဆီသို့ ယူဆောင်သွားကြပါသည်။

"ကျွန်တဲ့လူတွေ တောကောင်ကြီးတွေကို တစ်ခါတည်း ယူခဲ့ကြဗျာ . . . ၊ ၎င်းတို့လုပ်ပုံကြောင့် စခန်းကလူတွေအားလုံး ဘယ်သူမှ အိပ်ပျော်မှာမဟုတ်ဘူး"

ဦးဘိုးဟန်သည် ကူလီနှင့် ဆင်သမားတွေကို ကျားသေကြီးသုံးကောင်ကို ထမ်းပိုး၍ မိုးကာတဲအတွင်းသို့ သယ်ယူခိုင်းလိုက်ပါသည်။

ကျွန်တော် ပထမဦးစွာပစ်လိုက်သော ကျား၌ မစ္စတာနိုမူရနှင့် ဝိုလ်မှူးနာဂစူးတို့ ဂျပန်ရိုင်ဖယ်နှင့် ပစ်ခတ်လိုက်သည့် သေနတ်ဒဏ်ရာနှစ်ချက်ကို တွေ့ရသည်။ အနာနှင့် ဒဏ်ရာ ရရှိခဲ့သော ကျားသည် ကျွန်တော့်အား မာန်နှင့်ဖိ၍မကိုက်မီ ကျွန်တော်က လက်ဦး၍ပစ်သတ်ခွင့်ရသည်မှာ ကံကောင်းလှတော့သည်။ သို့မဟုတ် ကျားနာခံမိလျှင် ကျားနာအကိုက်ခံရလျှင် မည်သည့်အဖို့မဆို အသက်ပျောက် အသက်ဆုံးရှုံးရစမြဲ ဖြစ်ပါသည်။

မေဂျာနာဂစူးသည် ဂျပန်ရိုင်ဖယ်တစ်လက်ကို ကိုင်လျက် -

"ကျွန်တော်ပစ်တာ လွဲတောင်မလွဲဘူး ဝိုလ်မှူးကြီး၊ ထမင်းချက်တဲ့လူကို မိုးကာတဲအဝက ရုတ်တရက် ဝင်ပြီးကိုက်ကိုက်ချင်း ကျွန်တော်မြင်လို့ ရိုင်ဖယ်နဲ့ တစ်ချက်ပစ်လိုက်ပါတယ်၊ မှန်မှပဲ အဲဒီ လူကို မလွှတ်ဘဲ အတင်းလည်ကုပ်က ချီသွားပါတယ်၊ အဲဒီတုန်းမှာ





နိုမူရစ် ရိုင်ဖယ်နဲ့ တစ်ချက်ထပ်ပြီး ပစ်လိုက်ပါတယ်၊ လူကိုတော့ မချတော့ဘဲ အတင်းဆွဲယူသွားတော့တာပါပဲ"

တုန်လှုပ်သည့်မျက်နှာဖြင့် မေဂျာနာဂစူးသည် ဇာတ်ကြောင်းကို ပြန်လှန်၍ပြောဆိုကာ အရက်တစ်ခွက်ကို မြန်မြန်ငုံ၍သောက်ချလိုက်ပါသည်။

မစ္စတာနိုမူရ၏ဘေးဘက်၌ တတ်ကျွမ်းသူ ဂျပန်တပ်ကြပ်ကြီးသည် ကျားကိုက်ချီသွားသော ထမင်းချက် မောင်မွေးအား ဆေးတစ်လုံးပြီးတစ်လုံးထိုးလျက်၊ ဒဏ်ရာများကို အဆိပ်ဖြေဆေးရည်များဖြင့် သုတ်လိမ်းကာ တစ်ညလုံး ကုသနေပါသည်။ စခန်းရှိ လူအားလုံးမှာ မည်သူမျှမအိပ်ကြတော့ဘဲ လက်ဖက်ရည်ကြမ်းတွေ တစ်အိုးပြီးတစ်အိုးတည်၍ အသားခြောက်များကို ကြော်လှော်၍ အမြည်းလုပ်လျက် ဝိုင်းဖွဲ့ကာ စကားတွေ တစ်ယောက်တစ်ခွန်းပြောရင်း မိုးစင်စင်လင်းအောင် အချိန်ဖြုန်းနေကြပါသည်။ မနက်လင်းရောင်ခြည်တွေပေါ်သည်နှင့်တစ်ပြိုင်နက်တည်း ခရီးထွက်ရန် အားလုံးပြင်ဆင်ကြပါသည်။ ကျားကိုက်ခံရသူ မောင်မွေးမှာ သတိရသော်လည်း ဒဏ်ရာပြင်းထန်လွန်း၍ စကားမေး ကောင်းစွာမရသေးပါ။

မိုးကလည်း စဲ၍သွားပါသည်။ သို့ရာတွင် ကိုးရပ်လုံး မှုန်လှိုင်းလျက် မိုးသားတွေအပြည့်နှင့် မာန်တင်းကာရှိနေပါသည်။

ဦးဘိုးဟန်နှင့် ကိုဘိုးရဲတို့လူသိုက်သည် လမ်းရှာရန် စခန်းမှ ထွက်ခွာသွားခဲ့ရာ နှစ်နာရီတင်းတင်း ပြည့်ခဲ့လေပြီ။ ဆင်တွေပေါ်၌ ပစ္စည်းတွေ အသစ်တင်ကာ စတင်ခရီးထွက်ဖို့အရေး ကျွန်တော်နှင့် မစ္စတာနိုမူရတို့လူသိုက်သည် အဆင်သင့်စောင့်နေခဲ့ကြပြီ။

"အားကြီးကြောက်စရာကောင်းတဲ့ တောနယ်မြေပါ ဝိုလ်မှူးကြီး၊ ကျွန်တော်တော့ အယူသီးတာလဲမဟုတ်ဘူး၊ မြွေကြီးနှစ်ကောင်

သတ်ပြီးကတည်းက ကျွန်တော်တို့ ကံဆိုးမိုးမှောင်ကျရောက်လာတယ် ထင်မိတယ်ခင်ဗျ"

မစ္စတာနိုမူရသည် အမှတ်မထင် ကျွန်တော့်အား ပြောလိုက်ရာတွင် . . .

"မဟုတ်ပါဘူး နိုမူရစံ၊ တိုက်ဆိုင်လို့ဖြစ်တာပါ၊ မြွေကြီးနှစ်ကောင်ကလဲ မျိုးရိုးမြွေပါ၊ နတ်မြွေမဟုတ်ပါဘူး၊ ပြီးတော့လဲ ကျွန်တော်တို့လူတွေကို မြွေကြီးက ကိုက်သတ်လို့ ကျွန်တော်တို့ ခုခံပစ်ခတ်ခဲ့ရပါတယ်၊ ကျွန်တော်တို့က စတင်စော်ကားကျူးကျော်တဲ့ လူဆိုးတွေ မဟုတ်ပါဘူး"

"အေးဗျာ . . . လက်အောက်ကလူတွေပါ စိတ်ဓာတ်ထိခိုက် ကျဆင်းရုံမကဘဲ ကျုပ်တို့လူကြီးတွေပါ ထိခိုက်လာတယ်၊ ညဥ့်အိပ်ရင် စိတ်တထင့်ထင့်နဲ့နေရတာဟာ တစ်မျိုးဒုက္ခချည့်ပဲ"

ထိုအခိုက်တွင် မေဂျာနာစူးသည် . . .

"ဟောဟိုမှာ . . . ဦးလေးတို့ ပြန်လာကြပြီ၊ လမ်းတော့ တွေ့ကောင်းပါရဲ့ခင်ဗျာ"

ဦးဘိုးဟန်တို့လမ်းရှာသောလူသိုက် ပြန်လာသည်ကို တွေ့ရ၍ မေဂျာနာစူးသည် အရေးတကြီးပြောဆိုခြင်း ဖြစ်ပါသည်။

လမ်းစတော့ တွေ့ပြီဗျို့ . . . ဘယ်ရွာတော့ ပေါက်မှန်း ရောက်မှန်းမသိဘူး။ သုံးမိုင်လောက်ဝေးတဲ့နေရာမှာ စတင်ပြီးတွေ့တယ်၊ လာကြ . . . ဒီလမ်းအတိုင်း လိုက်ကြမယ်၊ လမ်းဆုံး ရွာတော့ တွေ့ ကောင်းပါရဲ့ဗျာ"

"ချီတက်ကြမယ်၊ အသင့်ပြင်"ဟု ကျွန်တော်သည် အမိန့် ပေးလိုက်သည်။





ကျွန်တော်တို့လူကြီးတစ်သိုက်သာမက ကုလီများ၊ ဆင်သမားများပါ မနေ့ညက စခန်းချခဲ့သော နေရာဟောင်းကို အမိပ္ပာယ်ရှိရှိ အကြည့်တွေနှင့်ကြည့်ကာ ခပ်သုတ်သုတ်ချီတက်ခဲ့သည်။

❖

# လူသံတွေနှင့် လမ်းစ

"ဘယ့်နှဲ့လဲဗျို့ . . . လမ်းကတော့ လမ်းအစစ်ပဲ၊ လိုက်ကြမလား"

ဦးဘိုးဟန်သည် အရှေ့သို့ စူးစူးတန်းနေသော ခြောက်ပေလမ်းဟောင်းတစ်ခုပေါ်သို့ ခြေစုံရပ်၍ ကျွန်တော့်ကို မေးလိုက်သည်။

ခြောက်မိုင်ခန့် ခရီးရောက်ခဲ့သော်လည်း ခြောက်ပေလမ်းမကြီးသည် မဆုံးတန်း အရှေ့တည့်တည့်သို့ ညွှန်ပြနေသည်။ တောကလည်း ထူထပ်မြဲထူထပ်လျက်၊ တစ်ချိတစ်ချီ လမ်းကို တောနိုပ်တွေက ဖုံးကာနေတော့သည်။

"ဟုတ်ပ့ါမလားဗျို့ . . . ကျုပ်တို့ စွတ်လိုက်ခဲ့တဲ့လမ်း"

ဦးဘိုးဟန်သည် ရယ်ရယ်မောမောနှင့် မေးလိုက်သည်ကြောင့်

"လိုက်သာလိုက်ပါဗျာ . . . လမ်းဆုံးရင် ရွာတွေ့မှာပေါ့"

"ရွာတွေ့ရင်တော့ ကောင်းပါရဲ့ဗျာ၊ တောင်ကြီးကမ်းကြီး ဆီးပြီးခံနေမှာစိုးလို့ပါ"

ခရီးစတင်ထွက်ခဲ့သည်တွင် သုံးမိုင်ခန့် ထပ်မံ၍ ခရီးပေါက်ရောက်ခဲ့ပြန်သည်တွင် . . .

နောက်ပိုင်းဆီက ဝေါခနဲ ဝေါခနဲ တောတိုးသံများ ထွက်ပေါ်လာသည်ကြောင့် နှစ်ယောက်သား အရေးတကြီးနှင့် နောက်ပိုင်းဆီသို့

အမြန်ဆုံးလှည့်ကာ ကြည့်လိုက်သည်။ ဆင်တစ်ကောင်၏ အလန့်တကြား အော်ဟစ်သံအဆုံးတွင် ဗိုင်းခနဲ၊ ဗိုင်းခနဲ နှစ်ချက်ဟိတ်ဆင့်ကာ ပစ်ခတ်လိုက်သော ရိုင်ဖယ်သံများသည် တောလုံးကို မွှေတင်ထပ်၍ ပေါ်ထွက်လာပါသည်။ မကြာမတင်ကာလတွင် ကျွန်တော်နှင့် ဦးဘိုးဟန်တို့နှစ်ယောက်သားသည် သေနတ်သံထွက်ပေါ်ရာဒေသသို့ အမြန်ဆုံး ရောက်ရှိခဲ့ကြသည်။

ကိုဘိုးရှုံနှင့် ရဲဘော်ကျော်လှိုင်တို့၏အသံများသည် လမ်းဘေးလျှိုစဆီမှ ပေါ်ထွက်၍လာတော့၏။

"ဘာလဲဟေ့ . . . ဘာဖြစ်တာလဲကွ၊ ပစ်တာခတ်တာတွေ"

"ပြောင်ထီးခေါင်းကြီးဗျာ၊ သူ့ဘာသာ ဟောဟိုလမ်းတစ်ဖက်က ထွက်ပြီး၊ ဆင်အုပ်ထဲဝင်ခတ်လို့ ကိုဘိုးရှုံတို့ ပစ်ခတ်ထည့်လိုက်တာ ချောက်ထဲကျသွားလေရဲ့ ဆရာဟန်"

ဆင်သမားတစ်ဦးသည် ဝိုင်းအုံကာ ချောက်ထိပ်တွင် ရှုပြုံနေသော ပရိသတ်ထဲမှ ထကာ ဦးဆောင်၍ပြောလိုက်သည်။

"တွေ့ပြီဗျို့ . . . တွေ့ပြီ၊ ပြောင်ကြီး ကိစ္စချောနေပြီ"

ကိုဘိုးရှုံ၏အသံသည် ဟိန်း၍ ချောက်ဦးတိုကလေးအတွင်းမှ ပေါ်ထွက်လာပါသည်။

"လာဗျ . . . သူတို့ ဒီအလုပ်တွေလုပ်နေတုန်း ကျုပ်နဲ့ ဗိုလ်မှူးဒီနားတစ်ဝိုက် လူရိပ်လူစကလေးတွေ ရှာကြရအောင်၊ ခဏနေကြဦး၊ တို့ မပြန်မလာမချင်း မင်းတို့ ဘယ်မှမရွေ့နဲ့၊ ကြားရဲ့လား . . . ရဲဘော်ကျော်လှိုင်"

"စိတ်ချပါ ဦးလေး၊ ခင်ဗျားလူတွေ ပြောင်ကြီးတစ်ကောင်လုံးရနေပြီဟာ၊ ပြောင်သားတွေကိစ္စ မပြီးမချင်း နည်းနည်းကလေးမှ ရွေ့မှာမဟုတ်ပါဘူးဗျာ"





"ခေါင် . . . ခေါင် . . . ခေါင် . . . ဗုံး"

ဟူသော အသံများသည် ကျွန်တော်တို့ နှစ်ဖာလုံခန့်က ထွက်ပေါ်၍လာသဖြင့် ဦးဘိုးဟန်သည် နားစွင့်ကာထောင်လိုက်ပြီး . . .

"ဟော့ . . . သစ်ခုတ်တဲ့အသံတွေက သစ်ပင်တစ်ပင် လှဲချသွားပုံပဲ၊ လူစတော့ တွေ့ရမယ်ကွာ"

ဝမ်းသာအားရနှင့် ပြောလိုက်သည်။

ငါးမိနစ်ခန့်အကြာတွင် ကျွန်တော် ရှေ့ ပေ တစ်ရာခန့်တွင် သစ်ခုတ်နေသော ရွာသားနှစ်ဦးကို တွေ့ပါသည်။ ကျွန်တော်တို့အဖွဲ့ဝင်များသည် တပ်ဖြန့်ကာ လူစုခွဲ၍ ထိုလူနှစ်ယောက်ရှိရာသို့ ပန်း၍ဝိုင်း၍ တက်ခဲ့သည်။ အနားကပ်မိမှ ဦးဘိုးဟန်သည် . . .

"ခဏကျို့ . . . ကျုပ်လူများ . . ."

ဟု ခပ်ချိုချိုနှင့် အသံပြုလိုက်သည်တွင် သစ်ပင်အရင်းသို့ ပေါက်ဆိန်တစ်လက်နှင့် စုံကိုင်ကာ ပေါက်နေသော လူနှစ်ယောက်သည် 'ဟာခနဲ' ချောက်ကမ်းပါးစပ်မှ ယောင်၍ထွက်လာပြီး ချက်ချင်း ပေါက်ဆိန်နှင့် ဓားမကို ချကာ၊ ပြေးမိပြေးရာပြေးရန် ခြေဦး စတင်လိုက်သည်တွင် . . .

"ဟေ့ . . . ဘာလို့ပြေးရမလဲ၊ မင်းတို့ကို ဖမ်းဖို့မဟုတ်ဘူးကွ၊ နေစမ်း . . . ငြိမ်ငြိမ် . . ."

ဦးဘိုးဟန်သည် ဝေါက်၍ရပ်နိုင်းလိုက်သည်။ သစ်ခိုးနေသော လူနှစ်ယောက်သည် ပါးစပ်အဟောင်းသားနှင့်ကြည့်ကာ စကားတစ်ခွန်းမှ မပြောနိုင်ကြချေ။

"ငါ့လူများ . . . မင်းတို့ ဘယ်ရွာကလဲ"

"ကျွန်တော်တို့ သရက်ခြံကပါ တောအုပ်ကြီး"

"ရွာမေးတာကွ၊ သရက်ခြံဆိုတာ တို့ မကြားဖူးဘူးကွ၊ မှန်တာ ပြောကြ၊ မင်းတို့ကို မဖမ်းဘူး"

"မှန်ပါတယ် ဆရာကြီး၊ သရက်ခြံကပါ၊ ရွာကတော့ ဥသျှစ်ကုန်းကပါခင်ဗျာ၊ ဒီက ရှစ်မိုင်လောက်ဝေးပါတယ်"

"မင်းတို့ ဥသျှစ်ကုန်းကလား"

အံ့ဩသောမျက်နှာနှင့် ဦးဘိုးဟန်သည် စုတ်တစ်ချပ်သပ်ရင်း

"ကျုပ်တို့ အကြီးအကျယ်လမ်းမှားလာကြတာပဲ၊ ဥသျှစ်ကုန်းဟာ ဖျဉ်းမနားမြို့နယ်မဟုတ်ဘူးဗျ၊ တပ်ကုန်းနယ်ရောက်နေပြီ"

တဟားဟားရယ်ရင်း ဆင်အုပ် ကိုကျော်အေးသည် . . .

"ဖြစ်သမျှ အကြောင်းပဲ၊ ဆရာဟန် ဦးဆောင်ပြီးသွားတာက ဘုရားတော်ရွာ၊ ရောက်ခါနီးတာက ဥသျှစ်ကုန်း။ ကောင်းရော . . . တော်ရော့ပေါ့ဗျာ"

"လာကြ . . . မင်းတို့ တို့ကို လမ်းပြ၊ မင်းတို့ကို တစ်နေ့ သုံးကျပ်ပေးမယ်၊ သရက်ခြံက ဘာလဲကွ"

"သရက်ခြံဆိုတာက လယ်ကွင်းနာမည်ပါ ဆရာကြီး၊ တဲစုကလေးပါ၊ အိမ်ရှိပါတယ်၊ ကျွန်တော်များလဲ အစားရကျပ်တည်းလွန်းလို့ သစ်ခုတ်မိပါတယ် ဆရာကြီး"

"ကိစ္စမရှိပါဘူးကွာ . . . ဒီကိစ္စ မေ့ပစ်လိုက်စမ်း၊ မင်းတို့ကို ဖမ်းရအောင် တမင်တကာ ဒီဘက်ဆင်းလာတာ မဟုတ်ဘူးကွ၊ တို့ မျက်စိလည်ပြီး လမ်းမှားလာလို့ မင်းတို့နှစ်ယောက်ကို လမ်းပြခိုင်းရတာကွ၊ တို့ ဆင်တွေပါသေးတယ်၊ မင်းတို့တဲစုက လူတွေ ပြောင်သား ဝဝ ကျွေးရမယ်၊ ပြောင်တစ်ကောင်ကို ခုတင်ကပဲ ပစ်ခတ်ခဲ့သေးတယ်၊ သေနတ်သံ မင်းတို့ မကြားဘူးလားကွ"





"ဟော့ . . . သာဘော။ ငါမပြောလား၊ ခုတင်က ဒိန်းဒိန်းဆိုတာ သေနတ်သံပါလို့၊ ကိုင်း . . . ဘယ့်နှယ့်ရှိစ"

အသက် သုံးဆယ်ခန့်လူရွယ်သည် . . .

"မှန်တာပေါ့ မွန်းညီအောင်၊ ခါတိုင်း ဒီဘက် နိုးမကြောပေါ် မှာ လူအားကြီးပြတ်နေတော့ ရုတ်တရက် သေနတ်သံ မထင်မိဘူး၊ ဝါးမီးပေါက်သံပဲ ထင်မိတယ်ခင်ဗျ၊ စိတ်ချပါ . . . မင်းဘုရားတို့ကို လမ်းကောင်းကောင်းပြပါ့မယ်၊ ကျွန်တော်မျိုးတို့အပြစ်ပဲ"

"ခက်ပါဘိ ငါ့လူတွေရာ . . . မင်းတွေ ဘုရားတွေ လုပ်မနေနဲ့ ကွာ၊ တို့က မင်းတို့လိုလူသားတွေပဲ၊ ဘာမှကြောက်မနေနဲ့၊ လာ . . . သွားကြမယ်၊ တို့ကျန်ရစ်ခဲ့တဲ့ ဆင်တွေဆီကို"

ဦးဘိုးဟန်သည် နဖူးက ချွေးပေါက်များကို မျက်နှာသုတ်ပဝါနှင့် သုတ်ချရင်း ပြောဆိုလိုက်သည်။

သစ်ခုတ်သမားခေါ်ခေါ်၊ သစ်ခိုးသမားခေါ်ခေါ် သရက်ခြံတဲစုမှ လူနှစ်ယောက်၏ လမ်းပြခေါင်းဆောင်ခဲ့ခြင်းကြောင့် ညနေခြောက်နာရီကျော်ကျော်ခန့်တွင် သရက်ခြံတဲစုသို့ ချီတက်ရေးအဖွဲ့သားများအားလုံး ဆိုက်ရောက်ခဲ့သည်။ သရက်ခြံတဲစုမှ ချွေးဟောင်းသံတွေသည် ဆူညံစွာဖြင့်။ တစ်လနီးပါး တောကြီးမျက်မည်းထဲ၌ နေထိုင်ခဲ့ရပြီး ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ခဲ့ရသော ကျွန်တော်တို့ ချီတက်ရေးအဖွဲ့ဝင်များကို ခရီးဦးကြိုဆိုပြုကြပါသည်။ ထိုသရက်ခြံတဲကုန်းမှ သုံးမိုင်ခန့်အကွာတွင် တပ်ကုန်းမြို့နယ်၏ အနောက်ဘက် ကျေးရွာအစွန် ဥသျှစ်ကုန်းရွာကြီး ဖြစ်၍၊ ဥသျှစ်ကုန်းရွာမှတစ်ဆင့် အရှေ့ဘက် လိုက်ခဲ့လျှင် သဖန်းချောင်းရွာ၊ ဇိုင်ကျယ်ရွာ၊ မြောက်ခိုက်ရွာ၊ ကွေ့ကြီးရွာ၊ အင်ပင်ရွာ၊ နောက်ဆုံး တပ်ကုန်းသို့ ခရီးလမ်းပန်းကား ဖြူ၍နေသည်။

မို့မောက်နေသောတောင်တန်းကြီးများ ရှည်လျားစွာ ကျွန်တော်တို့ ပစ်ခတ်ခဲ့ရသော ငန်းဦးကွက်မြွေကြီးတွေကဲ့သို့ မလှုပ်မယှက် တန်းနေသော ပဲခူးရိုးမနယ်ပယ် ညှိသန်းသန်း စိမ်းဖန့်ဖန့်သဏ္ဍာန်ကြီးကို လည်းကောင်း၊ အရစ်အရစ် အစီအရီ ဖိလာပြုနေသော တောနွယ်နှင့် တောင် ငြိုင်ဆိုင်လျက် ကျွန်တော်တို့သည် တစ်သက်တာတိုင် မမေ့တန်းသော ဒုက္ခနယ်ပယ်ကြီးများအဖြစ်နှင့် အသည်းတွင် ထာဝစဉ်စာတွေရေးကာ မှတ်တမ်းတင်၍ထားလိုက်ကြပါပြီ။ မစ္စတာနိုမူရ၏ မျက်လုံးများသည်လည်းကောင်း၊ မေဂျာနာဆူး၏ မျက်လုံးများသည် လည်းကောင်း စိုစွတ်၍ ဝမ်းနည်းရိပ်တွေသန်းကာ သူတို့၏လက်အောက်ငယ်သား တပ်ကြပ်ကလေး လိုဘာချရှိနှင့် ရန်ဘီစံတို့၏ ခန္ဓာနှင့် ဝိညာဉ်ကို စတေးခံခဲ့ရပုံကို သတိရ၍ အောက်မေ့၍ မျက်ရည်တွေစို့နေကြသည်ဟု ကျွန်တော်သည် အမှတ်မထင် တွေ့မြင်မိပါသည်။

ကျွန်တော်တို့၏ အသက်ဘေးရန်ပေါင်းစုံမှ ကယ်တင်လိုက်သော အချက်ကောင်းများကား ကြိုတင်၍တွက်ဆနိုင်ခြင်း၊ သားကောင်တို့၏ သဘာဝအခြေအနေကို သိကျွမ်းလာခြင်း၊ တောတောင်ကျွမ်းကျင်ခြင်း အစရှိသည့် မုဆိုးတို့၏ သိအပ်တတ်အပ်သော ပညာပိုင်းများအပြင်၊ ဥရောပ သေနတ်လက်နက်သမားတို့၏ ကျွမ်းကျင်တတ်မြောက်သော လက်ရာကောင်းများမှာ အမဲပစ် ဆင်ပစ်သေနတ်ကြီးများ၏ စွမ်းအားပင် ဖြစ်ပါတော့သည်။

သားကောင်ကြီးများ၏ ပါးစပ်ပြဲပြဲ၊ အစွယ်ဖွေးဖွေး၊ ဒေါသတကြီးနှင့် ဟိန်းသံ၊ မျက်လုံးပြူးပြူး၊ မာန်သွင်းနေသည့် သဏ္ဍာန်တွေကို တွေ့မြင်ရသည့်အခါ၌ ကျွန်တော်တို့ချီတက်ရေးအဖွဲ့ဝင်များ၏ အထင်ကြီးလှသော ပဲခူးရိုးမမြောက်ဆွယ်၊ ဝါးလှိုင်ချောင်းများဒေသတွင် စစ်တလင်းအဖြစ် သတ်မှတ်၍ ဆင်အုပ်၊ ကျွဲအုပ်သာမက အဆိပ်





ပြင်းထန်လှသော တန်ခိုးအာနုဘော်ကြီးမားသည့် ငန်းဦးကွက်ကြီးများကို ရင်ဆိုင်ပစ်ခတ် သုတ်သင်ခဲ့ရပုံများကို အရိပ်သွင်တရေးရေး ပြန်လည်၍ ထင်မြင်လာပါတော့သည်။

မှုးတုံးအရက်ကို ကြောက်ပြီး၊ အမူးမြေရာ၌ အရက်ပုလင်း၊ ထန်းရည်အိုးကို တစ်ဖန် မျှော်မှန်းကြည့်တတ်သော အရွဲ့သမား၊ အမူးသမားကဲ့သို့ လည်းကောင်း၊ ဆိုင်းသံကြားလျှင် နေရာမရွေး လက်ဝှေ့ရေပြချင်သော လက်ဝှေ့ကျော် လက်ဟောင်းကြီးများ၏ ဘဝကဲ့သို့တစ်ဖုံ၊ ကျွန်တော်နှင့် ဦးဘိုးဟန်၊ ကိုဘိုးရုံတို့၏ စစ်သားတစ်ပိုင်း၊ မုဆိုးတစ်ပိုင်း ဘဝကြမ်းသမားများအဖို့၌ကား သံသရာဆိုသောစကားကို လက်တွေ့ခံစားကျင့်သုံးကာ "အနာပျောက် တစ်ခေါက်လာ"ဆိုသည့် စကားပုံအတိုင်း တစ်ချို့ အမဲကြီးပစ်သော လက်ရာမှ ပင်ပန်း၍ အနားယူပြီးနောင်အကွက်ပေါ် တိုင်း အခွင့်ကြုံတိုင်း ၊တောတောင်ကန္တာရထဲသို့ ဆုံလည်နွားကဲ့သို့ တဝဲလည်လည် တနုံ့နုံ့နှင့် ကိုယ်တွေ့ကိုထမ်းကာ ခရီးကြမ်းနှင်နေရသည့် "မုဆိုးသံသရာ"ကို စဉ်းစားမိတိုင်း ဝမ်းနည်းရမလို၊ ဝမ်းသာရမလို မဝေခွဲနိုင်သော ဝေဒနာကို ခံစားနေမိပါတော့သတည်း။

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)